# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၇)ရက် ၊ သောကြာနေ့ ၊ (4-9-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၂၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ဒုတိယသမ္မတ ဦးညိုစောရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပသည့် ၁၁ ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်မိန့်ခွန်းပြောကြား



**ဗလာဒီဗော့စတော့ စက်တင်ဘာ ၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးညိုစောသည် ယနေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့ ရုရှားအရှေ့ဖျားဖက်ဒရယ်တက္ကသိုလ်နယ်မြေရှိ အဆောက်အအုံ၌ ကျင်းပသည့် ၁၁ ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်မျက်နှာစုံညီအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားတွင် Moderator အဖြစ် RBC TV Channel မှ ကီရီးလ်တာကာရက်ဗ်က ဆောင်ရွက်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၊ အင်ဒိုနီးရှားနိုင်ငံ သမ္မတ မစ္စတာပရာဘိုဝို ဆူဘီယန်တို၊ မွန်ဂိုလီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အူချရယ် ညမ်းအိုဆာရ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ တင်းရွှယ်ရှန်နှင့် ဒုတိယသမ္မတ ဦးညိုစောတို့က

စာမျက်နှာ ၁၈ ကော်လံ ၁

ဒုတိယသမ္မတ ဦးညိုစော ၁၁ ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်မျက်နှာစုံညီအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

# ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုတားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာမိုင်(၁၁/၆)နှင့် (၁၁/၇)ကြား နေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည်တိုက်စားမှုဖြစ်ပေါ်ခဲ့သည့်နေရာကို တာမိုင်(၁၁/၅)နှင့် (၁၁/၆)ကြား ယာယီပန်းတာတည်ဆောက်ခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊မြစ်ကမ်းပါးရေတိုက်စားမှုဒဏ်ကာကွယ်ရန်နှင့် ကမ်းပါးမြေမပြိုကျစေရန် ထိန်းသိမ်းခြင်းလုပ်ငန်းဖြစ်သည့် ဝါးကရစ်ကွက်ရိုက်ခြင်းလုပ်ငန်းများကို

စာမျက်နှာ ၂၀ ကော်လံ ၁



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက တာကိုယ်ထည်တိုက်စားမှုတားဆီးကာကွယ်ရေးဆောင်ရွက်ပေးစဉ်။

# ပြည်-ပုဂံရထားလမ်းပိုင်းရှိ ရန်ပယ်ချောင်းတံတား ပြုပြင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၃**

တောင်တွင်းကြီးမြို့နယ် ပြည်-အောင်လံ-ဆတ်သွား-ပုဂံရထားလမ်းပိုင်း ဝက္ကသေးနှင့် ဆတ်သွားဘူတာကြား



အရှည်ပေ ၄၀၀ ရှိ ကြိုတင်အားဖြည့်သံကူကွန်ကရစ်တံတားအမှတ်(၃၄၃) ရန်ပယ်ချောင်းတံတားကို ပို့ဆောင်ရေးဝန်ကြီးဌာနက ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရန်ပယ်ချောင်းကူးရထားလမ်းတံတား၏နိမ့်ကျနေသော ရေလယ်တိုင် အမှတ်(၂)နှင့် (၃)တို့ကို Rerailing Equipment (စက်ဂျိုင့်)များနှင့် မတင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ လုပ်ငန်းခွင်အတွင်း ရေများစီးဆင်းမှုမရှိစေရေး ရေကာတန်းများပြုလုပ်၍ ရေလမ်းကြောင်းပြောင်းကာ စက်ယန္တရားများဖြင့်


စာမျက်နှာ ၁၉ ကော်လံ ၁

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၃**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊

စာမျက်နှာ ၂၀ ကော်လံ ၄



ရတနာပုံ
၂၀၂၆ ခုနှစ် စက်တင်ဘာ ၄ ရက်
အယ်ဒီတာ့အာဘော်

## အနုသုခုမပညာရပ်များမှတစ်ဆင့် မျိုးချစ်စိတ်ဓာတ်များပွင့်လန်းလာစေရေး

အမျိုးသားယဉ်ကျေးမှုသည် နိုင်ငံတစ်နိုင်ငံအတွက် တိုင်းရင်းသားလူမျိုးများ တန်ဖိုးထားထိန်းသိမ်းရမည့် ဘိုးဘွားအမွေအနှစ်ဖြစ်သည်။ မြန်မာ့သုခုမအနုပညာရပ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံတော်၏ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းပင်ဖြစ်သည်။ ထိုသို့ ထိန်းသိမ်းစောင့်ရှောက်ရာတွင် တပ်မတော်သည်လည်း နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသကဲ့သို့ မြန်မာတို့၏ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် မြန်မာ့ရိုးရာအနုပညာရပ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိပေသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များမတိမ်ကော၊ မပပျောက်စေရန်နှင့် မျိုးချစ်စိတ်၊ ဇာတိသွေး၊ ဇာတိမာန်များရှင်သန်ထက်မြက်စေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခဲ့သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ ၁၉ ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲများအတွက် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၁ ရက်တွင် နေပြည်တော်စစ်ကြောရေးနှင့်တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်၍ အကောင်းဆုံး တံခွန်စိုက်ဒိုင်းဆုရရှိသည့် အမှတ်(၂)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲကို တံခွန်စိုက်ဒိုင်းဆုပေးအပ်ချီးမြှင့်ခဲ့သည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲများကို မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များကို မတိမ်ကော၊ မပပျောက်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန်၊ အနုသုခုမပညာရပ်များမှတစ်ဆင့် နိုင်ငံသားတိုင်း၏ နှလုံးသား၌ ဇာတိသွေး၊ ဇာတိမာန်များကို အရင်းခံသည့် မျိုးချစ်စိတ်ဓာတ်များပွင့်လန်းရှင်သန်စေရန်နှင့် မိမိတို့၏တပ်ဖွဲ့များ၏ အနုပညာအရည်အသွေးများမှန်မှန်ကန်ကန်တိုးတက်ဖြစ်ထွန်းလာအောင် ဝါရင့်၊ သမ္ဘာရင့်အနုပညာရှင်၊ အတတ်ပညာရှင်ကြီးများထံမှ စစ်မှန်သည့်အနုပညာအမွေအနှစ်များကို မျိုးဆက်သစ်ပညာရှင်များလက်ဆင့်ကမ်းထိန်းသိမ်းနိုင်စေရန် ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီအနုပညာရှင်အဖွဲ့များနှင့် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများမှ စစ်သည်၊ စစ်သမီးများဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပေသည်။

ယခုနှစ် ၁၉ ကြိမ်မြောက် တပ်ဖွဲ့တွင်းအဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲတွင် ခေတ်ဟောင်းတေး၊ ကာလပေါ်တေး၊ ခေတ်ပေါ်တေး၊ အငြိမ့်ပြိုင်ပွဲ၊ အကပြိုင်ပွဲ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု(စိတ်ကြိုက်) ယိမ်းအက၊ နှစ်ပါးသွားအက၊ ပြဇာတ်ပြိုင်ပွဲ၊ မြန်မာ့ဆိုင်းဝိုင်းပြိုင်ပွဲ၊ ခေတ်ပေါ်တီးဝိုင်း၊ မျက်လှည့်ပြိုင်ပွဲနှင့် တေးသီချင်းအရေးပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ကြသည်။

သို့ဖြစ်ရာ ၁၉ ကြိမ်မြောက် တပ်ဖွဲ့တွင်းအဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲများကျင်းပပြုလုပ်ခြင်းဖြင့် မြန်မာ့သုခုမအနုပညာရပ်များကို ထိန်းသိမ်းရာရောက်သကဲ့သို့ အနုသုခုမပညာရပ်များမှတစ်ဆင့် ဇာတိသွေး၊ ဇာတိမာန်များနိုးကြားလာပြီး မျိုးချစ်စိတ်ဓာတ်များပွင့်လန်းလာစေမည်ဟု ယုံကြည်ရေးသားလိုက်ရပေသည်။

## တံတားဦးမြို့နယ် ပန်းယျ(တ)ကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တံတားဦး စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်းယျ(တ) ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းနှင့် ခရိုင်၊ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ စီမံကိန်းရန်ပုံငွေကျပ် ၂၈၂ သိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ပန်းယျ(တ)ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၄ ဦးကို VRFP စီမံကိန်း ရန်ပုံငွေကျပ် ၂၈၂ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **အောင်ရဲကျော်**

## ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၅၂၆ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နှမ်း ၄၅၂၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၅၂၆ ဧက စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ နှမ်းဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြသည်။

ရေဦးမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြ၍ သိရသည်။

(၂၀၆)

## ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း မှျင်ငါးပိ ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ စက်တင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း မှျင်ငါးပိ ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ဝင်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ဒေသထွက် မှျင်ငါးပိများကို ရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချလျက်ရှိရာ ဇူလိုင်လအတွင်း မှျင်ငါးပိ ပိဿာချိန် ၄၆၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း မှျင်ငါးပိ ပိဿာချိန် ၅၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက်မှျင်ငါးပိ တစ်ပိဿာလျှင် ငွေကျပ် ၂၈၅၀၀ မှ ၃၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဖျာပုံဒေသထွက် မှျင်ငါးပိတွေကို ရန်ကုန်ဈေးကွက်နဲ့အခြားဒေသတွေကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း မှျင်ငါးပိ ပိဿာချိန် ၅၈၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်ဘက်က ပြီးခဲ့တဲ့ တစ်လအတွင်းနဲ့ အခုလက်ရှိ စက်တင်ဘာလထဲမှာပါ မှျင်ငါးပိတွေ အဝယ်ကုန်များနေပါတယ်။ အခုလို မှျင်ငါးပိတွေ အရောင်းအဝယ်ကောင်းလာတော့ ပွဲရုံပိုင်ရှင်တွေအပြင် ရေလုပ်သားတွေပါ အဆင်ပြေလာပါတယ်"ဟု ဖျာပုံမြို့နယ် ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ဝင်းက ပြောပြသည်။

ဖျာပုံမြို့နယ်တွင် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသခံရေလုပ်သားများထံမှရရှိသော မှျင်ကောင်များကို ဝယ်ယူပြီး အသင့်စားသုံးနိုင်သော မှျင်ငါးပိအဖြစ် ထုတ်လုပ်ရောင်းချနေခြင်း ဖြစ်ကြောင်း၊ အဆိုပါ မှျင်ငါးပိထုတ်လုပ်ရောင်းချသည့် လုပ်ငန်းသည် ဒေသထုတ်ကုန် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပြီး မှျင်ငါးပိလုပ်ငန်းတစ်ခုလျှင် လုပ်သားအနည်းဆုံး ၁၀ ဦးမှ ၁၅ ဦးထိ ဒေသတွင်းအလုပ်အကိုင် ဖန်တီးပေးထားနိုင်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# အမရပူရမြို့နယ် ဝါးရုံပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အမရပူရ စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝါးရုံပင်ကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၆ ဒသမ ၇ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဝါးရုံပင်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၅ ဦးကို ရန်ပုံငွေကျပ် ၅၆ ဒသမ ၇ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီး ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ကိုကျော်ကြီး-ဒေါက်တာ ဇူဇူသန့်စင် မြန်မာချမ်းသာရွှေဆိုင် မိသားစုက ဆွမ်းအတွက် ငွေကျပ် ၂၀၀၀၀၀၀၊ ဆေးကိရိယာ ပစ္စည်းဝယ်ယူရန်အတွက် ငွေကျပ် ၁၆၀၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၁၈၀၀၀၀၀၀ လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ နာယက-ဂုဏ်ထူးဆောင် ပါမောက္ခဒေါက်တာဦးမိတ်နှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၅၇၉၀ စိုက်ပျိုးမည်



ယခင်နှစ်က ဂေါ်ဖီထုပ်စိုက်ခင်းကို တွေ့ရစဉ်။

**ဆားလင်းကြီး စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၅၇၉၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၅၇၉၀ စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဆားလင်းကြီးမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၅၇၉၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးရာမှာ မုန်ညင်း၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ် စတဲ့သီးနှံတွေ စိုက်ပျိုးမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးသွားပါမယ်"ဟု ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းထွန်းက ပြောပြသည်။

ဆားလင်းကြီးမြို့နယ်တွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့်စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန်၊ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းထွန်းက ပြောပြ၍ သိရသည်။

**(၂၀၆)**

# မလှိုင်မြို့နယ် ရုံးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရုံးတောကျေးရွာအုပ်စု၊ ရုံးတောကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ရုံးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကျပ်သန်း ၃၀ ဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားစီးပွားရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ရုံးတောကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၈ ဦးကို ငွေကျပ် ၂၀ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင် သူ ၂၂ ဦးကို ငွေကျပ် ၆ ဒသမ ၅ သန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦးငွေကျပ် ၂ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၁၀၀ ကို ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း သီးထပ်ရင်စပါး တင်းရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကန်ကြီးထောင့် စက်တင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း သီးထပ်ရင်စပါး တင်းရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကန်ကြီးထောင့်မြို့နယ် ဆန်၊ စပါးနှင့် ဖွဲရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးလွင်က ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း သီးထပ်ရင်စပါးတင်းရေ ၃၈၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း သီးထပ်ရင်စပါး တင်းရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ထဲကို ပြီးခဲ့တဲ့ တစ်လအတွင်း သီးထပ်ရင်စပါး တင်းရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကန်ကြီးထောင့်မြို့နယ်ကနေ စပါးအပါအဝင် လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ သီးထပ်ရင်စပါး အမျိုးအစားက ဆန်အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားများနေလို့ တင်ပို့အားတက်လာတာ ဖြစ်ပါတယ်။ လက်ရှိ စပါးဈေးကလဲ မြင့်နေပါတယ်။ ပြည်တွင်း ဆန်၊ စပါးဈေးကွက်မှာလဲ သီးထပ်ရင်စပါးတွေ အဝယ်လိုက်နေပါတယ်"ဟု ကန်ကြီးထောင့်မြို့နယ် ဆန်၊ စပါးနှင့် ဖွဲရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးလွင်က ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် သီးထပ်ရင်စပါး တင်းရေ ၁၀ လျှင် ငွေကျပ် ၁၅၄၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အဆိုပါ သီးထပ်ရင်စပါးများ အရောင်းအဝယ် ကောင်းလာသည့်အတွက် စပါးစိုက်တောင်သူများ၊ ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများနှင့် ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဒေါသအနာကို သည်းခံခြင်းပလတ်စတာ ကပ်ထားကြပါ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

"တိုက်ရဲရင် တိုက်လိုက်စမ်းပါ"

ဘေးတွဲယာဉ်မောင်းက ကျွန်တော်စီးလာသော တက္ကစီ၏ရှေ့တွင် ပိတ်ဆို့ရပ်ကာ ရန်စကားဆိုလာသည်။ ကျွန်တော်ရော တက္ကစီယာဉ်မောင်းပါ အံ့အားသင့်သွားသည်။

တက္ကစီယာဉ်မောင်းက ကားဟွန်းသံပေးကာ ဖယ်ခိုင်းသော်လည်း လုံးဝဖယ်မပေးဘဲ ဘေးတွဲယာဉ်မောင်းက သူ့ယာဉ်ပေါ်မှ ဘုကြည့်ကြည့်နေသည်။ တက္ကစီယာဉ်မောင်းက ဒေါသထွက်လာပြီး ကားပေါ်မှဆင်းရန် ကားတံခါးကိုဖွင့်နေစဉ်မှာပင် ကျွန်တော် တားလိုက်သည်။

"တူမောင် မင်းမဆင်းနဲ့၊ သူက မူးနေတာ မင်းသူနဲ့ရန်မီးပွားနေရင် မင်းပဲဒုက္ခများသွားမယ်။ ကိုယ်နဲ့အဆင့်မတူသူကို ယှဉ်ပြီးပြောမနေပါနဲ့။ သူ့ကို ရှောင်ကွင်းပြီး မောင်းလိုက်ပါ တူမောင်ရယ်။ ဦး တောင်းပန်ပါတယ်"

ဆိုက်ကားနင်းနေတဲ့ သူက ဘေးတွဲယာဉ်လည်း မောင်းရရော ဘဝင်ကိုင်ပြီး မိုက်ရိုင်းလွန်းနေတာ။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလည်း နားမလည်ဘဲ ထင်သလို မောင်းနေတာ ကျွန်တော့်ခြေထောက်အောက်မှာ လိုအပ်ရင် ကာကွယ်ဖို့ သံတုတ်ပါတယ်ဦး။ ဖြစ်ချင်ရာဖြစ် ကျွန်တော် ဆင်းရိုက်မလို့။ ဦးကိုအားနာလို့ ဒေါသကို မနည်းထိန်းလိုက်တာ။ တက္ကစီသမားက ခံပြင်းဒေါသဖြင့်ပြောရင်း ထိုဘေးတွဲယာဉ်ကို ရှောင်ကွင်းထွက်ခဲ့သည်။

အကယ်၍များ တက္ကစီသမားက သံတုတ်ဖြင့် ရိုက်လိုက်ပါက အကျယ်အကျယ် ပြဿနာများ ဖြစ်ပေါ်လာပြီး ကျွန်တော်လည်း သက်သေလိုက် အလုပ်ရှုပ်ရပေဦးမည်။

တစ်ခါကလည်း ကျွန်တော်စီးလာခဲ့သောတက္ကစီသမားက ခရီးသည်တင် လိုင်းကားရှေ့သို့ ပိတ်ဆို့ရပ်ကာ ဝါးရင်းတုတ်ကိုဆွဲပြီး လိုင်းကားယာဉ်မောင်းကို ကားပေါ်မှဆင်းခဲ့ရန် စိန်ခေါ်ခဲ့သည်။ လိုင်းကားပေါ်မှ ခရီးသည်များနှင့် ကျွန်တော်က တက္ကစီသမားကို မေတ္တာရပ်ခံ တောင်းပန်ပြီး လူချင်းခွဲခဲ့ကြရသည်။ သို့သော် ဒေါသထန်ပြင်း မာန်တင်းနေသော တက္ကစီသမားက အော်ဟစ်ဆဲဆို ကြိမ်းမောင်းနေခဲ့သည်။

ဩော်... ဒေါသ ဒေါသ ကြောက်စရာကောင်းလွန်းလှပါလား။ နေ့စဉ်မြင်တွေ့ ကြားသိနေကြရသော အနိဋ္ဌာရုံ မြင်ကွင်းအဖုံဖုံနှင့် သတင်းအစုံစုံကို သုံးသပ်ကြည့်လျှင် လောဘ၊ ဒေါသ၊ မောဟကြောင့် ဖြစ်ပွားနေရကြောင်း၊ သိသာမြင်သာလှသည်။ မှုခင်းကြီးငယ် အသွယ်သွယ် ဖြစ်ပေါ်နေကြရခြင်းမှာလည်း လောဘ၊ ဒေါသ၊ မောဟ အကုသိုလ်စိတ်များ ကြီးမားနေကြသူများကြောင့်ဖြစ်သည်။

ထို့ကြောင့် မအူပင်မြို့ လေးအိမ်စုကျေးရွာမှ ဆရာတော် အရှင်ဝိစိတ္တ သာရ၏ **"ဘဝလမ်းညွှန် ၃၈ ဖြာမင်္ဂလာမိတ်ဆက်"** စာအုပ်ကလေးကို သတိရနေမိသည်။ ထိုစာအုပ်ထဲတွင် **"၃၈ဖြာမင်္ဂလာတရားတွင် ပါဝင်သော အမှတ်စဉ်(၂၇) ခန္တီစ=အရာရာသည်းခံခြင်း၊ အရာရာမှာ စိတ်ရှည်ရှည်ထားပါ။ စိတ်မတိုပါနဲ့"**ဟု လမ်းညွှန်သမှု ပြုထားသည်။ ဗုဒ္ဓမြတ်စွာဘုရားသည်ပင်လျှင် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလကြာအောင် စိတ်ရှည်ရှည်ထား၍ ပါရမီဖြည့်ကျင့်ခဲ့ရကြောင်း၊ သင်သည် ဘဝတစ်လျှောက် အောင်မြင်မှုအမျိုးမျိုးကို ရရှိလိုပါလျှင် အရာရာတွင် စိတ်ရှည်ရှည်ထား၍ ကြိုးစားပါလေဟု အသိသတိပေးထားသည်။

"ခန္တီကျင့်သုံး၊ ကိုယ်ဝယ်သုံး၊ လူမုန်းမရှိနိုင်။ သူကခက်ထန်၊ ကိုယ်သည်းခံ၊ လမ်းမှန်ဖြစ်စေနိုင်။ သည်းခံစိတ်မွေး၊ ရန်မှဝေး၊ ငြိမ်းအေးနိဗ္ဗာန်တိုင်" "ဒေါသကြီးသောသူ၏ပါးစပ်၌ ငရဲမီးသည် အမြဲလောင်လျက်ရှိ၏။ စိတ်ဆိုးခြင်းသည်၊ အဆုံးတစ်နေ့ အမှားတွေ့၏။ စိတ်သည် သရဲသဘက်ထက်

> ❖ ပွက်ပွက်ဆူနေသော ရေနွေးအိုးထဲသို့ ငုံ့၍ကြည့်ပါက ကိုယ့်ပုံရိပ်အမှန်ကို မမြင်တွေ့နိုင်သကဲ့သို့ ဒေါသမီးလောင်မြိုက်နေသူသည် အမှန်တရားကို မမြင်တွေ့နိုင်၊ မဆင်ခြင်နိုင်ဘဲ ဆင်ကန်းတောတိုး အမှားမျိုးစုံကို ဆက်ကာဆက်ကာ ကျူးလွန်လေ့ရှိသည်။ တည်ငြိမ်ကြည်လင်နေသော ရေအိုးထဲသို့ငုံ့၍ကြည့်ပါက ကိုယ့်ပုံရိပ်အမှန်ကို ပီပြင်စွာမြင်တွေ့နိုင်သကဲ့သို့ သဝန်တိုငြူစူမှုကင်းစင်ပြီး ဒေါသမရှိ ပကတိမေတ္တာအပြည့်ထားသူသည် အမှန်တရားကို သိမြင်ကာ ကျိုးကြောင်းဆင်ခြင်နိုင်သဖြင့် လိုအင်ဆန္ဒပြည့်ဝပြီး အောင်မြင်တိုးတက်လေ့ရှိသည်။❖

ကြောက်စရာကောင်း၏။ ပရိတ်ရွတ်လို့မရ၊ သူတော်ကောင်းမှန်လျှင် အရာရာသည်းခံနိုင်ရမည်"

"နှုန်းရန်ပုံချီ၊ ပထဝီသည်၊ မညီမညွတ်၊ ယုတ်မြတ်မကောင်း၊ သွန်းလောင်းလှာလည်း၊ ခြင်းရာမခြား၊ မဖောက်ပြားသို့၊ တရားခန္တီ၊ သည်းခံလော့"

(မင်္ဂလသုတ်ပျို့)

မြွေဟောက်၊ ငရဲမီးတို့နှင့်တူသောဒေါသကို ခန္တီတရားဖြင့် ထိန်းချုပ်ကြစေရေးအတွက် အဆိုအမိန့်၊ သံဝေဂ ဓမ္မလင်္ကာများစွာဖြင့် ဆိုဆုံးမခဲ့ကြသည်။

ဤနေရာတွင် ဒေါသမီးလောင်မြိုက်မှုဒဏ်ကို ဖော်ပြလိုသည်။

ဒေါသ၏ဆိုးကျိုးများကား အလွန်ပင်ကြောက်စရာ ကောင်းလွန်းလှသည်။ စွယ်စုံနီတိကထာများ အဆိုအရ "မြွေသည် အမျက်လွန်၏။ သူယုတ်မာလည်း အမျက်လွန်၏။ မြွေထက် သူယုတ်မာသည်ကား အမျက်လွန်၏။ ထိုမြွေကိုကား မန္တရားနှင့် ဆေးဝါးတို့ဖြင့် ငြိမ်းစေနိုင်၏။ သူယုတ်မာ ကိုကား၊ အဘယ်မည်သည့်ဆေးဖြင့် ငြိမ်းစေနိုင် အံ့နည်းဟု ဖွင့်ဆိုထားသည်။

မြတ်ဗုဒ္ဓက ဒေါသကြီးသူများသည် "ရုပ်ရည်ဆင်းပျက်၊ အိပ်စက်မပျော်၊ ကျိုးသော်မရ၊ ဘောဂပျက်စေ၊ မိတ်ဆွေပျက်ပြား၊ အပါယ်လား၊ ခြောက်ပါး ဒေါသအပြစ်တည်း"ဟု ဒေါသအပြစ် ခြောက်ပါးကို ဟောကြားခဲ့သည်။

ဒေါသနှင့်ပတ်သက်၍ ဆိုဆုံးမသြဝါဒများစွာ ရှိသည်။ "ပေးမလောက်တဲ့ လောဘ၊ တဖောက် ကန်းလုပ်တတ်တဲ့ ဒေါသ၊ မြှောက်ထိုးပင့်ကော် လုပ်တတ်တဲ့ မောဟ၊ ဒါတွေနဲ့ပေါင်းနေသမျှ ဒုက္ခရောက်နေကြအုံးမှာပါပဲ" "လောဘနှင့်သေ ပြိတ္တာပြည်၊ ရောက်လေများပါဘိ။ ဒေါသနှင့်သေ ငရဲပြည်၊ ရောက်လေများပါဘိ။ မောဟနှင့်သေ တိရစ္ဆာန်ပြည်၊ ရောက်လေများပါဘိ" "လောဘကို ဒါနတရားဖြင့် အနိုင်ယူပါ။ ဒေါသကို သီလတရားဖြင့် အနိုင်ယူပါ။ မောဟကို ဝိပဿနာတရားဖြင့် အနိုင်ယူပါ" "ကိုယ့်နှလုံးသားထဲမှာ ခန္တီဆိုတဲ့ အမှားခံပစ္စည်း ထည့်ထားရင် ဒေါသ Shock မဖြစ်တော့ဘူး။ ဒေါသ အနာပေါက်လျှင် သည်းခံခြင်းပလတ်စတာ ကပ်ပေးပါ" "ဒေါသသည် မဟာသမုဒ္ဒရာရေထက် ငန်၏" "လောဘဖြစ်လာရင် ယဉ်ယဉ်လေးရှူးကြတယ်။ ဒေါသဖြစ်လာရင် ခပ်ကြမ်းကြမ်းရှူးကြတယ်။ ယဉ်ယဉ်လေးရှူးတာနဲ့ ခပ်ကြမ်းကြမ်းရှူးတာပဲကွာတယ်။ ဒါပေမဲ့ ရှူးနေမှန်းမသိကြဘူး"၊ "အစွဲလမ်းဆုံးကား လောဘ၊ အခက်ထန်ဆုံးက ဒေါသ၊ အမိုက်မှောင်ဆုံးက မောဟ၊ အပူပြင်းဆုံးကား ကာမ၊ အမောက်မာဆုံးကား မာန၊ ကြောက်စရာအကောင်းဆုံးကား ငါစွဲ မိစ္ဆာဒိဋ္ဌိ" ဟူ၍ဖြစ်သည်။

"အဘိဓဇ မဟာရဋ္ဌဂုရု စံကင်းဆရာတော်ကြီးက" "စိတ်ဆိုးတုန်းစကားမပြောနှင့်။ မဆင်မခြင် အလျင်စလိုမလုပ်နှင့်"ဟု ဒေါသစိတ်မဖြစ်ပွားအောင် ဟောကြားခဲ့သည်။ တရုတ်စကားပုံတွင် "သင့်ဒေါသကို ဖြစ်ဖြစ်ချင်း၊ သင်ထိန်းနိုင်လျှင် ဝမ်းနည်းနေရမည့်ရက်ပေါင်း ၁၀၀ ကို ရှောင်ကွင်းနိုင်ပေလိမ့်မည်"ဟု ဆိုထားသည်။ "တွေးခေါ်ရှင်ကြီးပလေကပ်" ကတော့ "ဒေါသသည် ယာယီရူးသွပ်မှုဖြစ်သည်။ ထို့ကြောင့် ဒေါသကိုထိန်းပါ။ သို့မဟုတ်ပါက သင်သည် ဒေါသကြိုးဆွဲရာသို့ ပါသွားပေလိမ့်မည်" ဟု ဆိုထားသည်။

မြန်မာစကားပုံများထဲတွင် "ဒေါသရှေ့ထား၊ မှားတတ်သည်" "မေတ္တာလွန်လျှင် ရာဂ၊ ကရုဏာလွန်လျှင်ဒေါသ" "သုခမိန်ဟု၊ ကျော်ရှိန်နှံ့သိ၊ ပညာရှိ၊ ကြီးဘိအမျက်၊ ဒေါသဖျက်သည်"ဟူ၍ ဒေါသ၏ ဆိုးကျိုးများကို ဆိုရိုးပြုထားသည်။

မှုခင်းများဖြစ်ပွားရခြင်း၏ အကြောင်းရင်းတွေထဲမှာ **"ဒေါသ"**ကြောင့် ဖြစ်ပွားကြရသည်က အလွန်ပင် များပြားလှသည်။ ဒေါသကြောင့်၊ အချင်းများကြ၊ ရန်ဖြစ်သတ်ပုတ်ကြ၊ သေကျေဒဏ်ရာရ၊ ရုံးရောက် ထောင်ကျကြ၊ ဒုက္ခမျိုးစုံနှင့် ကြုံတွေ့ကြရလေ့ရှိသည်။ ယောက်ျားမိန်းမ ကြီးငယ်မဟူ၊ ဒေါသထူပြောကြပါက၊ အပူတော လောကငရဲသို့ ရောက်သည့်နှယ် ခံစားကြရလေ့ရှိသည်။

ပွက်ပွက်ဆူနေသော ရေနွေးအိုးထဲသို့ ငုံ့၍ကြည့်ပါက ကိုယ့်ပုံရိပ်အမှန်ကို မမြင်တွေ့နိုင်သကဲ့သို့ ဒေါသ မီးလောင်မြိုက်နေသူသည် အမှန်တရားကို မမြင်တွေ့နိုင်၊ မဆင်ခြင်နိုင်ဘဲ ဆင်ကန်းတောတိုး၊ အမှားမျိုးစုံကို ဆက်ကာဆက်ကာ ကျူးလွန်လေ့ရှိသည်။ တည်ငြိမ်ကြည်လင်နေသော ရေအိုးထဲသို့ငုံ့၍ ကြည့်ပါက ကိုယ့်ပုံရိပ်အမှန်ကို ပီပြင်စွာမြင်တွေ့နိုင်သကဲ့သို့ သဝန်တိုငြူစူမှုကင်းစင်ပြီး ဒေါသမရှိ ပကတိမေတ္တာ အပြည့်ထားသူသည် အမှန်တရားကို သိမြင်ကာ ကျိုးကြောင်းဆင်ခြင်နိုင်သဖြင့် လိုအင်ဆန္ဒပြည့်ဝပြီး အောင်မြင်တိုးတက်လေ့ရှိသည်။

ထို့ကြောင့် "မဃဒေဝလင်္ကာ"တွင် "မီးတောက်တမျှ၊ ဟုန်းဟုန်းထလျက်၊ ဒေါသဟိတ်လွန်၊ ပြန့်ပွားဝှန်သော်၊ သတ္တန္တရ၊ ကပ်ကြီးကျ၍၊ သတ်ကြဖြတ်ကြ၊ အာဃာတဖြင့်၊ သေထဘုံမြောက်၊ ငရဲရောက်၏"ဟု တစ်မျိုး၊ "ဖျက်ဖျက်ဆီးဆီး လောင်သည့်မီးသို့၊ နီးစပ်ရာရာ၊ ပရိဝါနှင့် ဉာတကာမျိုးဆွေ၊ ပျက်စီးစေ၏။ ရေနိမ့်ရာစီး၊ မီးမြင့်ရာလောင်၊ ဆိုသော့ယောင်သို့၊ မရှောင်စိတ်က၊ မျက်ဒေါသနှင့် မာနလွန်စွာ မယဉ်ရာဘူး"ဟု တစ်ဖုံ၊ "မချိစိတ်က၊ မြွေနှယ်ထ၍၊ ဒေါသနှင့်တူ၊ ပျက်ခြင်းဟူသည်၊ ပျက်သူမရှိ"ဟု တစ်သွယ်၊ သိမှတ်ဖွယ်အသွယ်သွယ်ကို နားလည်လိုက်နာကြရန် ဆုံးမသြဝါဒပေးခဲ့သည်။

သို့သော် တချို့က တရားမသိတာလား။ သိသိကြီးနဲ့ မှားနေတာလားဆိုတာ စဉ်းစားစရာကောင်းလှသည်။ မီး ၁၁ ပါးထဲတွင် ဒေါသမီးပါသည်ကို သိပါလျက်နှင့် ကျွဲပါးစောင်းတီးအချည်းနှီးဖြစ်နေကြလေရာ မှားပြီးရင်းမှားနေကြသည်။ မိုက်တွင်းနက်ရက်စက်နေကြသည်။ "ဝန်တိုခြင်းသည်၊ ပြိတ္တာဘုံကို စရန်ပေးသည်နှင့်တူ၏" ဟူသော စကားအရ၊ ဒေါသနှင့်နေ၊ အမှုပွေကာ၊ ဒေါသနှင့်သေပါလျှင်၊ ငရဲပြည်သို့ ရောက်ကြပေလိမ့်မည်။

**ရန်ကိုရန်ချင်း မတုံ့နှင်းကြပါနဲ့**

မင်္ဂလသုတ်ပျို့တွင် "မဟာပထဝီမြေကြီးသည် အယုတ်အမြတ်မရွေး သည်းခံသကဲ့သို့" ရေစင်သွန်းလောင်းလည်းခံသည်။ အညစ်အကြေးသွန်းလောင်းလည်းခံသည်။ ချမ်းသာသူတွေ၊ ဆင်းရဲသူတွေ တက်နင်းလည်းခံသည်။ တိရစ္ဆာန်တွေတက်နင်းလည်းခံသည်။ အောင်မြေအဖြစ်လည်းခံသည်။ သင်္ချိုင်းမြေအဖြစ်လည်းခံသည်။ သက်ရှိသက်မဲ့၊ အယုတ်၊ အလတ်၊ အမြတ်မရွေးကို သည်းခံသည်။ သည်းခံသည့်နေရာတွင် မည်သည့်အခါမျှ မဖောက်ပြားဘဲ ခန္တီသစ္စာရှိလှသော မဟာပထဝီမြေကြီးအဖြစ် တင်စားကြသည်။

ဒေါသအနာကို သည်းခံခြင်းပလတ်စတာ ကပ်ထားကြပါဟုဆိုခြင်းမှာ ဒေါသအနာရင်းပြီး အဖျားဝင်ကာ သေဘေးနီးမှာစိုးသောကြောင့်ဖြစ်သည်။ ဒေါသစိတ်သည် တောင်ကျရေကဲ့သို့ တစ်ဟုန်ထိုး စီးဆင်းလာလေ့ရှိရာ ပတ်ဝန်းကျင်ကို ဆိုးကျိုးပေးလေ့ရှိသည်။ မုန်ယိုသောဆင်သည်လည်း ကျေးဇူးရှင်သခင်ကိုပါမကျန် မြင်မြင်သမျှကို တရကြမ်းရမ်းကားရက်စက် သောင်းကျန်းလေ့ရှိသည်။ ဒေါသကြီးသူများသည် ရန်ငြိုးထားတတ်ကြသည်။ ဒေါသစိတ်ကြောင့်အာဃာတအငြိုးဖြစ်ပေါ်လာကာ ရန်များလေ့ရှိသည်။ ခန္တီတရားမရှိသူများသည် ဒေါသအစိုင်အခဲကို မခြေဖျက်နိုင်သောကြောင့် ဒေါသအဖုအကျိတ်က မကောင်းသောစိတ်ကို ဖြစ်ပေါ်လေ့ရှိသည်။ မကောင်းစိတ်ဝင်လာပါက အရာရာကို အကောင်းမြင်နိုင်စွမ်းမရှိ ဖြစ်လာသည်။ ကိုယ့်ကို အကြံဉာဏ်ကောင်းပေးသူရှိပါကလည်း အကောင်းမမြင်။ စေတနာကို ဝေဒနာဟုထင်ပြီး ရန်သူအဖြစ် အမြင်မှားလေ့ရှိသည်။ အကြောင်းအကျိုး၊ အကောင်းအဆိုးကို ခွဲခြားနိုင်စွမ်းမရှိတော့ဘဲ ဒေါသနှင့်တွဲပါလာသော အငြိုးစိတ်က တမြည့်မြည့် လှိုက်စားကာ စားမဝင် အိပ်မပျော်ဝေဒနာ ဖြစ်ပေါ်လေ့ရှိသည်။ ဒေါသမီး လောင်မြိုက်ခြင်းခံရပြီး စိတ်ဖိစီးမှုဒဏ်ကို ခံရခြင်းဖြစ်သည်။

ထိုစိတ်ဖိစီးမှုဒဏ်ကိုခံစားရင်းက ဒေါသမီးက တစ်ဆင့် အငြိုးသို့ မုန်းမာန်ပွား ရန်များလာလေ့ရှိသည်။ ထို့ကြောင့် "ခန္တီမသုံး၊ ဒေါသဖုံးသော်၊ လူမုန်းပေါများ၊ ရန်သူများ၏၊ စိတ်အားညှိုးသူ၊ အပြစ်တူလျက်၊ သေမူတွေဝေ၊ ပါယ်ကျလေ၏၊ ခြောက်ထွေဖြစ်ရိုး၊ မကောင်းကျိုး"ဟု သည်းခံစိတ်မထားကြသူများအတွက် အပြစ်ခြောက်ပါး သတ်မှတ်ထားခြင်းဖြစ်သည်။

တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ၊ ဘီအေ) ရေးသားထားသော ဒေါသကို တဒင်္ဂငြိမ်းအောင် ထိန်းချုပ်နည်း ၁၁ နည်းကို အလျဉ်းသင့်ဖြင့် မျှဝေပေးလိုပါသည်။

ဆန့်ကျင်ဘက်ရန်သူအပေါ်တွင် ရန်ငြိုးဖွဲ့နှောင်လိုစိတ် ဖြစ်ခဲ့သော်-

(၁) မေတ္တာစျာန်ဝင်စားပြီး မေတ္တာစျာန်မှထ၍ မိမိ၏ရန်သူကို မေတ္တာပွားလျက် ရန်ငြိုးကိုဖျောက်အပ်၏။ စာမျက်နှာ ၅ သို့

## ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၃၉၉၃ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ထောပတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**တန့်ဆည် စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၃၉၉၃ ဧကစိုက်ပျိုးမည်ဖြစ်ကြောင်း တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ တန့်ဆည်မြို့နယ်တွင် ထောပတ်ပဲ ၃၉၉၃ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ ထောပတ်ပဲဧက ၃၉၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ထောပတ်ပဲ စိုက်ပျိုးမှု ဖြစ်ထွန်းအောင်မြင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ထောပတ်ပဲဟာ ဈေးကွက်ဝင်သီးနှံဖြစ်တဲ့အတွက် အားထားစိုက်ပျိုးကြတာ ဖြစ်ပါတယ်"ဟု တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြသည်။

ထောပတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့်ထောပတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

## ရိုးရာအမွေ ထိန်းသိမ်းစို့

\- အမျိုး၏ဂုဏ် ဇာတိဂုဏ်
မွေးထုံစေရေး အစဉ်တွေး
ယဉ်ကျေးအမွေ ထိန်းသိမ်းလေ
အခြေမြှင့်ရန် စိတ်ရည်သန်
ဇာတိမာန်ပေ့ါ ဇာတိမာန်။

\- မြန်မာ့အခြေခံ ဇာတိမာန်
မူမှန်ရှေးရှု ယဉ်ကျေးမှု
အနုပညာ ပွဲတော်မဟာ
ယှဉ်ကာခြိမ့်သဲ တို့ပြိုင်ပွဲ
နွှဲတယ်လေလေ့ နွှဲတယ်လေ့။

\- ဆိုကရေးတီး ရှုမငြီး
အံ့ချီးဖွယ်ရာ တို့ပညာ
စဉ်လာသမိုင်း ဂုဏ်မရိုင်း
သမိုင်းမှာကြည့် ထင်ရှားဘိ
ရှိတယ်လေလေ့ ရှိတယ်လေ့။

\- ပြည်ထောင်စုသား ညီနောင်များ
အင်အားပြည့်ဝ စွမ်းရည်ပြ
မြန်မာ့အခြေ မြှင့်နိုင်စေ
အမွေအနှစ် မျိုးဂုဏ်စစ်
ချစ်ဖွယ်လေလေ့ ချစ်ဖွယ်လေ့။

\- ဆိုကရေးတီး ပြိုင်ပွဲကြီး
ခရီးတာရှည် နွှဲနိုင်စေ
တို့တွေကြိုးပမ်း လက်ဆင့်ကမ်း
ထမ်းဆောင်ရွက်ကာ တို့မြန်မာ
သာတယ်လေလေ့ သာတယ်လေ့။ ။

**မောင်လေပြေ(တောင်တွင်း)**

## နတ်တလင်းမြို့နယ် သခွတ်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်တလင်း စက်တင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သခွတ်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက သခွတ်တန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၆ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန္တာ**

á စာမျက်နှာ ၄ မှအဆက်

(၂) ဒေါသဖြစ်သောသူအား အဆင်းမလှ ဆင်းရဲနှင့်တွေ့ရ၏။ ဥစ္စာအသုံးအဆောင် အကျော်အစောမဲ့၏။ အဆွေခင်ပွန်းမရှိ၊ သေသော် အပါယ်လားရ၏ စသည်ဖြင့် ဒေါသကို ဆင်ခြင်၍ ရန်ငြိုးကို ဖျောက်အပ်၏။

(၃) မိမိရန်သူ၏ ကိုယ်၊ နှုတ်၊ စိတ်စုတွင် ကြည်ညိုဖွယ်ရာ ကောင်းကွက်တစ်ခုကို ထုတ်နုတ်အောက်မေ့၍ ရန်ငြိုးကို ဖျောက်အပ်ရသည်။ (ကောင်းကွက်ကိုတွေး၍ ဖြေသိမ့်ရန်)

(၄) ဤသူသည် နှစ်ရက်သုံးရက်နေ၍ သေလွန်လျှင် ငရဲကျမည် တကားဟု ကရုဏာတရားကိုဖြစ်စေလျက် ရန်ငြိုးကို ဖျောက်အပ်၏။

(၅) ဘုရားရှင်၏ အဆုံးအမ ဩဝါဒအမျိုးမျိုးကို ဆင်ခြင်ပြီးလျှင် မိမိကိုယ်ကို ဆုံးမ၍လည်း ရန်ငြိုးကိုဖျောက်အပ်၏။

(၆) ခပ်သိမ်းသော သတ္တဝါတို့သည် ကံသာကိုယ်ပိုင်ဥစ္စာရှိသည်၏ နှလုံးသွင်းသော ကမ္မဿကတဉာဏ်ဖြင့်လည်း ရန်ငြိုးကို ဖျောက်အပ်၏။

(၇) ခန္တီဝါဒီဇာတ်တော် စသည်၌လာသော အလောင်းတော်များ၏ သည်းခံနည်းများကို နည်းယူ၍ရန်ငြိုးကိုဖျောက်အပ်၏။

(၈) သံသရာတစ်လျှောက်၌ ဆွေမျိုးမတော်ခဲ့ဖူးသူမရှိဟု အနမတဂ္ဂိယဒေသနာကိုဆင်ခြင်၍လည်း ရန်ငြိုးကိုဖျောက်အပ်၏။

(၉) မေတ္တာပွားများသူအား ချမ်းသာစွာအိပ်ရ၏။ ချမ်းသာစွာ နိုးရ၏စသည်ဖြင့် မေတ္တာအကျိုး ၁၁ မျိုးကိုဆင်ခြင်၍ ရန်ငြိုးကို ဖျောက်ရာ၏။

(၁၀) ရန်သူ၌ ဖွဲ့စည်းထားသောဓာတ်ကြီးလေးပါးကို ခွဲခြားစိတ်ဖြာ၍လည်း ရန်ငြိုးကိုဖျောက်အပ်၏။

(၁၁) မိမိပစ္စည်းကို ပေးလှူခြင်း၊ သူ့ပစ္စည်းကို အလှူခံခြင်းဖြင့်လည်း ရန်ငြိုးကိုဖျောက်အပ်၏။ စသည့်ရန်ငြိုးဖျောက်နည်း ၁၁ နည်းထဲမှ တစ်နည်းနည်းဖြင့် ဒေါသအမျက် ရန်ငြိုးဖွဲ့ယှက်မှုတို့ကို သံသရာတစ်လျှောက် ကောက်ကောက်မပါအောင် ဖျောက်ဖျက်သင့်သည်ဟု လမ်းညွှန်ထားရာ အဓိကမှာ ခန္တီသည်းခံခြင်းမင်္ဂလာပင် ဖြစ်သည်။

အရှင်းလင်းဆုံး အလွယ်ကူဆုံး ဥပမာပြရလျှင် လေတင်းနေသော ဘောလုံးကို မာကျောသော အုတ်နံရံသို့ ပစ်ပေါက်ပါက တုံ့ပြန်တွန်းကန်အားကြောင့် မိမိပစ်သောဘောလုံးက မိမိထံပြန်မှန်လာသည့်သဘောပင်ဖြစ်သည်။ လေတင်းနေသောဘောလုံးကို ဝါဂွမ်းပုံထဲသို့ ပစ်ပေါက်ပါက တွန်းကန်တုံ့ပြန်မှုမရှိဘဲ ကျသည့်နေရာမှာသာ ငြိမ်သက်သွားလေ့ရှိသည်။

ထို့ကြောင့် ခန္တီတရားနှင့်တူသော ဝါဂွမ်းဖြူကဲ့သို့ စိတ်ထားဖြူစင်လျှင် လူချစ်လူခင်များ၊ မိတ်ဆွေများပြီး စိတ်ချမ်းသာ ကိုယ်ကျန်းမာဘဝကို ရယူပိုင်ဆိုင်နိုင်ကြပေမည်။

**"ဒေါသမီးကို ခန္တီတရားနှင့် ငြိမ်းသတ်နိုင်ကြပါစေ"။**

# ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် ဆက်ဆံရေးအဆင့်မြှင့်တင်ရန် တူကီယဲသမ္မတပြောကြား



**အင်ကာရာ စက်တင်ဘာ ၃**

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အက်စ်စီအို)နှင့် တူကီယဲနိုင်ငံတို့ကြား ဆက်ဆံရေး အဆင့်မြှင့်တင်ရန် စဉ်းစားမည်ဖြစ်ကြောင်း တူကီယဲသမ္မတ အာဒိုဂန်က စက်တင်ဘာ၂ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သို့ရာတွင် အက်စ်စီအိုအဖွဲ့၌ ပိုမိုခိုင်မာသော အဖွဲ့ဝင်အဖြစ် တူကီယဲနိုင်ငံ ပါဝင်လာနိုင်မှုသည် အခြားအဖွဲ့အစည်းများ သို့မဟုတ် အနောက်အုပ်စု နိုင်ငံများနှင့် လက်တွဲဖြုတ်မည့် ရည်ရွယ်ချက်မပါကြောင်း တူကီယဲသမ္မတက ပြောကြားထားသည်။

ကာဂျစ်စတန်နိုင်ငံ ဘစ်ရှက်ခ်မြို့၌ ကျင်းပခဲ့သော အက်စ်စီအို ထိပ်သီးညီလာခံသို့ တက်ရောက်ခဲ့ပြီးနောက် တူကီယဲသမ္မတ အာဒိုဂန်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

တူကီယဲနိုင်ငံသည် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး) အုပ်စုဝင်နိုင်ငံဖြစ်ပြီး အက်စ်စီအိုအဖွဲ့သည် တရုတ်နှင့် ရုရှားတို့ ဦးဆောင်သော လုံခြုံရေးမဟာမိတ်အဖွဲ့ဖြစ်သည်။

လက်ရှိတွင် တူကီယဲနိုင်ငံသည် အက်စ်စီအို၌ ပိုမိုခိုင်မာသော အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်းမရှိသေးသော်လည်း ဆွေးနွေးဖက်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။

အက်စ်စီအိုအဖွဲ့ကို အနောက်အုပ်စုနိုင်ငံများ၏ ဩဇာလွှမ်းမိုးမှု တန်ပြန်ရေးအတွက် ၂၀၀၁ ခုနှစ် ဇွန် ၁၅ ရက်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO


# ဒေသတွင်းလုံခြုံရေးအခင်းအကျင်းကို ပြုပြင်ရန် အရှေ့အလယ်ပိုင်းနိုင်ငံများကို တရုတ်သမ္မတ တိုက်တွန်း

**ကိုင်ရို စက်တင်ဘာ ၃**

ပြည်ပကြားဝင် စွက်ဖက်မှုများကို ဆန့်ကျင်ကြရန်နှင့် ဒေသတွင်းလုံခြုံရေး အခင်းအကျင်းကို ပြန်လည် ပြင်ဆင်ပြောင်းလဲရန် တရုတ်သမ္မတရှီကျင့်ဖျင်က စက်တင်ဘာ၂ရက်တွင် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများကို တိုက်တွန်းပြောကြားခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ အီဂျစ်သမ္မတအယ်လ်စီစီနှင့် တွေ့ဆုံဆွေးနွေးစဉ် တရုတ်သမ္မတရှီကျင့်ဖျင်က အရှေ့အလယ်ပိုင်းဒေသနိုင်ငံများကို ထိုသို့တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ကုန်သွယ်ရေး အတွက် အရေးကြီးသည့် ကုန်သွယ်ရေးလမ်းကြောင်းများကို ကာကွယ်ရေးအတွက် အရှေ့အလယ်ပိုင်းဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် တရုတ်နိုင်ငံအနေဖြင့် အသင့်ရှိကြောင်း အီဂျစ်သမ္မတ အယ်လ်စီစီနှင့် တွေ့ဆုံစဉ် သမ္မတရှီကျင့်ဖျင်က ပြောကြားခဲ့သည်။



ကိုင်ရို ထိပ်သီးဆွေးနွေးပွဲတွင် တရုတ်နှင့် အီဂျစ်နိုင်ငံတို့အနေဖြင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန်၊ အကြမ်းဖက်ဝါဒ တိုက်ခိုက်ရေး လုပ်ငန်းများ၌ ပူးပေါင်း ဆောင်ရွက်ရန် တရုတ်သမ္မတနှင့် အီဂျစ်သမ္မတတို့က သဘောတူခဲ့သည်ဟု တရုတ်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားကြောင်းသိရသည်။

Ref : Xinhua

Trs : KKO

# တောင်ကိုရီးယားသမ္မတရုံးကို ၂၀၂၉ ခုနှစ်တွင် ဆီဂျောင်မြို့သို့ ရွှေ့ပြောင်းအခြေစိုက်မည်

**ဆိုးလ် စက်တင်ဘာ ၃**

တောင်ကိုရီးယား သမ္မတရုံးကို ၂၀၂၉ ခုနှစ်ဩဂုတ်လတွင် ဆီဂျောင်မြို့သို့ ရွှေ့ပြောင်းအခြေစိုက်မည်ဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

ထို့ပြင်ဆိုးလ်မြို့ရှိအစိုးရရုံးဌာန ၃၅၀ ခန့်တို့ကိုလည်း ၂၀၂၉ ခုနှစ်တွင် ဆီဂျောင်မြို့သို့ရွှေ့ပြောင်းမည်ဖြစ်ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သမ္မတရုံးနှင့် အစိုးရရုံးဌာနများကို ဆိုးလ်မြို့မှ ဆီဂျောင်မြို့သို့ ရွှေ့ပြောင်းနေရာချရေး လုပ်ငန်းစဉ်ကို ၂၀၂၇ ခုနှစ်အတွင်း စတင်ရန် တောင်ကိုရီးယားအစိုးရက စီစဉ်ထားသည်။

ထို့ပြင် တောင်ကိုရီးယားအစိုးရသည် အမျိုးသားလွှတ်တော် အဆောက်အအုံကို ၂၀၃၃ ခုနှစ် ဆီဂျောင်မြို့၌ အပြီးတည်ဆောက်ရန်စီစဉ်ထားသည်။

ဆိုးလ်မြို့၌ လူဦးရေ၊ ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးလုပ်ငန်းများ၊ အခြေခံ အဆောက်အအုံများ စုစည်းတည်ရှိနေမှုကို ဖြေရှင်းရေးအတွက် သမ္မတရုံးနှင့် အစိုးရအဆောက်အအုံများကို ဆီဂျောင်မြို့သို့ ရွှေ့ပြောင်းရန်စီစဉ်ထားကြောင်း ဝန်ကြီးချုပ် ဟန်ဆောင်ဆော့ခ်က ပြောကြားထားသည်။

၂၀၂၇ ခုနှစ် ပထမနှစ်ဝက်ပိုင်းတွင် ဆိုးလ်မြို့ရှိ ဗဟိုအစိုးရအေဂျင်စီများကို ဆီဂျောင်မြို့သို့ စတင်ရွှေ့ပြောင်းရန် စီစဉ်ထားကြောင်း ဝန်ကြီးချုပ် ဟန်ဆောင်ဆော့ခ်က ပြောကြားထားသည်။

ဆီဂျောင်မြို့၌ လက်ရှိတွင်လည်း ဝန်ကြီးဌာနအများအပြား ရွှေ့ပြောင်း အခြေစိုက်နေပြီဖြစ်ကြောင်းသိရသည်။

Ref : Xinhua

Trs : KKO

# ဂျာမနီဂိုထေးယဉ်ကျေးမှုဗဟိုဌာနများ ပိတ်သိမ်းမည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး ပြောကြား

**မော်စကို စက်တင်ဘာ ၃**

ရုရှားနိုင်ငံအတွင်းရှိ ဂျာမနီဂိုထေးယဉ်ကျေးမှု ဗဟိုဌာနများ ပိတ်သိမ်းမည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်၏ အဆိုကို ကိုးကား၍ ရုရှားမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

ပြီးခဲ့သည့် ဩဂုတ် ၄ ရက်တွင် လိုက်ပဇစ်-ဟောလ် လေဆိပ်၌ ရပ်နားထားသော ယူကရိန်း လေယာဉ်တစ်စင်း အနီးတွင် ဖောက်ခွဲရေးပစ္စည်းများ တပ်ဆင်ထားသည့် မောင်းသူမဲ့ဒရုန်းယာဉ်တစ်စင်းတွေ့ရှိခဲ့ရာ ဂျာမနီ လုံခြုံရေး တာဝန်ရှိသူများက ရှင်းလင်းခဲ့ရသည်။

အဆိုပါဖြစ်စဉ်တွင် ရုရှား ထောက်လှမ်းရေး အဖွဲ့များနှင့် ဆက်စပ်နေကြောင်း ဂျာမနီအစိုးရကစွပ်စွဲပြောကြားထားပြီး ထိုစွပ်စွဲချက်ကို ရုရှားအစိုးရက ငြင်းပယ်ထားကြောင်း သိရသည်။

လိုက်ပဇစ်-ဟောလ် လေဆိပ် မောင်းသူမဲ့ ဒရုန်းယာဉ်ဖြစ်ရပ်အတွက် ဘာလင်မြို့ရှိရုရှားယဉ်ကျေးမှု ဗဟိုဌာနတစ်ခုနှင့် ဘွန်းမြို့ရှိ ရုရှားကောင်စစ်ဝန်ရုံးတို့ကို ပိတ်သိမ်းမည်ဖြစ်ကြောင်း ဂျာမနီအစိုးရက သတင်းထုတ်ပြန်ထားသည်။

ဂျာမနီနိုင်ငံ၏ အဆိုပါ လုပ်ဆောင်ချက်များကို တုံ့ပြန်သည့်အနေဖြင့် မော်စကို၊ စိန့်ပီတာစဘတ်၊ ယီကာတာရင်ဘာ့ဂ်မြို့တို့ရှိ ဂျာမနီ၏ ဂိုထေးယဉ်ကျေးမှုဗဟိုဌာနများကို ပိတ်သိမ်းမည်ဖြစ်သည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်က ပြောကြား ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# သမ္မတဒေါ်နယ်ထရမ့် မျက်နှာပုံထည့်သွင်းထားသည့် ဒင်္ဂါးသစ် အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာန ထုတ်ဝေ




**ဝါရှင်တန် စက်တင်ဘာ ၃**

အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာနသည် သမ္မတဒေါ်နယ်ထရမ့်၏ မျက်နှာပုံထည့်သွင်းခတ်နှိပ်ထားသည့် တစ်ဒေါ်လာတန် ဒင်္ဂါးသစ်ကို စက်တင်ဘာ၂ ရက်တွင် စတင်ထုတ်ဝေခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ဒင်္ဂါးသစ်များသည် အမေရိကန် လွတ်လပ်ရေးရရှိမှုနှစ် ၂၅၀ ပြည့်အဖြစ် ထုတ်ဝေထားသော အမှတ်တရဒင်္ဂါးများဖြစ်သော်လည်း လက်ရှိငွေကြေးလည်ပတ်မှုစနစ်အတွင်း သုံးစွဲနိုင်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ ဒင်္ဂါးသစ်များ၏ မျက်နှာစာတစ်ဖက်တွင် သမ္မတ ဒေါ်နယ်ထရမ့်၏ မျက်နှာပုံ၊ လွတ်လပ်ရေးဟူသည့် စကားလုံး၊ ၁၇၇၆-၂၀၂၆ ခုနှစ် များထည့်သွင်းခတ်နှိပ်ထားသည်။

အခြားတစ်ဖက်တွင်မူ အမေရိကန်သမ္မတများ၏ တံဆိပ်ဖြစ်သော လင်းယုန်ငှက်တံဆိပ်ကို ထည့်သွင်းထားသည်။

သို့ရာတွင် အဆိုပါဒင်္ဂါး၌ သမ္မတ ဒေါ်နယ်ထရမ့်၏ မျက်နှာပုံထည့်သွင်းထားမှုသည် အမေရိကန်ငွေစက္ကူများပေါ်၌ သက်ရှိထင်ရှားရှိနေဆဲ သမ္မတများ၏ ရုပ်ပုံထည့်သွင်းထားမှုကို ပိတ်ပင်ထားသည့် ဖက်ဒရယ်ဥပဒေတစ်ရပ်နှင့် ဆန့်ကျင်နိုင်ဖွယ်ရှိသော်လည်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနက တစ်စုံတစ်ရာ မှတ်ချက်ပေးခြင်း မရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# တရုတ်နိုင်ငံအခြေစိုက် ဂလက်စတစ်အင်နာဂျီကုမ္ပဏီက ပေါလက်စ်-၁ ဝိုင် ၁ ဒုံးပျံကို ပထမဆုံးအကြိမ်အဖြစ် အောင်မြင်စွာလွှတ်တင်ခဲ့



**ပေကျင်း စက်တင်ဘာ ၃**

တရုတ်နိုင်ငံအခြေစိုက် ဂလက်စတစ်အင်နာဂျီကုမ္ပဏီသည် စက်တင်ဘာ ၁ ရက်တွင် ပေါလက်စ်-၁ ဝိုင် ၁ အမည်ရှိ ဒုံးပျံကို ပထမဆုံးအကြိမ်အဖြစ် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း စက်တင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

ဂလက်စတစ်အင်နာဂျီကုမ္ပဏီသည် ပေါလက်စ်-၁ ဝိုင် ၁ ဒုံးပျံကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း တုန်ဖန်းအာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် ပေါလက်စ်-၁ ဝိုင် ၁ ဒုံးပျံသည် သယ်ဆောင်ထားသည့် ဂြိုဟ်တုတစ်စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ပေါလက်စ်-၁ ဝိုင် ၁ ဒုံးပျံပထမဆုံးအကြိမ် လွှတ်တင်မှုတွင် စမ်းသပ်မှုရည်ရွယ်ချက်အားလုံး ပြည့်မီခဲ့ပြီး မစ်ရှင်တစ်ခုလုံး အောင်မြင်မှု အပြည့်အဝရရှိခဲ့ကြောင်း ဂလက်စတစ် အင်နာဂျီကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ကိုယ်ထည်အလျား ၅၂ မီတာရှိသော ပေါလက်စ်-၁ ဝိုင် ၁ ဒုံးပျံသည် အလေးချိန် ငါးတန်မှခုနစ်တန်ထိရှိသည့် ဂြိုဟ်တုနှင့် အာကာသယာဉ်များကို ကမ္ဘာပတ်လမ်း အနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။

ပေါလက်စ်-၁ ဝိုင် ၁ ဒုံးပျံတွင် တပ်ဆင်ထားသည့် ဒုံးအင်ဂျင်များသည် တွန်းပင့်အား တန် ၃၅၀ ထိ ထုတ်ပေးနိုင်ကြောင်း ဂလက်စတစ် အင်နာဂျီကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။

Ref : Russia Today

Trs : KKO

# ရိုးရိုးလှေကားထစ် နေ့စဉ်အသုံးပြုခြင်းဖြင့် ရောဂါအမျိုးမျိုးကြောင့် ဆုံးပါးနိုင်ခြေကို လျှော့ချနိုင်

**လန်ဒန် စက်တင်ဘာ ၃**

ဓာတ်လှေကား သို့မဟုတ် စက်လှေကားများအစား ရိုးရိုးလှေကားထစ်များကို နေ့စဉ်အသုံးပြုခြင်းဖြင့် ရောဂါဘယများကြောင့် အသက်ဆုံးပါးနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ စက်တင်ဘာ ၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗြိတိန်နိုင်ငံ အိဒ်အင်ဂျလီယာ တက္ကသိုလ်မှ သုတေသနပညာရှင်များသည် လူပေါင်း ၄၅၀၀၀၀ ကျော် ပါဝင်သော လေ့လာချက်ပေါင်း ကိုးခုမှရရှိသည့် သတင်းအချက်အလက်များကို ပြန်လည်ဆန်းစစ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ ဓာတ်လှေကားနှင့် စက်လှေကားများအစား ရိုးရိုးလှေကားများကိုသာ နေ့စဉ်သုံးစွဲခြင်းဖြင့် နှလုံးရောဂါများကြောင့် အသက်ဆုံးပါးနိုင်ခြေကို ၃၉ ရာခိုင်နှုန်း လျှော့ချနိုင်သည်ကို တွေ့ရကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင်စက်လှေကားနှင့် ဓာတ်လှေကားများအစား ရိုးရိုးလှေကားများကိုသာ နေ့စဉ်အသုံးပြုသူများသည် စက်လှေကား၊ ဓာတ်လှေကားသုံးစွဲသူများထက် ရောဂါဘယအကြောင်းအမျိုးမျိုးကြောင့် အသက်ဆုံးပါးနိုင်ခြေ ၂၄ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း ဗြိတိန်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

နေ့စဉ်လှေကားထစ် အတက်အဆင်းပြုလုပ်မှုသည် အားကစားရုံသွားခြင်းကဲ့သို့မဟုတ်ဘဲ နေအိမ်တွင်လည်းကောင်း၊ အလုပ်ခွင်တွင်လည်းကောင်း အလွယ်တကူ ပြုလုပ်နိုင်သော လေ့ကျင့်ခန်းမျိုးဖြစ်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

Ref : Sputnik News

Trs : KKO

# အာကာသယာဉ်မှူး ဂျက်ဆီကာမိုင်ရာနှင့် ဆိုဖီအဒီနော့တို့က နိုင်ငံတကာအာကာသစခန်း ပြင်ပသို့ထွက်ခွာပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့

**ဝါရှင်တန် စက်တင်ဘာ ၃**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ အာကာသယာဉ်မှူး ဂျက်ဆီကာမိုင်ရာနှင့် ဥရောပ အာကာသအေဂျင်စီ အာကာသယာဉ်မှူး ဆိုဖီအဒီနော့တို့သည် စက်တင်ဘာ ၁ ရက်တွင် နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ထွက်ခွာ၍ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း စက်တင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

နိုင်ငံတကာ အာကာသစခန်း ပြင်ပသို့ထွက်ခွာစဉ် အဆိုပါ အာကာသယာဉ်မှူး နှစ်ဦးတို့သည် အာကာသယာဉ် ဆိုက်ကပ်မှုစနစ်ပစ္စည်းကိရိယာများနှင့် ဗီဒီယိုကင်မရာစနစ်တစ်ခုတို့ကို အစားထိုး တပ်ဆင်ပေးနိုင်ခဲ့သည်။

အာကာသယာဉ်မှူး နှစ်ဦးတို့၏ နိုင်ငံတကာ အာကာသစခန်းပြင်ပ



ထွက်ခွာမှုသည် ခြောက်နာရီ နှင့် ၄၉ မိနစ်ကြာမြင့်ခဲ့ကြောင်း နာဆာက သတင်းထုတ်ပြန်ထားသည်။

စက်တင်ဘာ ၁ ရက် နိုင်ငံတကာ အာကာသစခန်းပြင်ပထွက်ခွာမှုသည် နာဆာအာကာသယာဉ်မှူး ဂျက်ဆီကာမိုင်ရာအတွက် ခုနစ်ကြိမ်မြောက် ဖြစ်ပြီး ဥရောပ အာကာသအေဂျင်စီ အာကာသယာဉ်မှူး ဆိုဖီအဒီနော့အတွက် သုံးကြိမ်မြောက် ဖြစ်သည့်အပြင် ယခုနှစ်အတွင်း ပြုလုပ်ခဲ့သော ခုနစ်ကြိမ်မြောက် အာကာသစခန်းပြင်ပထွက်ခွာမှုလည်းဖြစ်သည်။

နိုင်ငံတကာ အာကာသစခန်း အာကာသ ယာဉ်မှူးများသည် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများအတွက် အာကာသစခန်းပြင်ပ ထွက်ခွာမှုပေါင်း ၂၈၄ ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်သည်။

Ref : Sputnik News

Trs : KKO

# လက်ချောင်းထိပ်သွေးဖောက်၍ ကိုလက်စထရောပါဝင်မှု စစ်ဆေးနည်းကို ဗြိတိန်၌ စတင်အသုံးပြုမည်

**လန်ဒန် စက်တင်ဘာ ၃**

အဖြေထွက်ရန် အချိန်ခုနစ်မိနစ်သာကြာမြင့်မည့် လက်ချောင်းထိပ်သွေးဖောက်၍ ကိုလက်စထရောပါဝင်မှုအဆင့် စစ်ဆေးနည်းကို ဗြိတိန်နိုင်ငံတစ်ဝန်း မကြာမီကာလအတွင်း စတင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။


သွေးအတွင်း ကိုလက်စထရော ပါဝင်မှုအဆင့်ကို ခုနစ်မိနစ်အတွင်း တိုင်းတာပေးနိုင်သည့် အဆိုပါလက်ချောင်းထိပ် သွေးဖောက်စစ်ဆေးနည်းကို ယခုနှစ်ဆောင်းဦးရာသီမှစ၍ အင်္ဂလန်၌ စတင် အသုံးပြုမည်ဖြစ်ကြောင်း အမျိုးသား ကျန်းမာရေးဝန်ဆောင်မှုဘုတ်အဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အင်္ဂလန်၌ အရွယ်ရောက်သူ ၁၀ ဦးလျှင် ခြောက်ဦးမှာ သွေးအတွင်း ကိုလက်စထရောပါဝင်မှု အဆင့်မြင့်မားသူများဖြစ်ကြသော်လည်း အများစုမှာ အထက်ပါပြဿနာရှိနေမှုကို သတိထားနိုင်ကြခြင်းမရှိပေ။

သွေးအတွင်း ကိုလက်စထရောပါဝင်မှုအဆင့် မြင့်မားပါက သွေးကြောများပိတ်ဆို့၍ နှလုံးရုတ်တရက်ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေတို့ မြင့်တက်လာတတ်ကြောင်း၊ ယခုနှစ် ဆောင်းဦးရာသီအတွင်း စတင်အသုံးပြုမည့်အဆိုပါ ကိုလက်စထရော စစ်ဆေးနည်းသည် လာမည့် ၁၀ နှစ်အတွင်း ကိုလက်စထရော မြင့်မားမှုပြဿနာကြောင့် အသက်ဆုံးပါးရမှုများကို လေးပုံတစ်ပုံထိလျှော့ချပေးနိုင်မည်ဖြစ်ကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO



# အင်္ဂါဂြိုဟ်၏ တောင်ယဉ်စွန်းတန်းဒေသ မြေအောက်နှင့် မြောက်ယဉ်စွန်းတန်းဒေသ မြေအောက်တို့က သဘာဝအားဖြင့်ကွဲပြားခြားနားမှုရှိနေ

**ဝါရှင်တန် စက်တင်ဘာ ၃**

အင်္ဂါဂြိုဟ်၏ တောင်ယဉ်စွန်းတန်းဒေသ မြေအောက်နှင့်မြောက်ယဉ်စွန်းတန်းဒေသ မြေအောက်တို့သည် သဘာဝအားဖြင့် ကွဲပြားခြားနားမှုရှိနေကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ စက်တင်ဘာ ၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်နိုင်ငံ အရီဇိုးနားတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အင်္ဂါဂြိုဟ် တောင်ယဉ်စွန်းတန်းဒေသ မြေအောက်အပူချိန်မှာ ၇၅၀ ဒီဂရီဖယ်ရင်ဟိုက် (၄၀၀ ဒီဂရီဆဲလ်စီယပ်)ထိရှိပြီး မြောက်ယဉ်စွန်းတန်း မြေအောက်ထက် ပို၍ပူနွေးကြောင်း သိရသည်။

ရှေးယခင်က ဂြိုဟ်များ၏ အတွင်းပိုင်းဖွဲ့စည်းပုံမှာ သဘာဝအားဖြင့် အချိုးညီသည်ဟု သိပ္ပံပညာရှင်များက ယူဆထားသည်။

သို့ရာတွင် အမေရိကန်သိပ္ပံပညာရှင်များက မိမိတို့၏လေ့လာတွေ့ရှိချက်အရ အင်္ဂါဂြိုဟ်၏ အတွင်းပိုင်း အပူချိန်မှာ ကွဲပြားခြားနားမှုရှိနေသည်ကို တွေ့ရကြောင်း၊ အင်္ဂါဂြိုဟ်မျက်နှာပြင်ဖွဲ့စည်းပုံမှာလည်း သဘောသဘာဝအားဖြင့် ကွဲပြားခြားနားကြောင်း သိရသည်။

အင်္ဂါဂြိုဟ်၏မြောက်ဘက်ခြမ်းကို မြေနိမ့်လွင်ပြင်များဖြင့် ဖွဲ့စည်းထားပြီး တောင်ဘက်ခြမ်းအပေါ်ယံမြေလွှာကမူ မြောက်ဘက်ခြမ်းအပေါ်ယံမြေလွှာထက် ပျမ်းမျှအားဖြင့် ၁၅ ဒသမ ၅ မိုင်ပို၍ ထူထဲသည်ကို တွေ့ရကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ အင်္ဂါဂြိုဟ်ပတ် အာကာသယာဉ် သုံးစင်းမှရရှိသည့် သတင်းအချက်အလက်များကို လေ့လာပြီးနောက် အင်္ဂါဂြိုဟ်အတွင်းပိုင်း ဖွဲ့စည်းပုံကို လေ့လာခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# LPGA ကမ္ဘာ့ဂေါက်သီးရိုက်မယ် အဆင့်သတ်မှတ်ချက်တွင် ပါအူလာ ထိပ်ဆုံး၌ရပ်တည်



**မက်ဒရစ် စက်တင်ဘာ ၃**

LPGA ကမ္ဘာ့ဂေါက်သီးရိုက်မယ် အဆင့် သတ်မှတ်ချက်များကို ယနေ့တွင် ထုတ်ပြန်ခဲ့ရာ စပိန် ဂေါက်သီးရိုက်မယ် ပါအူလာက အဆင့်(၁)နေရာ၌ ရပ်တည်နေကြောင်း LPGA သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

အသက် ၂၁ နှစ်ရှိ ပါအူလာသည် ယခုနှစ်အတွင်း Chevron Championship ဂေါက်သီးရိုက်ပြိုင်ပွဲ၊ U.S. Open ဂေါက်သီးရိုက်ပြိုင်ပွဲ၊ Women British Open ဂေါက်သီးရိုက်ပြိုင်ပွဲတို့တွင် ဝင်ရောက်ကစားခဲ့ရာ ရလဒ်ကောင်းများ ရယူခဲ့ပြီးနောက် LPGA ကမ္ဘာ့ဂေါက်သီးရိုက်မယ် အဆင့်သတ်မှတ်ချက်တွင် အဆင့်(၁)နေရာ၌ ရပ်တည်ခဲ့ခြင်းဖြစ်သည်။

ပါအူလာသည် Stanford University ကိုယ်စားပြုကစားသမားအဖြစ် နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက် ကစားနေသူဖြစ်ပြီး ယခုနှစ်အတွင်း ကစားခဲ့သည့် ပြိုင်ပွဲများတွင် ရလဒ်ကောင်းများ ရယူခဲ့သူဖြစ်သည်။

LPGA ကမ္ဘာ့ဂေါက်သီးရိုက်မယ်အဆင့်သတ်မှတ်ချက်၌ ပါအူလာ၏နောက်တွင် အမေရိကန်ဂေါက်သီးရိုက်မယ် အိုကီဖီက အဆင့်(၂)၊ ကိုလံဘီယာဂေါက်သီးရိုက်မယ်မာရင်က အဆင့်(၃)၊ အင်္ဂလန်ဂေါက်သီးရိုက်မယ် ရာဟိုဒက်က အဆင့်(၄)၊ ကနေဒါဂေါက်သီးရိုက်မယ် လူရန်ကင်က အဆင့်(၅)၊ အမေရိကန်ဂေါက်သီးရိုက်မယ်များဖြစ်သည့် အင်နာဒေးဗစ်က အဆင့်(၆)၊ အဲဗရီဝိဒ်က အဆင့်(၇)၊ ဘိုင်လီရှိုးမိတ်ကာက အဆင့်(၈)၊ မာရီယာက အဆင့်(၉)၊ အက်ရှ်လေယန်က အဆင့်(၁၀) နေရာတို့တွင် အသီးသီးရပ်တည်ခဲ့ကြောင်းသိရသည်။ Ref : LPGA

Trs : STA

# U.S. Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ဆာဘာလင်ကာနှင့် ပီဂူလာတို့ ကိုယ်စီအနိုင်ရပြီး တတိယအဆင့်သို့ တက်ရောက်

**ဝါရှင်တန် စက်တင်ဘာ ၃**

အမေရိကန်နိုင်ငံတွင် ကျင်းပနေသည့် U.S. Open အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်များကို ယနေ့တွင် ကျင်းပခဲ့ရာ ကမ္ဘာ့အဆင့်(၁) ဘယ်လာရုစ်တင်းနစ်မယ် ဆာဘာလင်ကာနှင့် အမေရိကန်တင်းနစ်မယ်ပီဂူလာတို့ ကိုယ်စီအနိုင်ရပြီး တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း Sportskeeda Tennis သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။





ဆာဘာလင်ကာသည် ဒုတိယအဆင့် ပွဲစဉ်အဖြစ် ရုရှားတင်းနစ်မယ်ပိုလီနာနှင့် ကစားခဲ့ရာ(၆-၁)၊ (၆-၁)ရလဒ်အနိုင်ရပြီး တတိယအဆင့်သို့ တက်ရောက်ခဲ့ကာ တတိယအဆင့်တွင် ဥဇဘက်ကစ္စတန်တင်းနစ်မယ် ရာခီမိုဗာနှင့် ဆက်လက်ကစားရမည်ဖြစ်သည်။

အလားတူ အမေရိကန်တင်းနစ်မယ်ပီဂူလာသည်လည်း တစ်နိုင်ငံတည်းသူ ဆိုဖီယာကီနင်နှင့် ကစားခဲ့ရာ(၆-၃)၊ (၆-၁)ရလဒ်ဖြင့် အနိုင်ရပြီးနောက် တတိယအဆင့်သို့တက်ရောက်ခဲ့ပြီး တတိယအဆင့်ပွဲစဉ်အဖြစ် ကနေဒါတင်းနစ်မယ် ဖာနန်ဒက်ဇ်နှင့် ကစားရမည်ဖြစ်သည်။

U.S. Open အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ တတိယအဆင့်ပွဲစဉ်များကို စက်တင်ဘာ ၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Ref : Sportskeeda Tennis

Trs : STA

# အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲအတွက် မဲခွဲမှုအပြီး မြန်မာနိုင်ငံကိုယ်စားပြု ရှေဝတီအသင်း အုပ်စု(A)တွင်ကျရောက်

**ရန်ကုန် စက်တင်ဘာ ၃**

အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲအတွက် မဲခွဲမှုကို ယနေ့တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံကိုယ်စားပြု ကလပ်အသင်းဖြစ်သည့် ရှေဝတီအသင်းက အုပ်စု(A)တွင် ကျရောက်ခဲ့ကြောင်းသိရသည်။

ရှေဝတီအသင်းသည် အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်ကို ပြီးခဲ့သည့်လအတွင်းက ဝင်ရောက်ကစားခဲ့ရာ အုပ်စုပထမနေရာတွင် ရပ်တည်ခဲ့ပြီး ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲအတွက် မဲခွဲမှုအပြီး အုပ်စု(A)တွင် ရှေဝတီအသင်းနှင့်အတူ လက်ရှိချန်ပီယံမြောက်ကိုရီးယားကလပ် Naegohyang FC အသင်း၊ ဂျပန်ကလပ် INAC Kobe Leonessa အသင်း၊ အီရန်ကလပ် Bam Khatoon FC အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲအုပ်စုအဆင့်ကို ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် လေးသင်းပါ သုံးအုပ်စု ကျင်းပမည်ဖြစ်ပြီး ရှေဝတီအသင်း ပါဝင်သည့် အုပ်စု(A)ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကာ အုပ်စု(B)ကို အိန္ဒိယနိုင်ငံ၊ အုပ်စု(C )ကို ဥဇဘက်ကစ္စတန်နိုင်ငံတို့က အိမ်ရှင်အဖြစ်ကျင်းပမည်ဖြစ်သည်။

အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို လာမည့်နိုဝင်ဘာလအတွင်း ကျင်းပမည်ဖြစ်ရာ အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စုပထမနှင့် ဒုတိယနေရာရရှိသည့် အသင်း ခြောက်သင်းနှင့် အကောင်းဆုံး အုပ်စုတတိယနေရာတွင်ရပ်တည်နိုင်မည့် အသင်းနှစ်သင်း စုစုပေါင်းရှစ်သင်းမှာ ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်မည်ဖြစ်ပြီး ကွာတားဖိုင်နယ်အဆင့်ကို ၂၀၂၇ ခုနှစ် မတ်လ၊ ဆီမီးဖိုင်နယ်အဆင့်နှင့် ဗိုလ်လုပွဲအဆင့်ကို မေလတို့တွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ STA

# ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ ဩဂုတ်လအကောင်းဆုံး ကစားသမားဆု ဆန်ခါတင်စာရင်းထုတ်ပြန်

**လန်ဒန် စက်တင်ဘာ ၃**

ပရီးမီးယားလိဂ် ပြိုင်ပွဲ၏ ဩဂုတ်လအတွက် တစ်လတာ အကောင်းဆုံး ကစားသမားဆု ဆန်ခါတင်စာရင်းကို ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း Premierleague.com သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

ပရီးမီးယားလိဂ် ပြိုင်ပွဲ၏ ဩဂုတ်လတစ်လတာ အကောင်းဆုံးဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းတွင် ပြီးခဲ့သည့် ပွဲစဉ်(၁)၏ အကောင်းဆုံးကစားသမားဆုရရှိခဲ့သည့် ချဲလ်ဆီးအသင်းမှ ကိုးလ်ပယ်မာနှင့် ပွဲစဉ်(၂)၏ အကောင်းဆုံးကစားသမားဆုဆွတ်ခူးခဲ့သည့် မန်ယူအသင်းမှ ဖာနန်ဒက်တို့ပါဝင်လာခဲ့ကြသည်။

ပရီးမီးယားလိဂ် ပြိုင်ပွဲ၏ ဩဂုတ်လအတွက် တစ်လတာ အကောင်းဆုံး ကစားသမားဆု ဆန်ခါတင် ကစားသမားစာရင်းတွင် ကိုးလ်ပယ်မာ၊ ဖာနန်ဒက်တို့နှင့်အတူ အာဆင်နယ်အသင်းမှ ကာလာဖီအိုရီ၊ မန်စီးတီးအသင်းမှ ချာကီ၊ ချဲလ်ဆီးအသင်းမှ ဂျာအိုပက်ဒရို၊ ဘရန့်ဖို့ဒ်အသင်းမှ ဆန်ဂါရီ၊ ဟူးလ်စီးတီးအသင်းမှ ဂိုးသမား ဗိုလာကစ်၊ နယူးကာဆယ်အသင်းမှ ဝုစ်ဆာတို့ပါဝင်ခဲ့ကြသည်။

အလားတူ ဩဂုတ်လအတွက် တစ်လတာအကောင်းဆုံး နည်းပြဆု ဆန်ခါတင်စာရင်းတွင်လည်း အာဆင်နယ်အသင်း နည်းပြ အာတီတာ၊ ချဲလ်ဆီးအသင်း နည်းပြ အလွန်ဆို၊ မန်စီးတီးအသင်းနည်းပြ မာရက်စ်ကာ၊ ဟူးလ်စီးတီးအသင်းနည်းပြ ဂျာကီရိုဗစ်ချ်တို့ ပါဝင်လာခဲ့ကြောင်း သိရသည်။

Ref : Premierleague.com

Trs : STA

# မူရာတယ်လာက IBF လိုက်ဝယ်တာဝိတ်တန်းတွင် ထိုးသတ်ရန် လိုက်ဝိတ်တန်းချန်ပီယံခါးပတ်ကို စွန့်လွှတ်ကြောင်းကြေညာ

**ဝါရှင်တန် စက်တင်ဘာ ၃**

အမေရိကန် လက်ဝှေ့သမား မူရာတယ်လာက IBF လိုက်ဝယ်တာဝိတ်တန်းသို့ ရွှေ့ပြောင်း ထိုးသတ်ရန်အတွက် လက်ရှိ IBF လိုက်ဝိတ်တန်း ချန်ပီယံခါးပတ်ကို စွန့်လွှတ်ကြောင်း ကြေညာခဲ့သည်ဟု Boxing News သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



မူရာတယ်လာသည် IBF လိုက်ဝိတ်တန်း ချန်ပီယံခါးပတ်ရရှိခဲ့ပြီးနောက် ချန်ပီယံခါးပတ်ကာကွယ်ပွဲစဉ်များအဖြစ် ပြီးခဲ့သည့် ဇန်နဝါရီလက ကျူးဘားလက်ဝှေ့သမားခရူးနှင့် ထိုးသတ်ခဲ့ရာ ၁၂ချီထိ ထိုးသတ်ခဲ့ပြီး အလဲထိုးရလဒ် မထွက်ပေါ်ခဲ့သော်လည်း မူရာတယ်လာက ဒိုင်အမှတ်ဖြင့်အနိုင်ရပြီး ချန်ပီယံခါးပတ်ကို ကာကွယ်ခဲ့ခြင်းဖြစ်သည်။

အလားတူ မူရာတယ်လာသည် ပြီးခဲ့သည့် ဩဂုတ်လကလည်း ဘရာဇီးလက်ဝှေ့သမား ကွန်စီကာအိုနှင့် ထိုးသတ်ခဲ့ရာဒိုင်အမှတ်ဖြင့် ထပ်မံအနိုင်ရပြီး ချန်ပီယံခါးပတ်ကိုနှစ်ကြိမ်ထိ ကာကွယ်ခဲ့ခြင်းဖြစ်သည်။

သို့သော် မူရာတယ်လာသည် IBF လိုက်ဝယ်တာဝိတ်တန်းတွင် ရွှေ့ပြောင်း ထိုးသတ်မည်ဖြစ်သည့်အတွက် လက်ရှိ IBF လိုက်ဝိတ်တန်းချန်ပီယံခါးပတ်ကို စွန့်လွှတ်ခဲ့ခြင်းဖြစ်သည်။

မူရာတယ်လာသည် ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝတွင် ၂၄ ပွဲ ထိုးသတ်ခဲ့ရာ ၂၄ ပွဲလုံးအနိုင်ရရှိအောင် စွမ်းဆောင်ထားပြီး လာမည့်ပွဲစဉ်များကို ဝိတ်တန်းရွှေ့ပြောင်းကာ IBF လိုက်ဝယ်တာဝိတ်တန်း ပွဲစဉ်များတွင် ဝင်ရောက်ထိုးသတ်မည် ဖြစ်ကြောင်းသိရသည်။ Ref : Boxing News

Trs : STA

# နိုင်ငံ့စီးပွားတိုးတက်ဖို့ ဝါသီးနှံ တိုးချဲ့စိုက်ကြစို့

ဒေါက်တာသူဇာဝင်း(စိုက်ပျိုးရေး)

လူသားတို့၏ အသက်ရှင်သန်ရပ်တည်ရေးတွင် အခြေခံအကျဆုံး မရှိမဖြစ်လိုအပ်ချက်မှာ စားရေး၊ ဝတ်ရေးနှင့် နေရေးဟူသော အရေးသုံးပါးဖြစ်သည်။ ဝါသီးနှံသည် လူသားတို့၏ခန္ဓာကိုယ်ကို အကာအကွယ်ပေးသည့် အဝတ်အထည်အဖြစ်သာမက အခြားသောလူသုံးကုန်ပစ္စည်းများထုတ်လုပ်ရာတွင်လည်း အရေးပါသည့် စက်မှုကုန်ကြမ်းသီးနှံတစ်မျိုးဖြစ်ပါသည်။

ယနေ့ ကမ္ဘာ့အထည်အလိပ်ဈေးကွက်တွင် ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်အသိမြင့်မားလာသည်နှင့်အမျှ ပိုလီအက်စတာ၊ နိုင်လွန် စသည့် ဓာတုအမျှင်တုများထက် သဘာဝဝါဂွမ်းထုတ်ကုန်များကို ပိုမိုဦးစားပေးဝယ်ယူလာကြသည်။ သဘာဝဝါဂွမ်းချည်ထည်များသည် လေဝင်လေထွက်ကောင်းမွန်ခြင်း၊ ခန္ဓာကိုယ်မှထွက်သော ချွေးနှင့်အစိုဓာတ်ကို သဘာဝအတိုင်းအငွေ့ပြန်စေခြင်းနှင့် ရာသီဥတုအမျိုးမျိုးတွင် ခန္ဓာကိုယ်အပူချိန်ကို မျှတစွာထိန်းညှိပေးနိုင်ခြင်း စသည့်ဂုဏ်သတ္တိများရှိသည်။ ထို့ကြောင့် ဝါချည်ထုတ်ကုန်များသည် ကမ္ဘာတစ်ဝန်းတွင် ဝယ်လိုအားမြင့်မားလျက်ရှိရာ ပြည်တွင်း၌ အရည်အသွေးမီဝါဂွမ်းများကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ပါက ခိုင်မာသောဈေးကွက်သစ်များကို ရယူဖန်တီးနိုင်မည်ဖြစ်သည်။

ထို့ပြင် ဝါစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာအောင်ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍကိုသာမက စက်မှုကုန်ထုတ်ကဏ္ဍကိုပါ တစ်ပြိုင်နက်တည်း တိုးတက်စေနိုင်သည်။ ဝါစိုက်ပျိုးခြင်းသည် ကျေးလက်နေတောင်သူလယ်သမားများ၏ဝင်ငွေကို မြင့်မားစေရုံမျှမက ဝါကြိတ်စက်များ၊ ချည်မျှင်နှင့်ရက်ကန်းစက်ရုံများ၊ အထည်ချုပ်လုပ်ငန်းများတွင်ပါ ပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်ပြီး အသေးစား၊အငယ်စားနှင့် အလတ်စားစီးပွားရေး (MSMEs)လုပ်ငန်းများကိုပါ ဖွံ့ဖြိုးတိုးတက်စေနိုင်သည်။

လက်ရှိကာလတွင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရန် စိုက်ပျိုးရေးလုပ်ငန်းများကို အခြေခံသော MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အားပေးကူညီလျက်ရှိသည်။ သို့ဖြစ်ရာ စိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍ နှစ်ခုစလုံးကို အပြန်အလှန်ချိတ်ဆက်ပေးထားသည့် အခြေခံမရှိမဖြစ်စက်မှုကုန်ကြမ်းသီးနှံဖြစ်သော ဝါစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများကိုလည်း နိုင်ငံ့စီးပွားရေးမောင်းနှင်အားတစ်ရပ်အဖြစ် အလေးထားအားပေးဆောင်ရွက်နေသည်။ ဝါဂွမ်းမှတစ်ဆင့် ချည်ထည်နှင့် ကုန်ချောများထုတ်လုပ်ကာ ပြည်ပသို့တင်ပို့နိုင်ပါက တောင်သူတို့ဘဝဖွံ့ဖြိုးရုံမျှမက နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေများစွာကို ရှာဖွေပေးနိုင်မည်ဖြစ်သည်။

ဝါသီးနှံသည် အစိတ်အပိုင်းအားလုံးကိုအသုံးချနိုင်သည့် ဘက်စုံသုံးသီးနှံလည်းဖြစ်သည်။ ဝါသီးနှံစိုက်ပျိုးရာမှရရှိလာသောဝါပေါက်များကို သန့်စင်၍ ရရှိသည့်ဝါဂွမ်းကို အထည်အလိပ်၊ ဆေးဝါးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများတွင် အသုံးပြုနိုင်သည်။ ထို့ပြင် ဝါစေ့ခွံပေါ်တွင် ကပ်ကျန်နေသည့် အမျှင်တိုလေးများဖြစ်သည့် လင်တာဂွမ်း(Linters) တွင်ပါဝင်သည့်အမျှင်ဓာတ်သည် ခိုင်မာမှုမြင့်မားသဖြင့် ငွေစက္ကူများနှင့် အဆင့်မြင့်စက္ကူများ၊ ရုပ်ရှင်ဖလင်များ၊ ဓာတ်မှန်ဖလင်များ စသည်တို့ထုတ်လုပ်ရာတွင် အသုံးပြုနိုင်သည်။ ဝါစေ့ကို ကြိတ်ခွဲသန့်စင်ပြီး စားသုံးဆီအဖြစ် ထုတ်လုပ်နိုင်သည်။ ဆီကြိတ်ပြီးကျန်ရှိသော ဝါစေ့ကြိတ်ဖတ်များတွင် ပရိုတင်းဓာတ်ကြွယ်ဝသဖြင့် နို့စားနွားနှင့် အခြားမွေးမြူရေးတိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်သည်။ ဝါမှထုတ်လုပ်သည့်ကုန်ပစ္စည်းများသည် သဘာဝအတိုင်းဆွေးမြည့်ပျက်စီးနိုင်သဖြင့် ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုမရှိဘဲ သဘာဝဂေဟစနစ်ကို ထိန်းသိမ်းပေးနိုင်သည်။



နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် အဓိကအရေးကြီးသည်မှာ ကုန်ထုတ်လုပ်မှုပင်ဖြစ်ပြီး ဝါစိုက်ပျိုးထုတ်လုပ်သည့်လုပ်ငန်းမှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်သည်။

"မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရချိန်တွင် ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ စိစစ်ကြည့်ရာ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် စိုက်ဧက ရှစ်သိန်းကျော်ခန့်ရှိခဲ့ပြီး ၂၀၁၉-၂၀၂၀ ခုနှစ်တွင် လေးသိန်းခန့်သာရှိခဲ့ကြောင်း၊ နှစ်အလိုက်ဝါစိုက်ပျိုးမှုများ၊ ဝါစိုက်ဧကများ လျော့နည်းကျဆင်းလာခဲ့သည်ကို တွေ့ရှိရကြောင်း၊ လူတို့၏ဘဝတွင် အဝတ်အထည်သည် မွေးစမှ သေဆုံးသည်ထိ နေ့စဉ်အသုံးပြုနေရသည်ဖြစ်သဖြင့် ဝါသည်အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ဝါသည် နိုင်ငံတော်အတွက် အရေးကြီးသည့် စိုက်ပျိုးရေးထုတ်ကုန်တစ်ခုဖြစ်ပြီး ဝါမှ ဝါဂွမ်း၊ ဝါဂွမ်းမှ ချည်နှင့် ချည်ထည်များ၊ ဝါစေ့မှ ဆီနှင့် တိရစ္ဆာန်အစာအဖြစ် ပြုလုပ်နိုင်သည့် ဝါစေ့ကြိတ်ဖတ်များကို ထုတ်လုပ်နိုင်ကြောင်း၊ ထို့ကြောင့် ဝါမှတစ်ဆင့် စက်မှုလုပ်ငန်းများကို ဆက်စပ်ဆောင်ရွက်နိုင်သည်ဖြစ်သဖြင့် အမှန်တကယ်အကျိုးရှိသည့် လုပ်ငန်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ယခင်က ချည်မျှင်ရှည်ဝါထွက်ရှိသည်ဟု ဆိုသော်လည်း အဆင့်မီရန်လိုအပ်နေဆဲဖြစ်သဖြင့် ပြည်ပနိုင်ငံများမှ အဆင့်မီဝါမျိုးများကို တင်သွင်းစိုက်ပျိုးခဲ့ကြရကြောင်း၊ ဝါအရည်အသွေးကောင်းမွန်မှ ချည်အရည်အသွေးကောင်းမွန်မည်ဖြစ်ပြီး အထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်သည့်ဝါများ ရရှိရေးအတွက် စိုက်ပျိုးရေးတွင် အဓိကအချက်လေးချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်း လေးရပ်ဖြင့် ပြည့်စုံရန်လိုကြောင်း၊ အရည်အသွေးကောင်းမွန်သည့်မျိုးများ ရရှိအောင်ဆောင်ရွက်ရမည်၊ မြေကောင်းမွန်မှုရှိစေရေး စနစ်တကျပြုပြင်ရမည်၊ စိုက်ပျိုးရေနှင့် အောင်ရေများ လုံလောက်စွာရရှိရမည်၊ နည်းစနစ်တကျဖြင့် အမြဲသုတေသနပြုစိုက်ပျိုးရမည်ဖြစ်ကြောင်း" ဇူလိုင် ၁၂ ရက်က မကွေးမြို့တွင် ကျင်းပသည့် " ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့" ဆွေးနွေးပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်။

အတိတ်သမိုင်းကို ပြန်ကြည့်မည်ဆိုပါက ဝါသီးနှံသည် ရှေးမြန်မာမင်းများလက်ထက်ကတည်းက နိုင်ငံ့စီးပွားရေးနှင့် ပြည်သူတို့၏ လူမှုဘဝအတွက် အလွန်အရေးပါခဲ့သည့် မဟာဗျူဟာမြောက်စက်မှုကုန်ကြမ်းသီးနှံဖြစ်ခဲ့သည်။ ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက်တွင် ဝါသီးနှံကို တော်ဝင်သီးနှံအဖြစ် သတ်မှတ်ပေးခဲ့ပြီး ဘုရင်မင်းမြတ်ကိုယ်တိုင် ဝါအထွက်နှုန်းတိုးတက်ရေးနှင့် ပြည်ပသို့ ဝါဂွမ်းတင်ပို့ရောင်းချနိုင်ရေးကို ဦးဆောင်အားပေးခဲ့ကြောင်း သမိုင်းမှတ်တမ်းများ၌ ခိုင်မာစွာတွေ့ရှိရသည်။ ထိုစဉ်ကတည်းက မြန်မာ့ဝါဂွမ်းသည် ပြည်တွင်းဝတ်ဆင်ရေးလိုအပ်ချက်ကို ကျေပွန်စွာဖြည့်ဆည်းပေးရုံမျှမက အိမ်နီးချင်းနိုင်ငံများသို့ပင် တန်ဖိုးရှိ စီးပွားရေးကုန်စည်အဖြစ် တင်ပို့နိုင်ခဲ့သဖြင့် ဝါသီးနှံသည် ရှေးယခင်ကတည်းက မြန်မာ့မြေတွင် အောင်မြင်ဖြစ်ထွန်းခဲ့သော နိုင်ငံ့ဂုဏ်ဆောင် တော်ဝင်သီးနှံတစ်မျိုးဖြစ်ခဲ့သည်။

မြန်မာနိုင်ငံတွင် ဝါစိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရန် စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိသည်။ လက်ရှိ ဝါမျိုးစုံစိုက်ဧက ၅ ဒသမ ၅ သိန်းခန့်စိုက်ပျိုးလျက်ရှိပြီး ၂၀၂၇-၂၀၂၈ စိုက်ရာသီတွင် ဧက ခြောက်သိန်းထိ တိုးမြှင့်စိုက်ပျိုးထုတ်လုပ်နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။ ယခုထွက်ရှိနေသည့် ဝါအထွက်နှုန်းနှင့် စိုက်ဧကမှန်ကန်ပါက ပိုလျှံမှုများစွာရှိမည်ဖြစ်သောကြောင့် မြန်မာ့ဝါကို ပြည်တွင်းသုံးစွဲမှုအပြင် ပြည်ပသို့တင်ပို့နိုင်မည်ဖြစ်သည်။ လက်ရှိတွင် ဝါအထွက်နှုန်းသည် ပျမ်းမျှတစ်ဧကတွင် ၄၉၉ ပိဿာသာ ရှိသောကြောင့် ပန်းတိုင်အထွက်နှုန်း ပိဿာ ၇၀၀ ထိ ထွက်ရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံခြားဝင်ငွေများစွာ ရနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်က အားပေးဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အဓိကသီးနှံ ၁၄ မျိုးတွင် ပါဝင်သည့်ဝါသီးနှံကို တစ်ဧကလျှင် ပန်းတိုင်အထွက်နှုန်း ပိဿာ ၇၀၀ ထွက်ရှိရေးအတွက် ရည်မှန်းချက်ထားဆောင်ရွက်နေသည်။ ပန်းတိုင်အထွက်နှုန်း ရရှိနိုင်ရန် စိုက်ပျိုးရေး၌ မရှိမဖြစ်လိုအပ်ချက်များဖြစ်သော မျိုး၊ မြေ၊ ရေ၊ နည်း အချက်လေးချက်ကို ပြည့်စုံအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ တောင်သူလယ်သမားများအနေဖြင့် မျိုးကောင်းမွန်မှုရှိစေရေးအတွက် မျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးခြင်း၊ မြေအရည်အသွေးကောင်းမွန်အောင် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများတွဲဖက်အသုံးပြု၍ ဘက်စုံအာဟာရဓာတ်စီမံခန့်ခွဲမှုစနစ်ကိုကျင့်သုံးခြင်း၊ ရေလိုအပ်သည့်အချိန်တွင် ဖြည့်စွက်ရေသွင်းပေးခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးလျက်ရှိသည့် ခေတ်မီစိုက်ပျိုးနည်းစနစ်များကို လိုက်နာကျင့်သုံးရမည်ဖြစ်သည်။

ထိုသို့ စိုက်နည်းစနစ်များမှန်ကန်ပါက ဝါစိုက်ပျိုးရေးလုပ်ငန်းများအနေဖြင့် ပန်းတိုင်အထွက်နှုန်းကို ရရှိနိုင်မည်ဖြစ်ပြီး ယခုထက်ပိုမို အောင်မြင်လာမည်ဖြစ်သည်။ ဝါစိုက်တောင်သူများ အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ခြင်းသည် ၎င်းတို့၏ဝင်ငွေတိုးတက်စေရုံမျှမက လယ်ယာကဏ္ဍအတွက် ဝင်ငွေတိုးတက်စေပြီး နိုင်ငံ့စီးပွားတိုးတက်ရေးကိုပါ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ဝါမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်မည်ဆိုလျှင် အရည်အသွေးကောင်းမွန်သည့် ချည်မျှင်များ ရရှိမည်ဖြစ်သဖြင့် ဝါမျိုးကောင်းမျိုးသန့်များ ရရှိစေရေးအတွက် နိုင်ငံတော်က အထူးအလေးထား၍ ဆောင်ရွက်ပေးလျက်ရှိသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့်လည်း မျိုးကောင်းမျိုးသန့် ဝါမျိုးစေ့အပါအဝင် လိုအပ်သည့်စိုက်ပျိုးနည်းအသိပညာများကို တောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးပေးလျက်ရှိသည်။ တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးလျက်ရှိသည့် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ(GAP)၊ ဘက်စုံအာဟာရဓာတ်စီမံခန့်ခွဲခြင်းစနစ်နှင့် ဘက်စုံပိုးမွှားရောဂါကာကွယ်ရေးစနစ်များကို ဟန်ချက်ညီညီ လိုက်နာကျင့်သုံးဆောင်ရွက်ရမည်ဖြစ်သည်။

ဝါသီးနှံသည် လူသားတို့၏ အခြေခံဝတ်ရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးရုံသာမက ကျန်းမာရေး၊ ကျေးလက်စီးပွားရေး၊ စက်မှုကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ ပတ်ဝန်းကျင်ဂေဟစနစ်ထိန်းသိမ်းရေးနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ထိ ဘက်ပေါင်းစုံမှအကျိုးပြုနေသည့် အဖိုးတန်စက်မှုကုန်ကြမ်းသီးနှံဖြစ်သည်။ ယခုအခါတွင် ဝါစိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရန် နိုင်ငံတော်က အထူးအလေးထား အားပေးကူညီပံ့ပိုးပေးလျက်ရှိသဖြင့် ဝါစိုက်တောင်သူလယ်သမားများအနေဖြင့် အခွင့်ကောင်းကို လက်လွတ်မခံဘဲ စိုက်ဧကများတိုးချဲ့စိုက်ပျိုးကြရန်နှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီအောင်ဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ရတနာဂူဘုရားပွဲတော်ကို အစဉ်အလာမပျက် ကျင်းပသွားမည်



ယခင်နှစ်က ရတနာဂူဘုရားပွဲတော်ကို တွေ့ရစဉ်။

**မန္တလေး စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ရတနာဂူဘုရားပွဲတော်ကို စက်တင်ဘာ ၅ ရက်မှ စက်တင်ဘာ ၁၁ ရက်ထိ အစဉ်အလာမပျက် ကျင်းပသွားမည်ဖြစ်ကြောင်း ရတနာဂူဘုရားပွဲတော်ကျင်းပရေး ကော်မတီထံမှ သိရသည်။

ရတနာဂူဘုရားပွဲတော်ကို နှစ်စဉ် ဝါခေါင်လပြည့်ကျော် ၈ ရက်မှ ဝါခေါင်လကွယ်နေ့ထိ ကျင်းပလေ့ရှိပြီး မန္တလေး အမရပူရ၊ တံတားဦး၊ စစ်ကိုင်း စသည့် အနီးဝန်းကျင်မြို့များမှ ဘုရားပွဲလာ ပြည်သူများဖြင့် စည်ကားသည့် အထင်ကရပွဲတော်တစ်ခုဖြစ်ကြောင်း သိရသည်။

"ရတနာဂူဘုရားပွဲတော်ကို စက်တင်ဘာ ၅ ရက်ကနေ စက်တင်ဘာ ၁၁ ရက်ထိ ကျင်းပသွားမှာပါ။ မယ်တော်နတ်ပွဲကတော့ ဝါခေါင်လပြည့်ကျော် ၈ ရက်က စပြီး နတ်ညီလာခံများ၊ တက်ပွဲများ စတင်ကျင်းပမှာ ဖြစ်ပါတယ်။ လပြည့်ကျော် ၁၀ ရက်မှာ ချိုးရေတော်သုံးပွဲတော်၊ လကွယ်နေ့မှာ ထိန်ခုတ်ပွဲ၊ မယ်တော်ပို့ပွဲတွေ ကျင်းပပြုလုပ်ပြီးတော့ သံဃာတော်တွေကို စာရေးတံမဲနဲ့ ဆွမ်းကြီးလောင်းလှူကာ ပွဲတော်ပိတ်သိမ်းမှာ ဖြစ်ပါတယ်" ဟု ရတနာဂူဘုရားပွဲတော်ကျင်းပရေး ကော်မတီဝင် ဦးကျော်သိန်းက ပြောပြသည်။

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ငယ်တိုးကျေးရွာ၌တည်ရှိသည့် ရတနာဂူစေတီတော်ကို မြန်မာသက္ကရာဇ် ၁၇၄ ခုနှစ်တွင် အင်းဝဘုရင် မင်းကြီး စွာစော်ကဲက တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ASH

# Tap Twice ရုပ်ရှင်ဇာတ်ကားသစ် ရိုက်ကူးမှုလုပ်ငန်း ပြီးဆုံးခဲ့ပြီဖြစ်

**နယူးယောက် စက်တင်ဘာ ၃**

Tap Twice အမည်ရှိ သဘာဝလွန်လျှို့ဝှက်ဆန်းကြယ် ရုပ်ရှင်ဇာတ်ကားသစ် ရိုက်ကူးမှုလုပ်ငန်း ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း စက်တင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

Tap Twice ဇာတ်ကားကို ဒါရိုက်တာ အင်ဒရူးကင်းဘတ်ဘက်ချလာက လော့စ်အိန်ဂျလိစ်မြို့တော်၌ ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

Tap Twice ဇာတ်ကားသည် စကားလုံးတိုင်းကို နံရံများက မှတ်တမ်းတင်ထားတတ်သည့် စံအိမ်တစ်လုံးတွင် နေထိုင်သော ဇနီးမောင်နှံနှစ်ဦး၏ အကြောင်းကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။

ဒါရိုက်တာ အင်ဒရူးကင်းဘတ်ဘက်ချလာသည် အထက်ပါဇာတ်ကားကို ရိုက်ကူးပေးထားသည့်အပြင် ကိုယ်တိုင်လည်း ပါဝင်သရုပ်ဆောင်ထားသည်။

အဆိုပါ ဇာတ်ကားတွင် အင်ဒရူးကင်းဘတ် ဘက်ချလာအပြင် မင်းသမီး ချယ်ဆီးတာဗာရက်၊ မင်းသား ဂျိုအယ်မက်ကင်နွန်မီလာနှင့် မင်းသမီး ကာဆန်ဖာဂျာဘက်ကီတို့လည်း ပါဝင်သရုပ်ဆောင်ထားပြီး Tap Twice ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုလည်း ဒါရိုက်တာ အင်ဒရူးကင်းဘတ်ဘက်ချလာကပင် ရေးသားပေးထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# တေးသံရှင် စန္ဒီမြင့်လွင်၊ ဝိုင်းစုခိုင်သိန်း၊ အာဒန်ဦး၊ ထက်ယံတို့၏ Memory in Melody တေးဂီတဖျော်ဖြေပွဲ ပြုလုပ်မည်ဖြစ်

**ရန်ကုန် စက်တင်ဘာ ၃**

တေးသံရှင် စန္ဒီမြင့်လွင်၊ ဝိုင်းစုခိုင်သိန်း၊ အာဒန်ဦး၊ ထက်ယံတို့၏ Memory in Melody တေးဂီတဖျော်ဖြေပွဲကို စက်တင်ဘာ ၂၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ ကမ်းနားဟိုတယ်၌ ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် ဝိုင်းစုခိုင်သိန်းထံမှ သိရသည်။

အဆိုပါ တေးသံရှင် စန္ဒီမြင့်လွင်၊ ဝိုင်းစုခိုင်သိန်း၊ အာဒန်ဦး၊ ထက်ယံတို့၏ Memory in Melody တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ တစ်ဦးချင်း သီဆိုဖျော်ဖြေမှုများ၊ စုံတွဲသီချင်းနှင့် စုပေါင်းသီဆိုမှုများအပြင် တေးသံရှင်များ၏ Performances များကိုလည်း မြင်တွေ့ရမည်ဖြစ်ကြောင်း သိရသည်။




"ဝိုင်းစုနဲ့အတူ အမှတ်တရည တစ်ည ဖန်တီးကြမယ်။ Memory in Melody မှာ ဝိုင်းစုရဲ့ အကောင်းဆုံးသီချင်းတွေ၊ ပရိသတ်ရင်ထဲမှာ အမှတ်တရဖြစ်နေတဲ့ သီချင်းတွေကို Live နားထောင်ရင်း အတူတူသီဆိုဖို့ အဆင်သင့်ဖြစ်နေပြီလို့ထင်ပါတယ်။ ဒီတစ်ခေါက်မှာ Solo Performances တွေအပြင် ဘယ်လို Surprise တွေရှိမလဲဆိုတာ ပွဲနေ့မှာ အတူတူစောင့်ကြည့်ကြမယ်နော်"ဟု တေးသံရှင် ဝိုင်းစုခိုင်သိန်းက ပြောပြသည်။

Memory in Melody တေးဂီတဖျော်ဖြေပွဲကို ကမ်းနားဟိုတယ်တွင် စက်တင်ဘာ ၂၀ ရက် ညနေ ၆ နာရီမှ ည ၁၀ နာရီထိ ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# နိုင်ငံတကာရုပ်ရှင်ဇာတ်ကား အော်စကာဆုအတွက် 9 Temples to Heaven ကို ရွေးချယ်

**ဘန်ကောက် စက်တင်ဘာ ၃**

၉၉ ကြိမ်မြောက် အော်စကာ ရုပ်ရှင်ဆုပေးပွဲ အကောင်းဆုံးနိုင်ငံတကာ ရုပ်ရှင်ဇာတ်ကား အော်စကာဆုအတွက် ထိုင်းနိုင်ငံကိုယ်စားပြု ပြိုင်ပွဲဝင်ဇာတ်ကားအဖြစ် 9 Temples to Heaven ဇာတ်ကားကို ထိုင်းအမျိုးသားရုပ်ရှင်အစည်းအရုံးက ရွေးချယ်ထားကြောင်း စက်တင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

ထိုင်းအမျိုးသား ရုပ်ရှင်အစည်းအရုံးသည် ဆန်ခါတင် ထိုင်းဇာတ်ကား ရှစ်ကားအနက် 9 Temples to Heaven ဇာတ်ကားကို နိုင်ငံတကာ ရုပ်ရှင်ဇာတ်ကား အော်စကာဆုအတွက် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

9 Temples to Heaven ဇာတ်ကားကို ထိုင်းဒါရိုက်တာ ဆွစ်ပေါ့ချစ်ဂါဆောင်ပေါင်ဆီက ရိုက်ကူးထားခြင်းဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် မကြာမီကာလအတွင်း မိခင်ကွယ်လွန်လိမ့်မည်ဟု ဗေဒင်ဆရာတစ်ဦးက ဟောကိန်းထုတ်ခဲ့ပြီးနောက် ထိုဟောကိန်းကို ချေဖျက်ရန် ကြိုးစားခဲ့သည့် ထိုင်းစီးပွားရေးလုပ်ငန်းရှင်တစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ရွှေရတုခန်းမ၌ ရုပ်ရှင်လူငယ်ဖွံ့ဖြိုးတိုးတက်ရေး အကျိုးပြုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ သဘောတူညီချက် လက်မှတ်ရေးထိုး

**ရန်ကုန် စက်တင်ဘာ ၃**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး လူငယ်အရင်းအမြစ် တိုးတက်ရေးကော်မတီနှင့် CANN ARTT ACADEMY တို့ ရုပ်ရှင်လူငယ်ဖွံ့ဖြိုးတိုးတက်ရေး အကျိုးပြုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ သဘောတူညီချက် လက်မှတ်ရေးထိုးခြင်းကို စက်တင်ဘာ ၂ ရက်က မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ရွှေရတုခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။


ထိုကဲ့သို့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းရုံးနှင့် CANN ARTT ACADEMY တို့ ပူးပေါင်းခြင်းဖြင့် ရုပ်ရှင်လူငယ်ဖွံ့ဖြိုးတိုးတက်ရေး အကျိုးပြုလုပ်ငန်းများကို ပိုမိုပွင့်လင်းမြင်သာမှု ရှိစေရေး ဆောင်ရွက်သွားမည် ဖြစ်ပြီး ရုပ်ရှင်မျိုးဆက်သစ်များ ပေါ်ထွက်လာစေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

"CANN ARTT ACADEMY အနေနဲ့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအောက်မှာရှိတဲ့ လူငယ်အရင်းအမြစ်တိုးတက်ရေး ကော်မတီရဲ့ ခေါင်းစဉ်အောက်ကနေ ရုပ်ရှင်ကို စိတ်ဝင်စားတဲ့ လူငယ်တွေအတွက် ဘာလုပ်ပေးရင် အခွင့်အလမ်းတွေ ရမလဲဆိုတာကို စတင်စဉ်းစားဖြစ်ခဲ့တာပါ။ မြန်မာရုပ်ရှင်ရဲ့ အချက်အလက်တွေကို ကလေးတွေ အလွယ်တကူနဲ့သိဖို့၊ ဒီအပေါ် စိတ်ဝင်စားဖို့ အစည်းအရုံးမှာရှိတဲ့ Library Archive အနေနဲ့ နိုင်သလောက်လေး စတင်ဖြစ်တာပါ" ဟု သရုပ်ဆောင် နေမင်း (CANN ARTT Academy) က ပြောပြသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေး၊ ဇော်မြင့်ဦး၊ ချမ်းသာကြည်စိုး၊ ခန့်စည်သူနှင့် CANN ARTT ACADEMY က သရုပ်ဆောင် နေမင်း စသည့်အနုပညာရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ASH

# Vice President U Nyo Saw delivers speech at 11th Eastern Economic Forum in Vladivostok, Russia




Vice President U Nyo Saw delivers a speech at the 11th Eastern Economic Forum held in Vladivostok, Russia.

**Vladivostok September 3**

Vice President U Nyo Saw, who is currently in Vladivostok, Russian Federation, attended and delivered a speech at the plenary session of the 11th Eastern Economic Forum held at a building on the campus of the Far Eastern Federal University in Vladivostok at 4 pm local time on September 3.

The session was moderated by Kirill Tokarev of RBC TV Channel. Speeches were delivered by President Vladimir Putin of the Russian Federation, President Prabowo Subianto of Indonesia, Prime Minister Nyam-Osoryn Uchral of Mongolia, Vice Premier Ding Xuexiang of the People's Republic of China, and Vice President U Nyo Saw. Diplomats, representatives, businesspeople, economists and invited guests from the Russian Federation and partner countries also attended.

In his speech, the Vice President said the Eastern Economic Forum plays an important role in promoting economic cooperation, investment, technological innovation and connectivity in the Asia-Pacific region, strengthening partnerships and identifying opportunities for sustainable development.

He said that, following the recent meeting between Russian President Vladimir Putin and Myanmar President U Min Aung Hlaing, Myanmar and Russia have continued to successfully strengthen and implement mutual trust, friendship and cooperation.

He noted that digital transformation, artificial intelligence, innovation and modern infrastructure can create opportunities for businesses and play an important role in improving public services and socio-economic development.

He said Myanmar is working to promote digital development by enhancing digital skills and innovation and applying modern technologies in the agriculture, industrial, education, healthcare and public administration sectors.

The Vice President said Myanmar occupies a strategically important geographical position in Asia and serves as a land bridge connecting the markets of India, China and ASEAN. Through its participation in ASEAN, the Lancang-Mekong Cooperation and BIMSTEC, Myanmar has opportunities to enhance regional trade and economic connectivity.

He also said Myanmar is situated at the center of the India-Myanmar-Thailand Trilateral Highway, the ASEAN Highway Network, the East-West Economic Corridor and the China-Myanmar Economic Corridor. Myanmar is working with international partners to capitalize on these opportunities, develop the agriculture and livestock sectors to contribute to regional food security, and promote renewable energy and electricity development.

He said President U Min Aung Hlaing had recently undertaken official visits to the Russian Federation, India, China, Laos, Belarus and Thailand, which not only further strengthened existing bonds of friendship and cordial relations but also enabled the expansion of practical cooperation for mutual benefit.

Although Myanmar and Russia are geographically distant, the two countries maintain close bilateral relations based on multifaceted cooperation, mutual support on regional and international issues, and longstanding friendship, he said.

Myanmar is ready to continue cooperating with all regional and international partners to build a strong, inclusive and comprehensively developed region, the Vice President said.

Union Minister for Electricity and Energy U Ko Ko Lwin, deputy ministers, the Myanmar Ambassador to the Russian Federation and officials also attended the plenary session of the Eastern Economic Forum.

MNA

# Iran's Army says struck U.S. bases in UAE, Kuwait with drones, missiles

**Abu Dhabi September 3**

Iran's Army said Thursday that its forces have struck U.S. military bases in the United Arab Emirates (UAE) and Kuwait with missiles and kamikaze drones earlier in the day.

In a statement on its website, the army said the strikes were in revenge for the Iranian military personnel and civilians killed in recent U.S. attacks against Iran.

It added that its forces targeted the U.S. Army's satellite communications systems, equipment warehouses, and a fighter aircraft hangar at the Ahmad al-Jaber Air Base in Kuwait, causing damage to the communications systems and the hangar.

The army said it also struck the U.S. troops and radar systems at the Al Minhad Air Base in the UAE, stressing that its forces' responses to any attack by the U.S. Army will be "harsh and devastating, and will continue until achieving the ultimate victory and punishing the aggressor."

On Wednesday, U.S. Central Command said in a post on social media platform X that its forces had "successfully completed a wave of strikes against Iranian military targets," citing "recent attempted attacks by the Islamic Revolution Guard Corps against commercial shipping in the Strait of Hormuz and against American service members."

Iran responded by attacking U.S. bases and assets in Jordan, Kuwait, Bahrain, Iraq's semi-autonomous Kurdistan region, and the UAE.

In a Thursday post on X, Hossein Kermanpour, head of the Iranian health ministry's public relations, said 18 people were killed and 142 others injured in the U.S. attack against Iran between Aug. 30 and Sept. 2.

Kuwait on Thursday condemned repeated Iranian attacks on the country, saying the latest strike at dawn posed a "direct threat" to its security and stability.

In a statement on X, the Kuwaiti Foreign Ministry said the attacks constituted a flagrant violation of the country's sovereignty and a grave breach of international law, the UN Charter, and UN Security Council Resolution 2817.

It described the continued attacks as a "dangerous escalation" that threatens regional security and stability and undermines diplomatic efforts to de-escalate and reduce tensions.

Xinhua

# Over 80 migrants feared dead after boat found off Spain's Canary Islands

**Madrid September 3**

More than 80 migrants are feared dead after a boat that had set out from The Gambia with 128 people aboard was found drifting south of Spain's Canary Islands following nearly four weeks at sea, Spanish news agency EFE reported Thursday.

The boat was spotted by a Spanish Maritime Rescue aircraft on Wednesday afternoon about 120 km south of Gran Canaria. The rescue vessel Guardamar Urania reached the boat around midnight and found 45 survivors and five bodies on board.

The survivors were taken to the port of Arguineguin on Gran Canaria. Due to rough sea conditions, rescuers were unable to recover the five bodies and left them on the migrant boat.

Spain's Civil Guard confirmed to the Spanish non-governmental organization Caminando Fronteras that markings on the boat's hull matched those of a vessel that departed from The Gambia on Aug. 7 with 128 people aboard, including four women and a baby.

In a report released in June, Caminando Fronteras said that a total of 1,317 migrants died while attempting to reach Spain during the first five months of 2026. Of those, 635 lost their lives on the Atlantic route to the Canary Islands, which the organization described as the deadliest route to Spain during that period.

Xinhua

# Kangyidaunt Township supplies 45,000 baskets of Theehtetyin paddy to Yangon



A stockpile of rice seen at a warehouse.

**Kangyidaunt September 3**

Local merchants from Kangyidaunt Township in Ayeyawady Region shipped 45,000 baskets of Theehtetyin paddy to Yangon market in August, said Daw Moe Moe Lwin, the owner of rice and paddy trading depot in Kangyidaunt Township.

From Kangyidaunt Township, only 38,000 baskets of Theehtetyin paddy were exported and sold to the Yangon market during July this year. During the month from August 1 to 31, up to 45,000 baskets of Theehtetyin paddy were exported and sold to the Yangon market.

"We exported up to 45,000 baskets of Theehtetyin paddy to the Yangon market over the past month. Kangyidaunt Township mainly exports paddy and other agricultural produce to the Yangon market. The variety known as Theehtetyin is a paddy variety belonging to the coarse-grain group. The volume of exports has increased because there has been strong demand for this paddy from Yangon. Paddy prices are currently high, and there is also strong demand for paddy in the domestic rice and paddy market," said Daw Moe Moe Lwin.

Theehtetyin paddy sold from Kangyidaunt Township to the Yangon market during the past month was fetching up to K1,545,000 per 100 baskets.

The improved trade in the paddy has created employment opportunities for farmers, traders, loading and unloading workers, and cargo truck rental operators.

Kyaw Kyaw Lin

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Dedaye Township dispatches 46,000 viss of flower snails to Yangon market in August

**Dedaye September 3**

Daw Aye Myat, the owner of seafood trading depot in Dedaye Township of Ayeyawady Region, said that local merchants from Dedaye Township sent 46,000 viss of flower snails to Yangon market in August.

From Dedaye Township, up to 40,000 viss of flower snails were exported and sold to the Yangon market during July this year. In August, up to 46,000 viss of flower snails were exported and sold to the Yangon market in a single month.

"We export aquatic products from this area to the Yangon market. Among the aquatic products exported and sold, flower snails accounted for as much as 46,000 viss. At present, the Yangon market is also showing strong demand for aquatic products from this area.

"The price of flower snails varies depending on their freshness and cleanliness. The volume of exports has increased because seafood shops are currently purchasing flower snails actively. The increase in export volume is mainly benefiting fishery operators and traders," said Daw Aye Myat.

Flower snails from Dedaye Township are currently fetching between K25,000 and K32,000 per viss. In addition to flower snails, other aquatic products from the area are also enjoying strong trade and increased export demand. As a result, employment opportunities are improving for fishermen, small-scale traders, brokerage business operators, merchants and cargo truck rental operators.

Kyaw Kyaw Lin



This photo captures beautiful flower snails.

# Pwintbyu Township plans to cultivate more than 1,000 acres of chilli this year

**Pwintbyu September 3**

Pwintbyu Township Agriculture Department stated that local farmers will grow 1,285 acres of dried chilli as cold season crops in Pwintbyu Township of Magway Region this year.

In Pwintbyu Township, 1,285 acres of dried chilli are planned to be cultivated during this year's winter crop season. Cultivation of dried chilli will begin in November. The Township Agriculture Department, in coordination with relevant departments, will provide necessary support to farmers, including agricultural technologies and quality seeds, to enable them to grow chilli smoothly without difficulties.

"During this year's winter crop season, 1,285 acres of dried chilli are planned to be cultivated in Pwintbyu Township. Regarding chilli cultivation, we will conduct field-level supervision and provide agricultural awareness activities to enable farmers to expand the cultivated acreage, improve yields, produce safe and healthy crops, prevent pests and diseases, use quality seeds and adopt Good Agricultural Practices (GAP)," said Daw Moe Moe Wai, Head of the Pwintbyu Township Agriculture Department.

In Pwintbyu Township, the Agriculture Department will work together with chilli farmers during this year's winter crop season to promote the cultivation of high-yielding chilli varieties, increase per-acre yields, prevent pests and diseases, and ensure successful cultivation in accordance with Good Agricultural Practices (GAP).

Daw Moe Moe Wai also said that efforts should be made to expand chilli cultivation, as improved chilli yields would not only meet local consumption needs but also allow surplus produce to be sold, thereby increasing farmers' incomes and contributing to improved socio-economic conditions.

Ye Win Naing (NyaungU)

# Tangerine trading booms in the domestic market in Hinthada Township

**Hinthada September 3**

Daw Win Htay, the owner of fruit trading depot in Hinthada Township of Ayeyawady Region, said that tangerine is in high demand at the domestic market in Hinthada Township.

In the Hinthada Township mixed-fruit market, tangerines have enjoyed strong demand and brisk trade since the third week of August this year. The tangerines are currently fetching between K19,500 and K27,500 per viss, depending on quality.

"Tangerines entering the Hinthada Township market are selling well. The good sales are due to strong demand for the fruit. Higher-quality tangerines command higher prices. The tangerines currently being traded are systematically cultivated and produced domestically. At present, tangerines are fetching better prices in the market than other fruits," said Daw Win Htay.

Organically cultivated tangerines are the main varieties being traded in Hinthada Township. As demand for and trade in the tangerines have improved, growers, transporters, truck drivers and loading and unloading workers are also benefiting from increased business activity. Kyaw Kyaw Lin

# အိန္ဒိယနိုင်ငံက ဆဋ္ဌမမျိုးဆက်တိုက်လေယာဉ်ထုတ်လုပ်ရေး GCAP စီမံကိန်းတွင် ဆွေးနွေးဖက်နိုင်ငံအဖြစ် ပါဝင်လာ



အိန္ဒိယနိုင်ငံသည် ဆဋ္ဌမမျိုးဆက် တိုက်လေယာဉ် ထုတ်လုပ်ရေးအစီအစဉ် Global Combat Air Programme (GCAP) တွင် ဆွေးနွေးဖက်နိုင်ငံအဖြစ် ပါဝင်လာကြောင်း The Defense Post က စက်တင်ဘာ ၁ ရက်တွင် ဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံအနေဖြင့် ဆွေးနွေးဖက်နိုင်ငံအဖြစ် ပါဝင်ခြင်းသည် GCAP စီမံကိန်း၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ နည်းပညာနှင့် စွမ်းဆောင်ရည်များကို လေ့လာဆွေးနွေးနိုင်မည်ဖြစ်သော်လည်း ယခုအဆင့်တွင် ဝယ်ယူသူ သို့မဟုတ် တိုက်လေယာဉ်ထုတ်လုပ်ရေးမိတ်ဖက်အဖြစ် ဝင်ရောက်ခြင်း မဟုတ်ပေ။

GCAP စီမံကိန်းသည် ဗြိတိန်၊ အီတလီနှင့် ဂျပန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်နေသည့် ဆဋ္ဌမမျိုးဆက်တိုက်လေယာဉ် စီမံကိန်းဖြစ်သည်။ အဆိုပါစီမံကိန်း၏ ရည်ရွယ်ချက်မှာ လက်ရှိတိုက်လေယာဉ်များထက် ပိုမိုခေတ်မီသည့် တိုက်ခိုက်ရေးလေကြောင်းစနစ်တစ်ရပ် ဖွံ့ဖြိုးထုတ်လုပ်ရန် ဖြစ်ပြီး ၂၀၃၀ ပြည့်လွန်နှစ်များအတွင်း တပ်ဖြန့်အသုံးပြုရန် ရည်ရွယ်ထားသည်။ အဆိုပါ တိုက်လေယာဉ်ကို ဗြိတိန်နှင့် အီတလီတို့၏ Eurofighter Typhoon တိုက်လေယာဉ်များတွင် အစားထိုးရန် ရည်ရွယ်ထားကြောင်း သိရသည်။

GCAP စီမံကိန်းတွင် ဗြိတိန်၏ BAE Systems၊ အီတလီ၏ Leonardo နှင့် ဂျပန်၏ Japan Aircraft Industrial Enhancement Co., Ltd. တို့ပူးပေါင်းတည်ဆောက်ထားသည့် Edgewing ဖက်စပ်ကုမ္ပဏီက တိုက်လေယာဉ်ကို ပူးပေါင်းထုတ်လုပ်မည်ဖြစ်သည်။ ယခုနှစ်တွင် ဗြိတိန်အစိုးရက Edgewing ဖက်စပ်ကုမ္ပဏီထံ စီမံကိန်း၏ နောက်တစ်ဆင့် ဒီဇိုင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် စာချုပ်ချုပ်ဆိုခဲ့သည်။ ထို့ပြင် ကနေဒါနိုင်ငံသည် ယခုနှစ် ဇူလိုင်လက GCAP စီမံကိန်း၌ လေ့လာစောင့်ကြည့်သည့်နိုင်ငံအဖြစ် ပါဝင်လာခဲ့သည်။ ဆဋ္ဌမမျိုးဆက်တိုက်လေယာဉ်များတွင် လေယာဉ်ကိုယ်ထည်တစ်စင်းတည်း၏ စွမ်းဆောင်ရည်ထက် ပိုမိုကျယ်ပြန့်သည့် တိုက်ခိုက်ရေးလေကြောင်းစနစ်တစ်ရပ်အဖြစ် ဖွံ့ဖြိုးရန် ရည်ရွယ်ထားသည်။

ထိုစနစ်များတွင် အဆင့်မြင့် ကိုယ်ပျောက်နည်းပညာနှင့် အာရုံခံကိရိယာများအပြင် Artificial Intelligence (AI)၊ ဒေတာချိတ်ဆက်ကွန်ရက်များ၊ အီလက်ထရွန်နစ် စစ်ဆင်ရေးစနစ်များ၊ မောင်းသူမဲ့တိုက်ခိုက်ရေး လေယာဉ်များနှင့် ပူးပေါင်းလုပ်ဆောင်နိုင်သည့် စွမ်းရည်များ ပါဝင်လာမည်ဟု မျှော်မှန်းထားသည်။ GCAP စီမံကိန်းကို AI၊ မောင်းသူမဲ့စနစ်များနှင့် မျိုးဆက်သစ်အာရုံခံစနစ်များ ပေါင်းစပ်အသုံးပြုသည့် ဆဋ္ဌမမျိုးဆက်တိုက်ခိုက်ရေးလေယာဉ်အဖြစ် ဖွံ့ဖြိုးရန် ရည်ရွယ်ထားသည်။

အိန္ဒိယနိုင်ငံသည် လက်ရှိတွင် ပဥ္စမမျိုးဆက်တိုက်လေယာဉ်ကို ကိုယ်တိုင်လုပ်နေပြီး ၂၀၃၅ ခုနှစ်ဝန်းကျင်တွင် အိန္ဒိယလေတပ်၌ စတင်အသုံးပြုရန် မျှော်မှန်းထားသည်။ သို့သော် အခြားအင်အားကြီးနိုင်ငံများက ပဥ္စမမျိုးဆက်တိုက်လေယာဉ်များကိုလက်တွေ့အသုံးပြုနေပြီး ဆဋ္ဌမမျိုးဆက်တိုက်လေယာဉ်များကို တိုးတက်အောင် ဆောင်ရွက်နေကြသဖြင့် အိန္ဒိယအနေဖြင့် အနာဂတ်လေကြောင်းတိုက်ခိုက်ရေးနည်းပညာများကို အချိန်မီလေ့လာရန် လိုအပ်သည်။

အထူးသဖြင့် အိန္ဒိယ၏ အိမ်နီးချင်းတရုတ်နိုင်ငံသည် J-20 ပဥ္စမမျိုးဆက်တိုက်လေယာဉ်များကို အများအပြားအသုံးပြုနေသည့်အပြင် ဆဋ္ဌမမျိုးဆက်တိုက်လေယာဉ် ရှေ့ပြေးပုံစံများကိုလည်း စမ်းသပ်ပျံသန်းနေကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနနှင့် အခြားလေ့လာမှုများက ဖော်ပြထားသည်။ ထိုအခြေအနေသည် အိန္ဒိယ၏ အနာဂတ်တိုက်လေယာဉ်နည်းပညာ ဖွံ့ဖြိုးရေးကို ပိုမိုအရေးကြီးစေသည့် အကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။

**India Explores Competing FCAS and GCAP Sixth-Gen Fighter Programs** ကို ဘာသာပြန်ဆိုထားပါသည်။

# ဥဇဘက်ကစ္စတန်နိုင်ငံက တရုတ်နိုင်ငံထုတ် J-10CE ဘက်စုံသုံးတိုက်လေယာဉ် ခြောက်စင်း လက်ခံရရှိခဲ့



ဥဇဘက်ကစ္စတန်နိုင်ငံသည် တရုတ်နိုင်ငံထုတ် J-10CE ဘက်စုံသုံး တိုက်လေယာဉ်ခြောက်စင်းကို လက်ခံရရှိခဲ့ကြောင်း Army Recognition သတင်းဌာနက စက်တင်ဘာ ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဥဇဘက်ကစ္စတန်နိုင်ငံသည် မိမိတို့လေတပ်တွင် ဆိုဗီယက်ခေတ်ထုတ် တိုက်လေယာဉ်များအပြင် တရုတ်နိုင်ငံထုတ် ခေတ်မီတိုက်လေယာဉ်ကို ပထမဆုံး ထည့်သွင်း အသုံးပြုခြင်းဖြစ်သည်။ ထို့ကြောင့် ဥဇဘက်ကစ္စတန်နိုင်ငံသည် တရုတ်နိုင်ငံထုတ် J-10CE တိုက်လေယာဉ်ကို အသုံးပြုသည့် ပြည်ပနိုင်ငံအဖြစ် ပါကစ္စတန်နိုင်ငံပြီးလျှင် ဒုတိယမြောက်နိုင်ငံ ဖြစ်လာသည်။

J-10CE တိုက်လေယာဉ်များသည် အမှတ်(၆၀) လေကြောင်းတပ်မဟာတွင် တပ်ဖြန့်ထားပြီး Karshi-Khanabad လေတပ်စခန်း၌ အသုံးပြုနေသည်။ J-10CE တိုက်လေယာဉ်သည် တစ်လုံးတည်းသောအင်ဂျင်အသုံးပြုသည့် ဘက်စုံသုံးတိုက်လေယာဉ်ဖြစ်ပြီး လေကြောင်းတိုက်ခိုက်ရေးနှင့် မြေပြင်ပစ်မှတ်တိုက်ခိုက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။ လေယာဉ်တွင် ရေဒါတပ်ဆင်ထားပြီး ပစ်မှတ်များကို ရှာဖွေခြင်း၊ ခြေရာခံခြင်းနှင့် တိုက်ခိုက်ရန် အချက်အလက်များ စီမံပေးခြင်းတို့ကို ပိုမိုမြန်ဆန်စွာ ဆောင်ရွက်နိုင်သည်။

အဆိုပါတိုက်လေယာဉ်တွင် WS-10B တာဘိုဖန်အင်ဂျင် အသုံးပြုထားပြီး လက်နက်နှင့် ပြင်ပဆီတိုင်ကီများ တပ်ဆင်နိုင်သည့်နေရာ ၁၁ ခု ပါရှိသည်။ အဆိုပါနေရာများတွင် လက်နက်နှင့် ပြင်ပပစ္စည်းများ စုစုပေါင်း ကီလိုဂရမ် ၅၆၀၀ ထိ သယ်ဆောင်နိုင်သည်။ ထို့ပြင် PL-10E အနီးကပ်လေကြောင်းပစ်ဒုံးကျည်နှင့် PL-15E တာဝေးဝေဟင်ပစ်ဒုံးကျည်များကို အသုံးပြုနိုင်သည်။

J-10CE တိုက်လေယာဉ်တွင် AESA ရေဒါအပြင် ဒေတာချိတ်ဆက်စနစ်၊ ရေဒါသတိပေးစနစ်၊ ဒုံးကျည်ချဉ်းကပ်မှုသတိပေးစနစ်နှင့် အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များလည်းပါဝင်သည်။ ထိုစနစ်များကြောင့် လေယာဉ်သည် မိမိရေဒါမှ ရရှိသည့် ပစ်မှတ်အချက်အလက်များသာမက အခြားရင်းမြစ်များမှ ပေးပို့လာသည့် အချက်အလက်များကို လက်ခံအသုံးပြုနိုင်မည့် စွမ်းရည်ရှိလာသည်။

J-10CE တိုက်လေယာဉ်၏ ပင်မအားသာချက်မှာ အမြန်နှုန်းတစ်ခုတည်းမဟုတ်ဘဲ ရေဒါ၊ ဒေတာချိတ်ဆက်စနစ်နှင့် ဝေဟင်ပစ်ဒုံးကျည်များကို ပေါင်းစပ်အသုံးပြုနိုင်ခြင်းဖြစ်သည်။ အထူးသဖြင့် PL-15 အမျိုးအစား အဝေးပစ်လေကြောင်းပစ်ဒုံးကျည်သည် အဝေးမှပစ်မှတ်များကို တိုက်ခိုက်နိုင်သည့်စွမ်းရည်ရှိပြီး J-10CE တိုက်လေယာဉ်၏ တာဝေးပစ်လေကြောင်း တိုက်ခိုက်ရေးစွမ်းရည်ကို တိုးမြှင့်ပေးနိုင်သည်။

ဥဇဘက်ကစ္စတန်နိုင်ငံ၏ လေတပ်သည် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ဆယ်စုနှစ်သုံးခုကျော် ကာလအတွင်း MiG-29 နှင့် Su-27 ကဲ့သို့ ဆိုဗီယက်ဒီဇိုင်းအခြေပြု တိုက်လေယာဉ်များကို အဓိကအသုံးပြုခဲ့သည်။ ယခု J-10CE တိုက်လေယာဉ်များ ရောက်ရှိလာခြင်းကြောင့် လေတပ်အတွင်း လေယာဉ်အသစ်တစ်မျိုးထပ်မံရရှိလာခြင်းသာမက တရုတ်နိုင်ငံထုတ် အင်ဂျင်၊ ရေဒါ၊ ဒေတာချိတ်ဆက်စနစ်၊ အီလက်ထရွန်နစ်စစ်ဆင်ရေးပစ္စည်းများ၊ လက်နက်များနှင့် ပြုပြင်ထိန်းသိမ်းရေးစနစ်များ ပါဝင်သည့် နည်းပညာအခြေပြု စနစ်သစ်တစ်ရပ်ကိုပါ ထည့်သွင်းလာခြင်းဖြစ်သည်။

ထူးခြားချက်မှာ J-10CE တိုက်လေယာဉ်များကို တပ်ဖြန့်ထားသည့် Karshi-Khanabad လေတပ်စခန်းတွင် MiG-29 နှင့် Su-27 တိုက်လေယာဉ်များလည်း ရှိနေခြင်းဖြစ်သည်။ ထို့ကြောင့် လက်ရှိအခြေအနေတွင် ဆိုဗီယက်ခေတ်ထုတ် တိုက်လေယာဉ်များနှင့် တရုတ်နိုင်ငံထုတ် ခေတ်မီတိုက်လေယာဉ်များကို တွဲဖက်အသုံးပြုလာမည်ဖြစ်သည်။

ထို့ပြင် ဥဇဘက်ကစ္စတန်နိုင်ငံသည် တရုတ်နိုင်ငံထုတ် HQ-9B/FD-2000၊ FM-90 နှင့် KS-1C မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်များကိုလည်း အသုံးပြုနေပြီဖြစ်သည်။ ထိုအခြေအနေကြောင့် အနာဂတ်တွင် လေယာဉ်များ၊ ရေဒါများနှင့် လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ်များကြား ပစ်မှတ်အချက်အလက်များကို ပိုမိုပေါင်းစပ်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**China delivers first J-10CE fighters to Uzbekistan to challenge Russian influence in Central Asia** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# မော်လိုက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၁၂၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**မော်လိုက် စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၁၂၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မော်လိုက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၁၂၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မော်လိုက်မြို့နယ်မှာ မြေပဲ ၄၁၂၅ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ မြေပဲ စိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းကြပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိတယ်။ မြေပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်"ဟု မော်လိုက်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိန်ဦးက ပြောပြသည်။

မော်လိုက်မြို့နယ်တွင် မြေပဲ စိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေရေး၊ပေါင်းမြက် ကင်းစင်စေရေးတို့အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်း စစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများရယူခြင်းတို့ကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မော်လိုက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးကျော်စိန်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဓနိချပ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ပုတော စက်တင်ဘာ ၃**

ရောဝတီတိုင်းဒေသကြီး ပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဓနိချပ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပုတောမြို့နယ် ဓနိရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

ပုတောမြို့နယ်သည် ဓနိထွက်ရှိရာဒေသဖြစ်ပြီး ထွက်ရှိလာသည့်ဓနိများကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ဇူလိုင်လအတွင်း ဓနိချပ်ရေ ၅၇၀၀၀၀ သာတင် ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ဓနိချပ်ရေ ၈၄၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဩဂုတ်လအတွင်း ဓနိချပ်ရေ အများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကနေ တင်ပို့ရောင်းချခဲ့တဲ့ ဓနိချပ်တွေက ရောင်းပန်းလှသလို အရည်အသွေးလဲ ကောင်းပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လထဲမှာ ရန်ကုန်ဈေးကွက်က ဓနိချပ်တွေ ဝယ်ယူအားကောင်းခဲ့ပါတယ်။ ဝယ်ယူအားကောင်းခဲ့တဲ့အတွက် ဒေသခံ ဓနိစိုက်ပျိုးသူတွေနဲ့ ဓနိထိုးလုပ်သားတွေပါ အဆင်ပြေလာတာ တွေ့ရပါတယ်"ဟု ပုတောမြို့နယ် ဓနိရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။



ပုတောမြို့နယ်မှ တင်ပို့ရောင်းချလျက်ရှိသည့် ဓနိချပ်ရေ ၁၀၀ လျှင် ငွေကျပ် ၂၉၅၀၀ မှ ၄၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အဆိုပါ ဓနိချပ်များဝယ်ယူအားကောင်းလာခြင်းကြောင့် ဓနိစိုက်ပျိုးသူများ၊ ဓနိထိုးလုပ်သားများနှင့် ဓနိပွဲရုံပိုင်ရှင်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# စလင်းမြို့နယ် မင်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရုံးပင်ကန်ကျေးရွာအုပ်စု မင်းကန်ကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သန်း ၃၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မင်းကန်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၃ ဦးကို ရန်ပုံငွေကျပ်သန်း ၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သန်းသန်းစိုး


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# လက်ပံတန်းမြို့နယ် ကျွဲတဲကုန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်



**လက်ပံတန်း စက်တင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွဲတဲကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လက်ပံတန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်စိုးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း အကြောင်းကို မိတ်ဆက်ရှင်းလင်းပြောကြားပြီး စီမံကိန်းနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်း လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျွဲတဲကုန်းကျေးရွာ၌ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်စိုးထံမှ သိရသည်။

အေးမြတ်


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော်သံဝေဇနိယလေးဌာန(ဖွား၊ ပွင့်၊ ဟော၊ စံ)ရှိ ပဉ္စဝဂ္ဂီငါးပါးတို့အား တရားဦးဟောရာ ဓမ္မရာဇိကစေတီတော်ကြီး ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနား ကျင်းပ



နေပြည်တော် စက်တင်ဘာ ၃

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သံဝေဇနိယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ)ရှိ ဓမ္မရာဇိကစေတီတော်ကြီး ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက သံဝေဇနိယလေးဌာန(ဖွား၊ ပွင့်၊ ဟော၊ စံ) ဂေါပကအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော် သံဝေဇနိယလေးဌာန(ဖွား၊ ပွင့်၊ ဟော၊ စံ)ရှိ ဓမ္မရာဇိကစေတီတော်ကြီး ပြန်လည်ပြုပြင်ရန်အတွက် အလှူရှင် နေပြည်တော် ဥတ္တရသီရိမြို့နယ် ဇမ္ဗူဒီပရပ်ကွက် ရာဇသင်္ဂဟအိမ်ရာ(၁)နေ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) သူရဦးမြင့်မောင်နှင့် သံဝေဇနိယလေးဌာန(ဖွား၊ ပွင့်၊ ဟော၊ စံ)ပြုပြင်ရန်အတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးမိုးကျော်တို့က အလှူငွေပေးအပ်လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) သူရဦးမြင့်မောင်နှင့်ဇနီးတို့က အလှူငွေကျပ် သိန်း ၅၀၀၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီက အလှူငွေကျပ်သိန်း ၅၀၀ တို့ကို ပေးအပ်လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ကိုယ်စား သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က လက်ခံရယူသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က အလှူငွေပေးအပ်လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားပြီး သံဝေဇနိယလေးဌာန(ဖွား၊ ပွင့်၊ ဟော၊ စံ)ဂေါပကအဖွဲ့က ငလျင်ဒဏ်ကြောင့် ပျက်စီးမှုအခြေအနေများနှင့် ပြန်လည်ပြုပြင်ရန် ခန့်မှန်းကုန်ကျစရိတ်များကို ဂေါပကရုံးအဖွဲ့မှူးက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အလှူငွေရရှိနိုင်ရေး၊ ပြုပြင်မွမ်းမံနိုင်ရေးနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက အလှူဒါနကို သုံးဆယ့်တစ်ဘုံသားတို့အား မေတ္တာပို့၍ အမျှပေးဝေကြပြီး သံဝေဇနိယလေးဌာန (ဖွား၊ပွင့်၊ ဟော၊ စံ)ရှိ ဖွားတော်မူရာဌာနမှ မယ်တော်မာယာအုတ်ကျောင်းတော် အမိုးရေယိုစိမ့်မှုအခြေအနေ၊ ပွင့်တော်မူရာဌာနမှ မဟာဗောဓိစေတီတော်ထိခိုက်ပျက်စီးမှု အခြေအနေ၊ ဟောတော်မူရာဌာနမှ ဓမ္မရာဇိကစေတီတော်၊ နန္ဒိယကျောင်းဆောင်၊ ဓမ္မေခစေတီတော် ထိခိုက်ပျက်စီးမှုအခြေအနေ၊ စံတော်မူရာဌာနမှ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြစ်ကြီးနားမြို့အဝင် ကုန်စစ်ဆေးရေးစခန်း၌ ဌာနဆိုင်ရာ OSS အဖွဲ့များ၏ ကုန်စစ်ဆေးရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး စစ်ဆေးဆောင်ရွက်လျက်ရှိ

မြစ်ကြီးနား စက်တင်ဘာ ၃

ကချင်ပြည်နယ်နှင့် တရုတ်နိုင်ငံ ကုန်သွယ်ရေးလုပ်ငန်းများ လျင်မြန်ချောမွေ့စွာဆောင်ရွက်နိုင်ရေး၊ တရားမဝင်ကုန်စည်များ ဝင်ရောက်မှုမရှိစေရေးနှင့် နိုင်ငံတော်က ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာငွေများရရှိစေရေးအတွက် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအတွင်း မြစ်ကြီးနားမြို့အဝင် ကုန်စစ်ဆေးရေးစခန်းဖွင့်လှစ်၍ ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

အဆိုပါကုန်စစ်ဆေးရေးစခန်း၌ OSS ရုံးအဖွဲ့ဝင် ဌာနဆိုင်ရာများက သက်ဆိုင်ရာဌာနများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ဒေသတွင်း စားသောက်ကုန်များ ပြတ်လပ်မှုမဖြစ်ပေါ်စေရေး၊ ခွင့်ပြုထားသောကုန်ပစ္စည်းများကို သတ်မှတ်ညွှန်ကြားချက်များနှင့် အညီ စစ်ဆေးခွင့်ပြုနိုင်ရေး၊ ခြံဝင်းအတွင်းကုန်သွယ်ရေးလုပ်ငန်းဆောင်ရွက်သည့် မော်တော်ယာဉ်ကြီးများ စနစ်တကျရပ်နား၍ ကုန်စစ်ဆေးမှုလုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်နိုင်ရေး၊ ယာဉ်စစ်ဆေးရေးစင် အမြန်ဆုံးတည်ဆောက်နိုင်ရေးနှင့် ကုန်စစ်ဆေးရေးကွင်းအတွင်း သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဆောင်ရွက်နိုင်ရေးတို့ကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ကုန်တင်ယာဉ်များပါသွင်းကုန်ပစ္စည်းများ စစ်ဆေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ထို့ပြင် ယမန်နေ့မွန်းလွဲပိုင်းကလည်း မိုးသည်းထန်စွာရွာသွန်းပါက မြစ်ကြီးနားမြို့ရှိမြေနိမ့်ရပ်ကွက်များရှိ လမ်းမများနှင့် လူနေအိမ်များတွင် ရေဝပ်တင်ကျန်မှုများဖြစ်ပေါ်မှုနှင့်စပ်လျဉ်း၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် ရေဝပ်တင်ကျန်မှု အများဆုံးဖြစ်ခဲ့သည့် ခေမာသီရိရပ်ကွက်အတွင်း လမ်းသွယ်(၁၀)အနီး အမှတ်(၃) ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်အောင်ဆောင်ရွက်ထားရှိမှု၊ ပင်မမြောင်းအတွင်း စီးဝင်သည့်မြောင်းသွယ်များ ပိတ်ဆို့မှုဖြစ်ပေါ်ခဲ့သည့်အခြေအနေ၊ ရမ်ပူရပ်ကွက်အတွင်း ဖြတ်သန်းစီးဆင်းသည့် အမှတ် (၄)ပင်မရေနုတ်မြောင်း ဖြတ်သန်းစီးမှုအပေါ် မြောင်းသွယ်များစီးဝင်မှုနှင့် Box Culvert များ ဆုံသည့်နေရာများတွင် ရေစီးရေလာကောင်းမွန်အောင်ဆောင်ရွက်ရမည့်အခြေအနေကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး လက်ရှိရေဝပ်တင်ကျန်မှုဖြစ်စဉ်အပေါ် အမြန်ဆုံးဖြေရှင်းပေးနိုင်ရေး၊ ရေရှည်အတွက် ပင်မမြောင်းများနှင့်မြောင်းသွယ်များကို မြေပြင်ကွင်းဆင်းစစ်ဆေး၍ စနစ်တကျဆောင်ရွက်နိုင်ရေး၊ ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းစီမံကိန်းများရေးဆွဲဆောင်ရွက်ထားရှိရေးတို့ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ ပြည်နယ်(ပြန်/ဆက်)

# ညောင်တုန်းမြို့နယ်အတွင်း မြစ်ရေပြန်လည်ကျဆင်းသွားသည့်ကျောင်းများကို ဆေးကြောသန့်စင်၍ ပုံမှန်အတိုင်းပြန်လည်ဖွင့်လှစ်သင်ကြား



နေပြည်တော် စက်တင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီးအတွင်း မြစ်ရေမြင့်တက်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ယာယီပိတ်ထားရသည့် အခြေခံပညာကျောင်းများတွင် ရေကျသွားသည့်ကျောင်းများကိုဆေးကြောသန့်စင်၍ ပြန်လည်ဖွင့်လှစ်လျက်ရှိသည့်အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင် သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ ညောင်တုန်းမြို့နယ် ပတုပ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ သဇင်ရေကျော်ရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ သဇင်ကျေးရွာအခြေခံပညာမူလတန်းကျောင်း၊ ပန်းဆိပ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ဘဝသစ်အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တို့သို့ သွားရောက်၍ မြစ်ရေပြန်လည်ကျဆင်းသွားသည့်ကျောင်းများတွင် စာသင်ကျောင်းများကို ဆေးကြောသန့်စင်၍ ပုံမှန်အတိုင်းပြန်လည်ဖွင့်လှစ်သင်ကြားပေးနေမှု၊ ရေဘေးကြောင့် ပျက်စီး၊ ပျောပါသွားသည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများ၊ ကျောင်းဝတ်စုံများကို ပြန်လည်ဖြည့်ဆည်း ထောက်ပံ့ပေးမှု၊ ရေကျ၍ ကျောင်းများအားလုံးပြန်လည်ဖွင့်လှစ်နိုင်ချိန်တွင် ကျောင်းသား၊ကျောင်းသူများ ဘာသာရပ်သင်ခန်းစာနောက်ကျမှုမရှိစေရေးအတွက် သင်ခန်းစာများအစားထိုးပြန်လည်သင်ကြားပေးနိုင်ရန် ဆောင်ရွက်ထားမှု၊ ကျောင်းသား၊ကျောင်းသူများ ယာယီစာသင်ခန်းများတွင် ပညာသင်ကြားနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေး၍ မူလတန်းအောက်ဆင့် ကျောင်းသား၊ ကျောင်းသူများအတွက်ကျောပိုးလွယ်အိတ်များနှင့် စာရေးကိရိယာများ၊ဆရာ၊ဆရာမများအတွက် ချီးမြှင့်ငွေများကိုပေးအပ်သည်။

အလားတူမအူပင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(လယ်ကိုင်း)၊ အခြေခံပညာမူလတန်းကျောင်း(ထနီဒေါင့်)ကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မအူပင်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းရှိ ပညာရတနာခန်းမ၌ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ဆရာမများကိုတွေ့ဆုံရာ တက်ရောက်လာသူများနှင့် ဧရာဝတီတိုင်းဒေသကြီးပညာရေးမှူးက ကျောင်းအဆောက်အအုံများနှင့် ပညာရေးဆိုင်ရာဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရေဘေးသင့်ဝန်ထမ်းများနှင့် ကျောင်းသား၊ကျောင်းသူများအတွက် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# လူကုန်ကူးမှုပြဿနာသည် အဆိုးရွားဆုံးသော လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်ပြီး လူသားမျိုးနွယ်စုတစ်ခုလုံး၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့ဂုဏ်သိက္ခာကို ကြီးမားစွာထိပါးဖျက်ဆီး




**နေပြည်တော် စက်တင်ဘာ ၃**

လူကုန်ကူးမှုပြဿနာသည်အဆိုးရွားဆုံးသော လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်ပြီး လူသားမျိုးနွယ်စုတစ်ခုလုံး၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့ဂုဏ်သိက္ခာကို ကြီးမားစွာထိပါးဖျက်ဆီးနေသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ကာ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း ယနေ့မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ကျင်းပသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၂၆)တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းဝင်းဆွေက ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေပိုင်းဆိုင်ရာ အဆင့်မြှင့်တင်မှုများ၊ မူဝါဒရေးရာချမှတ်မှုများ၊ ကြိုတင်ကာကွယ်ရေး၊ တရားစွဲဆိုရေး၊ ကာကွယ်စောင့်ရှောက်ရေးကဏ္ဍများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လူကုန်ကူးခံရပြီး မြန်မာနိုင်ငံတွင်ရောက်ရှိနေသည့် နိုင်ငံခြားသားများကို သတ်မှတ်ချက်များနှင့်အညီ ကာကွယ်စောင့်ရှောက်ခြင်း၊ အကူအညီပေးခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို ထိရောက်စွာဆောင်ရွက်လျက်ရှိကြောင်း၊ လူကုန်ကူးမှုကျူးလွန်သူများကို ထိရောက်ပြင်းထန်သောပြစ်ဒဏ်ချမှတ်နိုင်ရန် ဥပဒေနှင့်အညီ ခိုင်လုံသောအထောက်အထားများဖြင့် တရားစွဲဆိုတင်ပို့လျက်ရှိပြီး လူကုန်ကူးခံရသူများ၊ သက်သေများ၏လုံခြုံမှုကို ထိရောက်စွာကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် လိုအပ်သည့်အစီအစဉ်များချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့ပြင်လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံပြီး ဇာတိနေရပ်သို့ပြန်လည်ပို့ဆောင်ခြင်း၊ လူကုန်ကူးခံရသူများကို ပြန်လည်ထူထောင်ရေးအတွက် ပညာရေးနှင့်ကျွမ်းကျင်မှုအခြေခံအသက်မွေးဝမ်းကျောင်းပညာရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးတို့ကို ထိထိရောက်ရောက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် အိမ်နီးချင်းနိုင်ငံများသို့ အဓမ္မလက်ထပ်ရန် လူကုန်ကူးခြင်း၊ အဓမ္မပြည့်တန်ဆာပြုလုပ်စေခြင်း၊ အဓမ္မလုပ်အားစေခိုင်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာကိစ္စအဓမ္မပြုလုပ်စေခြင်း၊ ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခြင်းစသည့်ဖြစ်စဉ်များဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း။

နိုင်ငံတကာလူကုန်ကူးမှုတိုက်ဖျက်ရေးကိစ္စရပ်များတွင် မြန်မာနိုင်ငံအနေဖြင့် အရှိန်အဟုန်မြှင့်ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသို့ နယ်စပ်ဒေသများမှတစ်ဆင့် အကြောင်းအမျိုးမျိုးဖြင့်ရောက်ရှိလာပြီး အခက်အခဲမျိုးစုံကြုံတွေ့နေရသည့် နိုင်ငံခြားသားများ၊မြန်မာနိုင်ငံရှိ သံရုံးများနှင့် ရဲဆက်သွယ်ရေးလမ်းကြောင်းများဖြစ်သည့် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ အင်တာပိုလ်၏ National Central Bureau(NCB) လမ်းကြောင်းများမှတစ်ဆင့် အကူအညီတောင်းခံလာမှုများနှင့်ပတ်သက်၍ ကယ်တင်ရရှိသူများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ခဲ့ကြောင်း၊ပြည်ပနိုင်ငံများသို့ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်ရာမှ လူကုန်ကူးမှုကျူးလွန်ခံရခြင်းမရှိစေရန် မြို့ဝင်၊မြို့ထွက် စစ်ဆေးရေးဂိတ်များ၊ နယ်စပ်ဒေသများရှိ ဝင်ပေါက်၊ထွက်ပေါက်များတွင် အသိပညာပေးခြင်း၊ သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ တားဆီးအသိပညာပေးကာနေရပ်သို့ပြန်လည်စေလွှတ်ခြင်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ပြည်ပနိုင်ငံများတွင် အကြောင်းအမျိုးမျိုးကြောင့်ရောက်ရှိနေကြသည့်မြန်မာရွှေ့ပြောင်းအလုပ်သမားများအနက် လူကုန်ကူးခံရနိုင်ခြေရှိသော ထိခိုက်လွယ်အုပ်စုများကို စိစစ်ဖော်ထုတ်ပြီး တိုက်ရိုက်အကူအညီပေးခြင်း၊ ပြန်လည်ခေါ်ယူခြင်း၊ မိဘရပ်ထံပြန်လည်ပို့ဆောင်ပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်းလုပ်ငန်းများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများက အင်တိုက်အားတိုက်ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာကိုယ်စားလှယ်များက လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို တင်ပြရာ ဝိုင်းဝန်းအကြံပြုသုံးသပ်ဆွေးနွေးခဲ့ကြပြီး ဗဟိုအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



ငဝန်ပန်းတာရေဝင်ရောက်မှုထိန်းချုပ်ကာကွယ်ရေးအတွက် စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိစဉ်။



နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများပေးအပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက်ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရပ်ကွက်၊ ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် ယနေ့ထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ရေကြည်၊ငါးသိုင်းချောင်း၊ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ထိုသို့ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သော်လည်း မြို့၊ ရွာ၊ ရပ်ကွက်များသို့ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြုရန် Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

# မန္တလေးတိုင်းဒေသကြီးအဆင့် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**မန္တလေး စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပရာ ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်အမှာစကားပြောကြားသည်။



အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီ၊ ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်ပညာရှင်များ၊ ပြိုင်ပွဲဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(မန္တလေး) ဂီတနှင့် သဘင်ပညာဌာနတို့မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ဂုဏ်ပြုတေးသီချင်း၊ ဒိုင်အဖွဲ့ဝင် အကဲဖြတ်ပညာရှင်များက မြန်မာမှုမြန်မာ့ဟန် အဆိုအကတို့ဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုငွေများ ချီးမြှင့်သည်။

အဆိုပါ တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများကို သက်ဆိုင်ရာဘာသာရပ်အလိုက် သတ်မှတ်နေရာများတွင် စက်တင်ဘာ ၉ ရက်ထိကျင်းပ၍ ပြိုင်ပွဲဝင်များကို ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခံရသူများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ အောက်တိုဘာ ၂၁ ရက်မှ ၂၉ ရက်ထိ ကျင်းပမည့် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)တွင် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ယာယီရေဘေးရှောင်အိမ်ခြေ ၂၆၀၊ အိမ်ထောင်စု ၂၇၀၊ လူဦးရေ ၁၁၆၈ ဦးအတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ရေသန့်၊ မုန့်၊ ထမင်းထုပ်များပေးအပ်



**ပဲခူး စက်တင်ဘာ ၃**

ပဲခူးမြစ်ရေဝင်ရောက်မှုကြောင့် ကလျာဏီသိမ်တော်ကြီးဘုန်းကြီးကျောင်း၌ အနိမ့်ပိုင်းနေအိမ်များမှ ယာယီရေဘေးရှောင်နေကြသည့် အိမ်ခြေ ၂၆၀၊ အိမ်ထောင်စု ၂၇၀၊ လူဦးရေ ၁၁၆၈ ဦးအတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ရေသန့်၊ မုန့်၊ ထမင်းထုပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများသည် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပဲခူးမြို့ ကျောက်ကြီးစုရပ်ကွက် အနိမ့်ပိုင်းနေရာများအတွင်းသို့ ပဲခူးမြစ်ရေဝင်ရောက်နေမှုကို စက်လှေများဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေဝင်ရောက်လျက်ရှိသည့် နေအိမ်များကို ထမင်းထုပ်များ၊ ရေသန့်၊ အအေး၊ မုန့်များ ပေးအပ်၍ တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားကာ ရေဝင်ရောက်မှုအပေါ် ကူညီဆောင်ရွက်နေကြသည့် တပ်ရင်းတပ်ဖွဲ့များ၊ ပရဟိတအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များကို ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပဲခူးမြို့ ကျောက်ကြီးစုရပ်ကွက်၊ မြို့သစ်ရပ်ကွက်၊ ရွာသစ်ရပ်ကွက်တို့သို့ ပဲခူးမြစ်မှ အဓိကရေဝင်ရောက်လျက်ရှိသည့် ကုလားရိုက်ရိုးချောင်း ယာယီရေတားတာ ဆောင်ရွက်ထားရှိမှုနှင့် ရေဝင်ရောက်မှု လျှော့နည်းသက်သာစေရေး ရေတံခါးအမှတ်(၁)နှင့် အမှတ်(၂) ဆောင်ရွက်မည့် လျာထားနေရာတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပဲခူးမြစ်ရေစီးဆင်းနေမှု၊ မဇင်းလမ်းဆုံအနီး ရေကျော်နေမှု၊ ကလျာဏီသိမ်တော်ကြီးဘုန်းကြီးကျောင်း၌ အနိမ့်ပိုင်းနေအိမ်များမှ ယာယီရေဘေးရှောင်နေကြသည့် အိမ်ခြေ ၂၆၀၊ အိမ်ထောင်စု ၂၇၀၊ လူဦးရေ ၁၁၆၈ ဦးအတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ရေသန့်၊ မုန့်၊ ထမင်းထုပ်များ ပေးအပ်ကာ ပဲခူးမြို့ ဇိုင်းဂနိုင်းမြောက်ပိုင်းရပ်ကွက်သို့ ရေဝင်ရောက်လျက်ရှိသည့် ပန်းဆိုးချောင်း ပြန်လည်တူးဖော်နိုင်ရေး၊ ဇိုင်းဂနိုင်းကြီးကျေးရွာမှ အနောက်ဘက်မြို့ရှောင်လမ်းသို့ ချိတ်ဆက်ထားသည့် ကျေးရွာချင်းဆက်လမ်း ယာယီရေကျော်နေမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

ရှေ့ဖုံးမှအဆက်

မိန့်ခွန်းပြောကြားကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မိတ်ဖက်နိုင်ငံများမှ သံတမန်များ၊ ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဒုတိယသမ္မတက မိန့်ခွန်းပြောကြားရာတွင် အရှေ့ဖျားစီးပွားရေးဖိုရမ်သည် အာရှ-ပစိဖိတ်ဒေသအတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာ ဆန်းသစ်တီထွင်မှုနှင့် ပေါင်းစည်းဆက်သွယ်မှုများကို မြှင့်တင်ပေးပြီး မိတ်ဖက်ဆက်ဆံရေးခိုင်မာစေရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းများရှာဖွေရန် အရေးပါကြောင်း။

ရုရှားသမ္မတ မစ္စတာ ဗလာဒီမာပူတင်နှင့် မြန်မာနိုင်ငံသမ္မတ ဦးမင်းအောင်လှိုင်တို့၏ မကြာသေးမီက တွေ့ဆုံမှုမှတစ်ဆင့် အပြန်အလှန်ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အောင်မြင်အောင် ဆက်လက်တိုးမြှင့် အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

Digital Transformation၊ Artificial Intelligence၊ Innovation နှင့် Modern Infrastructure တို့သည် စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး ပြည်သူ့ဝန်ဆောင်မှုများနှင့် လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်စေရန် အရေးပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ဒစ်ဂျစ်တယ်ကျွမ်းကျင်မှု၊ ဆန်းသစ်တီထွင်မှုနှင့် စိုက်ပျိုးရေး၊ စက်မှု၊ ပညာရေး၊ ကျန်းမာရေးနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကဏ္ဍများတွင် ခေတ်မီနည်းပညာများ အသုံးချ၍ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် ဆောင်ရွက်နေကြောင်း။

မြန်မာနိုင်ငံသည် အာရှဒေသ၏ မဟာဗျူဟာမြောက် ပထဝီတည်နေရာတွင်ရှိပြီး အိန္ဒိယ၊ တရုတ်နှင့် အာဆီယံဈေးကွက်များကြား ချိတ်ဆက်ပေးနိုင်သည့် ကုန်းတွင်းတံတားသဖွယ် အရေးပါကြောင်း၊ အာဆီယံ၊ လန်ချန်း-မဲခေါင်နှင့် BIMSTEC အဖွဲ့များတွင် ပါဝင်ခြင်းတို့ကြောင့် ဒေသတွင်း ကုန်သွယ်ရေးနှင့် စီးပွားရေးချိတ်ဆက်မှုများ တိုးမြှင့်နိုင်သည့် အခွင့်အလမ်းများ ရှိကြောင်း။

ထို့ပြင် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီး၊ အာဆီယံအဝေးပြေးလမ်းကွန်ရက်၊ အရှေ့အနောက်စီးပွားရေးစင်္ကြံနှင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံတို့၏ အချက်အချာနေရာတွင် မြန်မာနိုင်ငံတည်ရှိနေမှုကို အခွင့်အလမ်းအဖြစ်အသုံးချရန်နှင့် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးတို့တွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အနေဖြင့် မကြာသေးမီက ရုရှားဖက်ဒရေးရှင်းနိုင်ငံအပါအဝင် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့သို့ တရားဝင်ခရီးစဉ်များ သွားရောက်ခဲ့ပြီး ရိုရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ကောင်းမွန်သည့်အပြန်အလှန်ဆက်ဆံမှုများ ပိုမိုခိုင်မာစေရုံသာမက နှစ်ဖက်အကျိုးရှိမည့် လက်တွေ့ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဖော်ဆောင်နိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ပထဝီအနေအထားအရ ကွာဝေးသော်လည်း နှစ်နိုင်ငံကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန်အားပေးထောက်ခံမှုများနှင့် ခိုင်မာရင်းနှီးသည့် နှစ်နိုင်ငံဆက်ဆံရေးရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာမိတ်ဖက်များအားလုံးနှင့် ပိုမိုချိတ်ဆက်၍ ခိုင်မာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သော ဒေသတစ်ရပ် တည်ဆောက်နိုင်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန်အသင့်ရှိကြောင်း ပြောကြားခဲ့သည်။

အရှေ့ဖျားစီးပွားရေးဖိုရမ် မျက်နှာစုံညီအခမ်းအနားသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

**၂၀၂၆ ခုနှစ် စက်တင်ဘာ ၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ညီညွတ်ရေးက အရေးကြီး

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်း နေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ ပြန်ပြီးစုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးကအရေးကြီးပါတယ်။**

**(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန္နကာလတွင်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)**





၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲများတွင် ထူးချွန်စွာအောင်မြင်ခဲ့သော တပ်မတော်(ကြည်း၊ရေ၊လေ)မှ ကျောင်းသား၊ ကျောင်းသူများနှင့် အုပ်ထိန်းသူမိဘများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)အတွင်း ကြည့်ရှုလေ့လာကြစဉ်။

**❖ သွားရောက်လေ့လာမှု**

တပ်မတော်(ကြည်း၊ရေ၊လေ) စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် အခြေခံပညာလူရည်ချွန်ဆုရရှိသူများနှင့် မိဘများသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များဖြင့် တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိသာသနဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီများ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် သာသနိကအဆောက်အအုံများကို ဖူးမြော်ကြည်ညိုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။ တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) ရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြခန်းများ၊ လက်ရုံးတပ်ဖွဲ့ညွန်ကြားရေးမှူးရုံးပြခန်းများ၊ ပြင်ပပြကွက်များကို လေ့လာကြည့်ရှုကြရာ ပြတိုက်တာဝန်ရှိသူများက ကဏ္ဍအလိုက်ပြခန်းပြကွက်များနှင့်ပတ်သက်၍ လိုက်လံရှင်းလင်းပြောကြားသည်။ ထို့နောက် နိုင်ငံတော်အတွက် မိမိတို့၏အသက်ကိုပင် စွန့်လွှတ်စွန့်စားစွာပေးဆပ်ခဲ့ကြသည့် အမွန်မြတ်ဆုံး တုန္နိုင်းဖွယ်ရာမရှိသော ဂုဏ်ဒြပ်များကို ပိုင်ဆိုင်ကြသည့် သူရဲကောင်းတစ်ဦးစီကို မော်ကွန်းတင်ကမ္ပည်းရေးထိုးထားရှိသည့် သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ သွားရောက်ဂါရဝပြုအလေးပြုကြသည်။

လေ့လာရေး သွားရောက်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါတယ်–

“အခုလို လေ့လာရတဲ့အတွက် တပ်မတော်နဲ့ပတ်သက်တဲ့ အကြောင်းတွေရော၊ တပ်မတော်ရဲ့ သမိုင်းတွေရော၊ ခေတ်အဆက်ဆက်မှာ အသုံးပြုခဲ့တဲ့ လက်နက်တွေ၊ မြန်မာ့သမိုင်းအကြောင်း





တွေရော အကုန်လုံးကို ဗဟုသုတအဖြစ်နဲ့ သိရှိရပါတယ်ဗျ။ နေပြည်တော်မှာ နောက်ဆုံးတည်ခဲ့တဲ့ မာရဝိဇယဘုရားကို ဖူးရတာတော့ တော်တော်လေးကိုဝမ်းသာမိပါတယ်လို့ပြောပါရစေဗျ။ မာရဝိဇယဘုရားကို အရင်တုန်းက ဖူးခဲ့ပေမယ့် အဲ့ဒီလောက်ထိ သမိုင်းအကြောင်းနဲ့ ပတ်သက်ပြီး တည်ထားပုံတွေကို သေချာတော့မသိပါဘူး။ အခုတော့ တော်တော်လေးကို ဗဟုသုတပိုပြီး သိရှိရတယ်လို့ ထင်ပါတယ်ဗျ။ အခုလိုမျိုး လိုက်ပို့ပေးတဲ့ တပ်မတော်အကြီးအကဲတွေရော တာဝန်ရှိပုဂ္ဂိုလ်တွေ အကုန်လုံးကို ကျေးဇူးတင်မိပါတယ်ဗျ”ဟု ပြောသည်။

“လေ့လာရေးခရီးက သမီးတို့ကို စစ်သမိုင်းပြတိုက်၊ သူရဲကောင်းဗိမာန်၊ မာရဝိဇယဘုရားကို လိုက်ပို့ပေးတဲ့အတွက် စိတ်ထဲမှာကြည်နူးမိသလို မရောက်ဖူးသေးတဲ့ နေရာတွေကို ရောက်ဖူးတဲ့အတွက် အသစ်အဆန်းတွေကိုလဲ အများကြီးကြုံတွေ့ရပါတယ်ရှင့်။ မာရဝိဇယဘုရားမှာဆိုလို့ရှိရင် ဘုရားနဲ့ပတ်သက်တဲ့ သမိုင်းတွေ၊ အစဉ်အလာတွေ၊ ပဋ္ဌာန်း ၂၄ ပစ္စည်း အကျဉ်းအကျယ်



၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲများတွင် ထူးချွန်စွာအောင်မြင်ခဲ့သော တပ်မတော်(ကြည်း၊ရေ၊လေ)မှ ကျောင်းသား၊ ကျောင်းသူများနှင့် အုပ်ထိန်းသူမိဘများ သူရဲကောင်းဗိမာန်(နေပြည်တော်)၌ ဂါရဝပြုအလေးပြုကြစဉ်။

စတာတွေကို သိရှိရပါတယ်။ စစ်သမိုင်းပြတိုက်မှာ ဆိုလို့ရှိရင်တော့ ကက(လေ)၊ ကက(ရေ)၊ ကက(သံ) စတဲ့ ဌာနချုပ်တွေရဲ့ သမိုင်းကြောင်း အစဉ်အလာအသေးစိတ်ကို သိရှိရပါတယ်ရှင့်။ သူရဲကောင်းဗိမာန် ဆိုလို့ရှိရင်တော့ သူရဲကောင်းတွေရဲ့ နာမည်တွေ သိရှိရပါတယ်ရှင့်။စိတ်ဝင်စားဆုံးကတော့ စစ်သမိုင်းပြတိုက်ပါရှင့်။ သမီးကို ငယ်စဉ်တောင်ကျေး ကလေးဘဝကနေစပြီးတော့ အခုလို နေပြည်တော်မှာပြုလုပ်တဲ့ အခမ်းအနားတက်ရောက်သည်ထိ ကျွေးမွေးပြုစုပေးခဲ့တဲ့ မိဘတွေ၊ ဆရာသမားတွေ၊ ဘေးနားကနေ ဖေးမကူညီပေးခဲ့တဲ့ သူငယ်ချင်းတွေအားလုံးကို ရင်ထဲကနေ ထိုက်ထိုက်တန်တန် ကျေးဇူးတင်ရှိပါတယ်ရှင့်။ မောင်လေး၊ ညီမလေးတွေကို ပြောရမယ်ဆိုလို့ရှိရင် အဓိကအားဖြင့် ဘာသာ ခြောက်ဘာသာအားလုံးကို မျှမျှတတသင်ယူလေ့လာပြီးတော့ မိဘဆရာသမားတွေကို မပြစ်မှား မစော်ကားပဲနဲ့ ဘုရားတရားကိုင်းရှိုင်းဖို့၊ ပြီးလို့ရှိရင် ကျန်းမာရေးကို ဂရုစိုက်ဖို့ မှာကြားချင်ပါတယ်ရှင့်”ဟု ပြောသည်။ (၅၀၁)

**❍ ရန်ပယ်ချောင်းတံတားမှ**

လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင့်သည် ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက လုပ်ငန်းဆောင်ရွက်စဉ်ကာလအတွင်း ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရန်ကုန်–ပျဉ်းမနား – တောင်တွင်းကြီးမှတစ်ဆင့် ပုဂံသို့သွားလာနေရသဖြင့် သတ်မှတ်ကာလအတွင်း သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အမြန်ပြီးစီးအောင်ဆောင်ရွက်ရန်၊ စက်တင်ဘာလ နောက်ဆုံးပတ်တွင် ရထားများ ပြန်လည်ပြေးဆွဲနိုင်ရန်၊ တံတားနှင့်အတူ တံတားပေါ်တွင် သံလမ်းခင်းခြင်းလုပ်ငန်းကို အပြီးသတ်ဆောင်ရွက်ရန်၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်စံချိန်စံညွှန်းအတိုင်း အချိန်မီပြီးစီးရေးတို့ကို ဂရုပြုကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါတံတားသည် ၁၉၉၇ ခုနှစ်တွင် တည်ဆောက်ခဲ့သော တံတားတစ်စင်းဖြစ်ပြီး ၂၀၂၅ ခုနှစ် စက်တင်ဘာ ၃၀ ရက်က မိုးသည်းထန်စွာရွာသွန်း၍ တောင်ကျရေစီးဆင်းမှုကြောင့် ရေလယ်တိုင်နိမ့်ကျခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်




သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၃**

တပ်မတော်အနေဖြင့် တိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့် အတူ တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေးဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မြေမြင့်ဗုဒ္ဓသာသနာပြု ကျောင်းတိုက်အတွင်း၌အခြေပြု၍ အဆိုပါမြို့ပေါ်ရှိ သံဃာတော် အပါး ၃၀ တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ခွတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပသည့် ၁၁ ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၏ ဆက်စပ်ဆွေးနွေးပွဲများသို့ ဒုတိယဝန်ကြီး ဦးကိုကိုကျော် တက်ရောက်ဆွေးနွေး

**ဗလာဒီဗော့စတော့ စက်တင်ဘာ ၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပလျက်ရှိသည့် ၁၁ ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်လျက်ရှိသည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဗလာဒီဗော့စတော့မြို့ရှိ ရုရှားအရှေ့ဖျားဖက်ဒရယ်တက္ကသိုလ်၌ ကျင်းပသည့် "The Business Environment of the Future : Global Experiene and New Solutions" ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူအဖြစ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ VEB.RF ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးရေးအဖွဲ့မှ မဟာဗျူဟာဌာနအကြီးအကဲ Mr. Mikhail Khomich က ဆောင်ရွက်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Reshetnikov၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတရုံး၏ ကျွမ်းကျင်ပညာရှင်များဌာန ဒုတိယအကြီးအကဲ၊ ရုရှားနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM မှ ညွှန်ကြားရေးမှူး၊ Sberbank ၏ အမှုဆောင်ဘုတ်အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မဟာဗျူဟာမြောက်ဦးဆောင်မှုအေဂျင်စီ (ASI) မှ ညွှန်ကြားရေးမှူး၊ ကိုရီးယား-ရုရှား စီးပွားရေးကောင်စီဥက္ကဋ္ဌ၊ ထိုင်း-ရုရှားစီးပွားရေးကောင်စီဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး ရုရှားအရှေ့ဖျားဒေသ အပါအဝင် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အတွေ့အကြုံကောင်းများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ဆွေးနွေးကြသည်။

ဒုတိယဝန်ကြီး ဦးကိုကိုကျော်က မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ ဥပဒေစံနှုန်းများနှင့်အညီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အထူးစီးပွားရေးဇုန်ဥပဒေများပြဋ္ဌာန်းထားပြီး ရင်းနှီးမြှုပ်နှံသူများ၏အကျိုးစီးပွားကို အကာအကွယ်ပေးနေမှု၊ နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များအတွက် ရေရှည်တည်တံ့သောခိုင်မာသည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းများ ဆောင်ရွက်ထားရှိမှုနှင့် MSMEs လုပ်ငန်းများနှင့် အထူးစီးပွားရေးဇုန်(SEZ) စီမံကိန်းများကို ဦးစားပေးနယ်ပယ်များအဖြစ် သတ်မှတ်ထားရှိမှုတို့ကို ရှင်းလင်းပြောကြားပြီး ရုရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ကြရန် ဖိတ်ခေါ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





နယ်မြေခံတပ်မတော်သားများ၊ ဒေသခံပြည်သူများပူးပေါင်း၍ ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)တွင် တာကိုယ်ထည် တိုက်စားမှုကာကွယ်နိုင်ရန် တာဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

❑ **ညောင်တုန်းမြို့နယ်မှ**

နယ်မြေခံတပ်မတော်သားများ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

■ **နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်မှ**

မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ စက်တင်ဘာ ၆ ရက်မှ ၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။ (မိုး/ဇလ)

## ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးလက်ကမ်းစာစောင်နှင့် Animation ဗီဒီယိုပြိုင်ပွဲဖိတ်ခေါ်ခြင်း

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေး အန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အဖြစ်ကျင်းပမည့် သဘာဝဘေး အန္တရာယ်ဆိုင်ရာအသိပညာပေး **လက်ကမ်းစာစောင် ဒီဇိုင်းရေးဆွဲခြင်းပြိုင်ပွဲ** (လျှောင်၊ လေပြင်း၊ ရေဘေး) နှင့် Animation ဗီဒီယိုဖန်တီးခြင်းပြိုင်ပွဲ (မိုးခေါင် ရေရှား၊ မိုးကြိုး၊ အယ်လ်နီညို) တို့အတွက် ပြိုင်ပွဲဝင် ဒီဇိုင်း Hard Copy နှင့်Soft Copy များကို စက်တင်ဘာ ၁၅ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ရုံးအမှတ်(၂၃) နေပြည်တော် အီးမေးလ် myanmareoc.ddm@gmail.com သို့ ပေးပို့ယှဉ်ပြိုင်နိုင်ပါကြောင်း ထပ်မံ နှိုးဆော်အပ်ပါသည်။

သဘာဝဘေးအန္တရာယ်များကြောင့် အများ ပြည်သူ၏ အသက်အိုးအိမ်ထိခိုက်ဆုံးရှုံးမှုကို လျှော့ချ ပေးနိုင်မည့် မှန်မြတ်သောလုပ်ငန်းစဉ်တွင် မိမိ၏ ကျွမ်းကျင်မှုနည်းပညာ၊ ဖန်တီးနိုင်မှုစွမ်းအား တို့ဖြင့် ပါဝင်ဆောင်ရွက်နိုင်သော အခွင့်အလမ်းကို အပြည့်အဝအသုံးချနိုင်ရေးအတွက် အချိန်မီ ယှဉ်ပြိုင်ပေးပို့ပေးနိုင်ပါရန် တန်ဖိုးထားဖိတ်ခေါ်အပ် ပါသည်။

ဘာသာရပ်ဆိုင်ရာအချက်အလက်များနှင့် နမူနာ လက်ကမ်းစာစောင်များ သိရှိလိုပါက အောက်ပါ QR Code ကို ဖတ်ရှု၍ ရယူသုံးစွဲနိုင်ပါသည်။

(အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၄၆၆၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။)

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

# အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးခဲ့သည့် ဖလမ်းခရိုင်နှင့် မြို့နယ်အဆင့် ဌာန ၃၉ ခုမှ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် အဆောက်အအုံ ၂၀၈ လုံးကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုခွင့်ပြုရန်ပုံငွေဖြင့် ပြုပြင်ဆောင်ရွက်



ဖလမ်း စက်တင်ဘာ ၃ အကြမ်းဖက် ဖြစ်စဉ်များကြောင့် ပျက်စီးခဲ့သည့် ဖလမ်းခရိုင်နှင့် မြို့နယ် အဆင့် ဌာန ၃၉ ခုမှ တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့်အဆောက်အအုံ ၂၀၈ လုံးကို အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုခွင့်ပြုရန်ပုံငွေကျပ် ၉၆၀၁ ဒသမ ၂၆၈၂၇ သန်းဖြင့် ကုမ္ပဏီ ၁၄၈ ခုက ပြုပြင်ခြင်းလုပ်ငန်းများကို ဩဂုတ် ၃ ရက် ကစတင်ပြီး ဆောင်ရွက်လျက်ရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က ယနေ့နံနက်ပိုင်းတွင် ဖလမ်းမြို့ရှိ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ထို့ပြင် ပြုပြင်ရန်ကျန်ရှိသည့် တစ်စိတ် တစ်ပိုင်းပျက်စီးသည့် အဆောက်အအုံ ၅၀ နှင့် အလုံးစုံပျက်စီးသည့် အဆောက်အအုံ ၇၂ လုံးတို့ကို သက်ဆိုင်ရာဌာနအစီအစဉ် ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အဆိုပါတွေ့ဆုံညှိနှိုင်း အစည်း အဝေးမှ သိရသည်။

အစည်းအဝေးအပြီးတွင် ဒုတိယ ဝန်ကြီးသည် ချင်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ချင်းပြည်နယ် အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင် များ၊ ဖလမ်းမြို့ ပြန်လည်ထူထောင်ရေး နှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ကော်မတီဝင်များနှင့်အတူ ဖလမ်းခရိုင် နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာန၊ ဖလမ်းမြို့နယ်မီးသတ်ဦးစီးဌာန ရုံးအဆောက်အအုံ ပြန်လည်ပြုပြင်နေမှု၊ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီး သွားသည့် ဖလမ်းမြို့ ပြည်သူ့ဆေးရုံဝင်း အတွင်း အပျက်အစီးများ ရှင်းလင်းပြီးစီးမှု၊ အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်း ကျောင်းဆောင်ပြန်လည်ပြုပြင် နေမှု၊ ခရိုင်လမ်းဦးစီးဌာနရုံးအဆောက် အအုံ ပြန်လည်ပြုပြင်နေမှုတို့ကို ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ မြို့တော်ခန်းမ၌ဖွင့်လှစ် ထားသည့် ဖလမ်းမြို့ ယာယီဆေးရုံတွင် ဆေးရုံတာဝန်ရှိသူများနှင့် တွေ့ဆုံ ဆွေးနွေးပြီး ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးနေသည့် အခြေအနေ ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

---

**◆ ပိုက်ကျော်ခြင်းပြိုင်ပွဲမှ**

နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းကို နှစ်ပွဲ တစ်ပွဲ၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီး သွားလာရေးဝန်ကြီးဌာန အသင်းက လူငယ်ရေးရာဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက ပညာရေးဝန်ကြီးဌာနအသင်း ကို နှစ်ပွဲပြတ်၊ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်းက စက်မှုနှင့်အသေးစား၊ အငယ် စား၊အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပို့ဆောင်ရေးဝန်ကြီးဌာန အသင်းက အမျိုးသားစီမံကိန်း၊ ရင်းနှီး မြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ် ကျန်းမာရေးဝန်ကြီးဌာန အသင်းက ဥပဒေရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲ ပြတ်၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထား ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနအသင်းက သာသနာရေး ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သိပ္ပံ နှင့် နည်းပညာဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဌာနအသင်းက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာနအသင်းကို နှစ်ပွဲ တစ်ပွဲ၊ သမဝါယမ နှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသင်းက ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက် ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း ကို နှစ်ပွဲ တစ်ပွဲ၊ အားကစားရေးရာဝန်ကြီး ဌာနအသင်းက လူငယ်ရေးရာဝန်ကြီး ဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်အနိုင်ရရှိ ကြသည်။

ထို့ပြင် ပြည်ထဲရေးဝန်ကြီးဌာနအသင်း က စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်၊ ပညာရေးဝန်ကြီးဌာနအသင်း က သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲ တစ်ပွဲ၊ အမျိုးသားစီမံကိန်း၊ ရင်းနှီး မြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းက အလုပ်သမား ဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲ၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီး ဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထား ရေးဝန်ကြီးဌာနအသင်းက ဥပဒေရေးရာ ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနအသင်းက မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်းကို နှစ်ပွဲ တစ်ပွဲ၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်း ကို နှစ်ပွဲပြတ်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး





ဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီး ဌာနအသင်းကို နှစ်ပွဲ တစ်ပွဲ၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနအသင်းက ပြည်ထောင်စု ရာထူးဝန်အဖွဲ့အသင်းကို နှစ်ပွဲပြတ်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအသင်းက ပြန်ကြားရေး ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

စက်တင်ဘာ ၄ ရက်**(ယနေ့)** နံနက် ၉ နာရီမှစတင်၍ ပိုက်ကျော်ခြင်းအမျိုးသား သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စု ပတ်လည်နောက်ဆုံးပွဲစဉ်များနှင့် ပထမ အဆင့်ရှုံးထွက်ပွဲစဉ်များကို ဆက်လက် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

---

**● အာရှယူ-၂၀ ပြိုင်ပွဲမှ**

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက မြန်မာအသင်းက ခြေစွမ်းပိုင်းအသာစီး ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၂၄ မိနစ်တွင် အောင်သီဟ၊ ပွဲချိန် ၃၇ မိနစ် တွင် သူရမင်းသန့်တို့က မြန်မာအသင်း အတွက် ဦးဆောင်ဂိုးများသွင်းယူ နိုင်ခဲ့ပြီး ပထမပိုင်းအပြီးတွင် မြန်မာ အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင် နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင် ချိန်တွင် မြန်မာအသင်းကပင် ခြေစွမ်း ပိုင်းအသာစီးဖြင့် ဆက်လက်ဖိအားပေး ကစားနိုင်ခဲ့ကာ ပွဲချိန် ၇၂ မိနစ်တွင် ဘရူနိုင်းအသင်းမှ အယ်ဇာရီ ကိုယ့်ဂိုးကိုယ် သွင်းယူမိခဲ့သည့်အတွက် မြန်မာအသင်း တတိယဦးဆောင်ဂိုးရရှိခဲ့ပြီး ပွဲချိန် ၇၄ မိနစ်နှင့် ၈၃ မိနစ်တို့တွင် သော်ဇင်ကို၊ ပွဲချိန် ၈၁ မိနစ် တွင် စိုင်းဘိုဘိုကျော်၊ ပွဲချိန် ၈၂ မိနစ်တွင် ကျော်ညီညီတို့က မြန်မာ အသင်းအတွက် ဦးဆောင်ဂိုးများထပ်မံ သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန် တွင် မြန်မာအသင်းက ခုနစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အာရှယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စု ပွဲစဉ်များတွင် မြန်မာအသင်းသည် အဖွင့် ပွဲစဉ်တွင် သီရိလင်္ကာအသင်းကို လေးဂိုး ဂိုးမရှိ၊ ဒုတိယပွဲစဉ်တွင် ဘရူနိုင်းအသင်းကို ခုနစ်ဂိုး ဂိုးမရှိဖြင့် နှစ်ပွဲဆက်ဂိုးပြတ် အနိုင်ရရှိထားပြီး အုပ်စုတတိယပွဲစဉ် အဖြစ် စက်တင်ဘာ ၆ ရက် ညနေ ၄ နာရီ တွင် မော်လ်ဒိုက်အသင်းနှင့် ဆက်လက် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ကြောင်း သိရသည်။

STA

---

**☆ ကျောဖုံးမှအဆက်**

နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက် ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စား သောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာ ရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင် ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများ ကို တိုင်းမှူးနှင့်တက်ရောက်လာကြသူ များက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေ ခက်များ ကမ်း၍လည်းကောင်း၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်း ကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြု ကြိုဆိုကြသည်။

ယင်းနောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြု ချီးမြှင့်ငွေများပေးအပ်ကာ နေ့လယ်စာ အတူတကွသုံးဆောင်ခဲ့ကြောင်း သတင်း ရရှိသည်။

(၅၀၁)

# နီပေါနိုင်ငံတွင် ၂၀၂၆ ခုနှစ် ဩဂုတ် ၂၆ ရက်၌ ရုတ်တရက်ရေကြီးရေလျှံမှုကြောင့် လူပေါင်းများစွာ အသက်အိုးအိမ်ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး



**ရန်ကုန် စက်တင်ဘာ ၃**

နီပေါနိုင်ငံတွင် ၂၀၂၆ ခုနှစ် ဩဂုတ် ၂၆ ရက်၌ ရုတ်တရက်ရေကြီးရေလျှံမှုကြောင့် လူပေါင်းများစွာ အသက်အိုးအိမ်ဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်သည် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုးရန် ရန်ကုန်မြို့ တာမွေမြို့နယ် နတ်မောက်ရိပ်သာလမ်း အမှတ်(၁၆)ရှိ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံရုံးသို့ ယနေ့မွန်းလွဲ ၂ နာရီတွင် သွားရောက်ခဲ့သည်။

ဦးစွာ ဒုတိယဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့် တာဝန်ရှိသူများကို သံရုံးဧည့်ခန်းမတွင် တွေ့ဆုံနှုတ်ဆက်၍ နီပေါနိုင်ငံတွင် ရုတ်တရက်ရေကြီးရေလျှံမှုကြောင့် လူပေါင်းများစွာ အသက်အိုးအိမ်ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့မှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကားပြောကြားပြီး ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၃-၉-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၈,၅၃၀,၉၅၃.၇၃ | ၁,၅၆၄,၀၄၃.၆၀ | ၁၃၀,၉၇၈,၆၇၆.၀၀ | - |

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် ကာလလျှော့ပေါ့ခွင့်ပြုသူများ**

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။




## မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့သည် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးဇာနည်ဝင်းအား အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

## ထူးခြားသည့် နေ့အပူချိန်များ

(၃ - ၉ - ၂၀၂၆)

| | | | | |
|---|---|---|---|---|
| ညောင်ဦး | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၄ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၄ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၃ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၃ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ခန္တီး | ၃၃ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မချမ်းဘော့ | ၃၃ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

### စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၇၁၇၉ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် စက်တင်ဘာ ၃**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ စက်တင်ဘာ ၄ ရက်မှ ၁၀ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၇၁၇၉ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ "ကိုကိုနှင့်ညီညီ" လျှပ်စစ်ပစ္စည်းဆိုင်ကို သေနတ်ပြခြိမ်းခြောက်၍ လုယက်မှုကျူးလွန်ခဲ့သူ တရားခံ အမျိုးသား ငါးဦး၊ အမျိုးသမီး တစ်ဦးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ



မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ "ကိုကိုနှင့်ညီညီ" လျှပ်စစ်ပစ္စည်းဆိုင်ကို သေနတ်ပြခြိမ်းခြောက်၍ လုယက်မှုကျူးလွန်ခဲ့သူ တရားခံ အမျိုးသား ငါးဦး၊ အမျိုးသမီးတစ်ဦးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် စက်တင်ဘာ ၃**

၂၀၂၆ ခုနှစ် ဩဂုတ် ၂၈ ရက် နံနက် ၄ နာရီက မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မရမ်းကုန်းရပ်ကွက်ရှိ "ကိုကိုနှင့်ညီညီ" လျှပ်စစ်ပစ္စည်းဆိုင်တွင် မျက်နှာဖုံးစွပ်ထားသည့် အမျိုးသား သုံးဦးက သေနတ်ပြခြိမ်းခြောက်၍ ဆိုင်ဝန်ထမ်း အမျိုးသမီး သုံးဦးကို တိပ်အဝါဖြင့် လက်နောက်ပြန် ချည်နှောင်ကာ နေအိမ်ဆိုင်အတွင်းရှိ မီးခံသေတ္တာနှင့် ဗီရိုအတွင်းမှ စာရွက်စာတမ်းများ၊ ရွှေထည်၊ စိန်ထည်ပစ္စည်းမျိုးစုံ၊ ငွေကျပ်သိန်း ၅၀ စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၅၀၈၅၀ ခန့်ကို လုယက်ယူဆောင်သွားခဲ့ကြောင်း သတင်းအရ စစ်ကဲကုန်းနယ်မြေရဲစခန်းက (ပ)၁၁၀/၂၀၂၆၊ ရာဇသတ်ကြီး ပုဒ်မ ၃၉၂/၁၁၄ ဖြင့် အမှုရေးဖွင့်ပြီး ပြစ်မှုကျူးလွန်သူ တရားခံများဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး အခင်းဖြစ်ရပ်မှတ်တမ်းများရယူခြင်း၊ နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူ တရားခံ မော်လမြိုင်မြို့နယ် ဇေယျာမြိုင်ရပ်ကွက်နေ စန်းအေး ၅၃ နှစ်ကို ဩဂုတ် ၂၈ ရက် မွန်းလွဲပိုင်းတွင် ၎င်း၏နေအိမ်၌ လုယက်မှုကျူးလွန်ရာမှရရှိသည့် ရွှေထည်ပစ္စည်း ခုနစ်မျိုးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ စန်းအေး၏ ထွက်ဆိုချက်အရ ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းပါဝင်သူများ ဖြစ်ကြသည့် မော်လမြိုင်မြို့နယ် ကျွဲခြံကုန်းရပ်ကွက်နေ တရားခံ ထွန်းချေ ခေါ် ရခိုင် ၆၉ နှစ်ကို ဩဂုတ် ၂၉ ရက် မွန်းလွဲပိုင်းတွင် ၎င်း၏ နေအိမ်၌လည်းကောင်း၊ ကျိုက်မရောမြို့နယ် ကြခတ်ကုန်းကျေးရွာနေ တရားခံ ကျော်တင့် ခေါ် စောဖိုးကျော် ၃၄ နှစ်ကို စက်တင်ဘာ ၁ ရက် ညပိုင်းတွင် ၎င်း၏ နေအိမ်၌လည်းကောင်း၊ စက်တင်ဘာ ၂ရက် မွန်းလွဲပိုင်းတွင် ကျိုက်မရောမြို့နယ် ကြခတ်ကုန်းကျေးရွာနေ မင်းထက်သာ ၂၅ နှစ်၊ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကျုံမရေးကျေးရွာနေ မင်းကိုကို ၂၆ နှစ်၊ သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ ဗုဒ္ဓရပ်ကွက်နေ စောတင်ရဲအောင် ခေါ် ကရင် ခေါ် ကတုံး ၃၈ နှစ်တို့ သုံးဦးကို ကျိုက်မရောမြို့နယ်ကြခတ်ကုန်းကျေးရွာရှိ မင်းထက်သာ၏နေအိမ်၌ လုယက်မှုကျူးလွန်ရာမှရရှိသည့် မီးခံသေတ္တာနှင့် ရွှေထည်၊ စိန်ထည်၊ ပုလဲပစ္စည်းမျိုးစုံ ၁၂ မျိုးတို့နှင့်အတူ အသီးသီးဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ ဖြစ်ကြသည့် စန်းအေး၊ ထွန်းချေ ခေါ် ရခိုင်၊ ကျော်တင့် ခေါ် စောဖိုးကျော်၊ မင်းထက်သာ၊ မင်းကိုကို နှင့် စောတင်ရဲအောင် ခေါ် ကရင် ခေါ် ကတုံးတို့ ခြောက်ဦး၏ စစ်ဆေးချက်အရ တရားခံစန်းအေးသည်မြေအရောင်းအဝယ် လုပ်ကိုင်သူတစ်ဦးဖြစ်ပြီး "ကိုကိုနှင့် ညီညီ" လျှပ်စစ်ပစ္စည်းဆိုင်သို့ အမြဲတမ်းဝင်ထွက်သွားလာလေ့ရှိသူ ဖြစ်ကြောင်း၊ ငွေကြေးလိုအပ်ချက်အရ ခင်မင်ရင်းနှီးသူ တရားခံ ထွန်းချေ ခေါ် ရခိုင်၏ ချိတ်ဆက်ပေးမှုဖြင့် ဩဂုတ် ၂၇ ရက် ညပိုင်းတွင် မော်လမြိုင်မြို့ ရွှေသံလွင်စားသောက်ဆိုင်၌ တရားခံ စောတင်ရဲအောင် ခေါ် ကရင် ခေါ် ကတုံး၊ ကျော်တင့် ခေါ် စောဖိုးကျော်၊ မင်းထက်သာ၊ မင်းကိုကိုတို့နှင့် တွေ့ဆုံခဲ့ပြီး စန်းအေးကဦးဆောင်စီစဉ်ကာ "ကိုကိုနှင့်ညီညီ" လျှပ်စစ်ပစ္စည်းဆိုင်ကို လုယက်မှုကျူးလွန်ရန် တိုင်ပင်ခဲ့ကြသည်။

ဩဂုတ် ၂၈ ရက် နံနက်ပိုင်းတွင် စန်းအေးနှင့် ကျော်တင့် ခေါ် စောဖိုးကျော်တို့က ဆိုင်အနီးပတ်ဝန်းကျင်ကို ဆိုင်အပြင်မှနေ၍ စောင့်ကြည့်ပေးခဲ့ပြီး တရားခံ စောတင်ရဲအောင် ခေါ် ကရင် ခေါ် ကတုံးက သံတူရွှင်းကိုင်ဆောင်ကာ မင်းထက်သာနှင့် မင်းကိုကိုတို့က ပစ္စတို သေနတ် တစ်လက်စီ ကိုင်ဆောင်၍ မျက်နှာဖုံးစွပ်ကာ "ကိုကိုနှင့်ညီညီ"လျှပ်စစ်ပစ္စည်းဆိုင်ကပ်လျက်ရှိ ဆောက်လက်စ အဆောက်အအုံ ငြမ်းပေါ်မှတစ်ဆင့် တွယ်တက်ခဲ့ပြီး အပေါ်ထပ်သံတံခါးကို ဖျက်၍ ဆိုင်အတွင်းသို့ ဝင်ရောက်ခဲ့ကြောင်း၊ ထို့နောက် ဆိုင်ဝန်ထမ်းအမျိုးသမီး သုံးဦးကို သေနတ်ပြခြိမ်းခြောက်၍ တိပ်အဝါဖြင့် လက်နောက်ပြန်ချည်နှောင်ခဲ့ပြီးနောက် မီးခံသေတ္တာနှင့်ရွှေထည်ပစ္စည်းများထည့်ထားသည့် အထုပ်တစ်ထုပ်တို့ကို လုယက်ယူဆောင်ခဲ့ကြကြောင်း၊ လုယက်မှုကျူးလွန်ရာမှရရှိခဲ့သည့် ရွှေထည်ပစ္စည်းများထည့်ထားသော အထုပ်ကို စန်းအေးကလည်းကောင်း၊ စောတင်ရဲအောင် ခေါ် ကရင် ခေါ် ကတုံး၊ ကျော်တင့်ခေါ် စောဖိုးကျော်၊ မင်းထက်သာ နှင့် မင်းကိုကိုတို့ လေးဦးက မီးခံသေတ္တာကိုလည်းကောင်း အသီးသီးခွဲဝေယူဆောင်ခဲ့ကြကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် မော်လမြိုင်မြို့ရှိ "ကိုကိုနှင့်ညီညီ" လျှပ်စစ်ပစ္စည်းဆိုင်ကို သေနတ်ပြခြိမ်းခြောက်၍ လုယက်မှုကျူးလွန်ခဲ့သူ စန်းအေးပါ တရားခံ ခြောက်ဦးတို့ကို ရွှေထည်ပစ္စည်းမျိုးစုံ ၁၉ မျိုးနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး သက်သေခံပစ္စည်းများ ဆက်လက်သိမ်းဆည်းနိုင်ရေးနှင့် ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

## မြစ်သာ၊ သံလွင်၊ စစ်တောင်း၊ ပဲခူးမြစ်ရေ အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၃**

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ ပေ ၁ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁ ပေ ၆ လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၃ ပေ ၃ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ခြောက်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့အတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂ ပေ ၉ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ခြောက်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁ ပေ ၅ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ခြောက်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကလေးမြို့နယ်၊ ဘားအံမြို့နယ်၊ ပဲခူးမြို့နယ်၊ မဒေါက်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထားသည်။ **(မိုး/ဇလ)**

## ကမ်းနီး၊ကမ်းဝေး ငါးဖမ်းရေယာဉ်များ မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် ရာသီဥတုခိုလှုံနိုင်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၉-၆-၂၀၂၆) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၆ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည် -

(က) ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ် သံတွဲမြို့နယ် ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ် သံတွဲမြို့နယ် သမြုချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ် ဂွမြို့နယ် တင်းတောကျေးရွာအုပ်စု အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပြင်ခရိုင်ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄ ဒသမ ၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ် ရေးမြို့နယ် ဝါးကျွန်းမြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁ ဒသမ ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပြင်စဘုကျွန်း (PYIN SA BU ISLAND)အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များကို ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး၊ ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# မီးတောက်မီးလျှံ ငြိမ်းစေအေးစေသော

**တင်မောင်ညွှန့်(ရိုးမအလင်္ကာ)**



(၁)

သက်မွန်နှင့် အောင်ကျော် ညားသွားပြီဆိုသော သတင်းသည် တစ်ရပ်ကွက်လုံး ပျံ့သွား၏။ သက်မွန်မှာ မိခင်အိုနှင့်အတူနေထိုင်ပြီး ကွမ်းယာဆိုင်လေး ဖွင့်ကာ ဘဝရပ်တည်ရေးအတွက် ကြိုးစားနေသူဖြစ်သည်။ ယောကျ်ားတိုင်းလိုလို ကွမ်းစားလာကြသည့် ခေတ်တွင် သက်မွန်တို့ကဲ့သို့ ကွမ်းယာရောင်းသူများလည်း ဝမ်းခါးလှကြသည်။

သက်မွန်နှင့် အောင်ကျော်တို့၏ သုံးနှစ်ဆိုသော ကာလတစ်လျှားတွင် ရတနာကျော်ဟု အမည်တွင်သော သမီးဦးကလေးတစ်ယောက်ကို လောကဝန်းကျင်ထဲသို့ ရောက်ရှိစေခဲ့၏။ သက်မွန်နှင့် အောင်ကျော်တို့မှာ သမီးကလေးကို ချစ်လိုက်သည်မှာ ဖူးဖူးမှုတ်လို့ မယားလက်က လင်၊ လင်လက်က မယား တစ်ယောက်လက် တစ်ယောက်ကမ်းကာ သမီးကလေးကို မိဘမေတ္တာမျှဝေပေးနေကြ၏။

"သက်မွန်ရေ တို့ဘဝမှာ သမီးကလေးအတွက် အနာဂတ်လိုလာပြီနော်"

"ဟုတ်တာပေါ့ အောင်ကျော်ရယ် သမီးကလေးရဲ့ ကျန်းမာရေး၊ ပညာရေး၊ လူတစ်လုံး သူတစ်လုံး ဖြစ်ဖို့အတွက် လုပ်ဆောင်ပေးရမဲ့ တာဝန်ဟာ တို့ခေါင်းပေါ် ရောက်နေပြီပေါ့ဟာ"

"အေး ငါစဉ်းစားတယ် သက်မွန်။ နင်နဲ့ငါက ဘဝကြမ်းတွေထဲက မွေးဖွားကြီးပြင်းလာခဲ့ကြတာ။ ခု နင်က ကွမ်းယာဆိုင်လေးဖွင့်ပြီး ရောင်းနေတယ်။ ငါက ဘာမှရေရာမှုမရှိဘူးကွာ"

အောင်ကျော်မှာ ရပ်တည်ရမှုဘဝအတွက် ကျေနပ်မှု မရှိနိုင်ဖြစ်နေ၏။

"အောင်ကျော်ရယ် ငါက ကွမ်းယာရောင်းတယ်။ နင်က ကျပန်းလုပ်နေတာပဲ။ တို့နှစ်ယောက်ပေါင်းတော့ မဆိုးပါဘူး"

"အဲဒါ နင် ငါ့ကို နှစ်သိမ့်တဲ့စကားပဲ၊ ငါ အုံနာခ ပေးပြီး ကားမောင်းတယ်၊ တစ်ခါတလေ ကုန်ကားတွေမှာ စပယ်ယာလိုက်တယ်၊ အဲဒါမှန်ကန်တဲ့ ရပ်တည်မှုလား။ ဒီအခြေအနေမျိုးနဲ့ သမီးကလေး အနာဂတ်ကို လှပအောင်ဖန်တီးနိုင်မှာတဲ့လား"

"သက်မွန်ရယ် ငါငွေရှာထွက်မယ်။ ဒီနေရာမှာ ဒီလိုလုပ်နေလို့ ဘာမှထူးခြားလာမှာ မဟုတ်ဘူး"

"အောင်ကျော်ရယ် နင် ရည်ရွယ်ချက်ရှိရှိနဲ့ ငွေရှာထွက်တာ ငါ့အနေနဲ့ တားမြစ်စရာမရှိပါဘူး။ သက်မွန်ကတော့ ချစ်ရည်တူ နှစ်ကိုယ်မျှပြီး အိမ်ထောင်တစ်ခုကို တည်ထောင်ထားကြပြီးမှ မရေမရာခွဲခွာကြရမည့်အရေးကို တွေးပူမိသည်က အမှန်ပါ။

"အူဝဲ"

"ဟော သမီးကလေးနိုးပြီ၊ နို့တိုက်ရအုံးမယ်"

သက်မွန် သမီးဘေးဘက်လှည့်ပြီး လှမ်းယူရန် ပြင်လိုက်၏။

(၂)

လေးနှစ်ဆိုသောကာလအတွင်း ငယ်ရွယ်သူ ဇနီးမောင်နှံတို့အတွက် ခွဲခွာခြင်း လွမ်းရသလို တရှိုက်မက်မက်ခံစားရသည်မှာ ပြင်းရှသည့်ချစ်ခြင်း ရမ္မက်ဝေဒနာတစ်ရပ်ပေတည်း။

"အောင်ကျော်ရယ် အခြေအနေမပေးရင်လဲ ပြန်လာခဲ့ပါတော့၊ ငါ နင်နဲ့ ခွဲခွာနေရတာ ရင်နင့်အောင် ခံစားနေရလို့ပါ"

သက်မွန်နှလုံးသားတွင် သမုဒယသံစဉ် ရွှေနားတော်သွင်းချစ်ခြင်းမေတ္တာဘွဲ့က အချိန်တိုင်းလိုလို အသံတိတ်နေရာယူနေသည်။

"သက်မွန်ရေ သက်မွန်"

အောင်ကျော်၏ အသံ သက်မွန်နားထဲရောက်လာရာ သက်မွန်ရင်တုန်သည်းတုန် ခံစားလိုက်ရသည်။ ဝမ်းနည်းရမလား ဝမ်းသာရမလား သက်မွန် ခွဲခြားမရ။ သက်မွန် အိမ်နောက်ဘက် မီးဖိုခန်းကနေ အိမ်ရှေ့ဘက်သို့ မဝံ့မရဲထွက်လိုက်သည်။ အောင်ကျော်မှ အောင်ကျော်အစစ်ပါ။

"အောင်ကျော်ရယ် လာမယ်ဆိုလဲ သတင်းလေး ဘာလေးပို့တာ မဟုတ်ဘူး"

နှလုံးသား တမ်းတသံလေးများ နှုတ်ခမ်းများကြားမှ အသီးသီးပွင့်ထွက်သွားကြသည်။ သက်မွန် ရီဝေမျက်ဝန်းနှင့် အောင်ကျော်ကို ငေးကြည့်နေသည်။ အောင်ကျော် အိမ်ပေါ်သို့တက်ပြီး ကျောပိုးအိတ်ကို ချထားလိုက်၏။

"သက်မွန်ရေ နင်ဘာဖြစ်နေတာလဲ သမီးကလေးကော သမီးကလေးဘယ်မှာလဲ"

သက်မွန် ငယ်ချစ်လင်နှင့် ပြန်လည်ဆုံတွေ့ခြင်း ပျော်ရွှင်မှုရသ ချက်ချင်းခါးသီးသွားပေပြီ။ ဝေဒနာခပ်ပြင်းပြင်း ရင်ဘတ်ထဲ လာဆောင့်သည်။

"သက်မွန် ငါမေးနေတယ် သမီး ဘယ်မှာလဲ သမီး ဘယ်မှာလဲ... သမီး ဘယ်မှာလဲ"

အောင်ကျော်၏ အသံမှာ ရင်ခေါင်းသံကြီး ဟိန်းလာခဲ့ပေပြီ။

"အောင်ကျော်ရယ် သမီးဆုံးပြီ။ ဟီး ဟီး ဟီး"

"ဘာ"

"အမေလဲ မရှိတော့ဘူး။ ဆုံးပြီ။ ဟီး ဟီး ဟီး"

"ဟင်"

"သက်မွန် နင် ဘာမှအသုံးမကျတဲ့ မိန်းမပါလား"

သက်မွန်၏ အသံမှာ ငိုသံကြီးနှင့်ရောပြီး ဗလုံးဗထွေး ထွက်ပေါ်နေသည်။

"သက်မွန် နင်ဟာ သမီးကလေးကို မစောင့်ရှောက်နိုင်၊ အမေအိုကြီးကို မပြုစုနိုင် ဘာမှအသုံးမကျတဲ့ မိန်းမပါလား"

"ပြောပါ အောင်ကျော်၊ အားရအောင်ပြောပါ"

"အဲသလောက်ထိ ဆိုးဆိုးရွားရွားဖြစ်သွားရအောင် မင်းကိုယ်လုံးအလှကိုပြပြီး ယောကျ်ားတွေကိုမြူဆွယ်နေလို့ သမီးကိုစောင့်ရှောက်ဖို့ မေ့နေသလားမှ မသိတာ"

"အောင်ကျော် နင် ငါ့ကို အဲသလိုတော့ မစွပ်စွဲနဲ့ဟာ။ ငါဟာ ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးတစ်ယောက်၊ အိမ်ထောင်ရေးအပေါ်မှာ ဘယ်တော့မှ သစ္စာမဖောက်ဘူး"

"ဒီမှာ သက်မွန် ငါ့သမီးကို ငါဘယ်လောက်ထိ ချစ်တယ်ဆိုတာ နင်သိတယ်။ ငါ့သမီးအတွက် ငါ မိသားစုနဲ့ခွဲပြီး ပေးဆပ်နေခဲ့တာလေ"

"သမီးဟာ ငါကိုယ်တိုင်ဗိုက်နဲ့လွယ်ပြီး မွေးထားခဲ့တာပါ၊ နင်ချစ်သလို ငါလဲချစ်ပါတယ်၊ အောင်ကျော်ရယ်"

"တော် တော် တော် ငါ နင့်ကိုမကျေနပ်ဘူး။ နင်နဲ့ ငါ ဆက်မပေါင်းနိုင်ဘူး"

သမီးလေးနဲ့ သေကွဲခွဲရသောအဖြစ်ကိုတွေးပြီး သားသမီးကိုချစ်သော သံယောဇဉ်တရား၏ ရိုက်ချက်သည် အောင်ကျော်အတွက် နှလုံးသားပေါက်ကွဲလုမတတ် ခံခဲ့ရလေပြီ။ အိတ်ကိုဆွဲပြီး သက်မွန်ကို ကျောခိုင်းလိုက်လေပြီ။

(၃)

သက်မွန်မှာ အောင်ကျော်အိမ်မှ ထွက်သွားပြီးကတည်းက သမီးတာဝန်ကော အမေ့ကိုပြုစုရမည့် အလုပ်ပါ အကုန်လုံး ကိုယ့်ခေါင်းပေါ် ရောက်ခဲ့သည်။ လက်ရှိဘဝရပ်တည်မှုပေးနေသော ကွမ်းယာဆိုင်ကို ပိုပြီးအရေးတစိုက်လုပ်သည်။ စားရေး သောက်ရေးမှ ပိုလျှံသောငွေစများကို အောင်ကျော် ဆန္ဒရှိသည့်အတိုင်း သမီး၏အနာဂတ်အတွက် စုဆောင်း၏။

သမီး ရတနာကျော် သုံးနှစ်သမီး အရွယ်ရောက်သည့် တစ်နေ့မှာတော့ သမီး အပြင်းဖျားပါလေတော့သည်။ သက်မွန်မှာ သားသမီးအရေးမို့ ခေါင်းမီးတောက်ရှာရသည်။ ကွမ်းယာဆိုင်တစ်ဖက်နှင့် အမေအိုကို ပြုစုရသည်။ စားရေးသောက်ရေးကိုလည်း စီမံချက်ပြုရသည်။ ယခုတစ်ခါ သမီး ဖျားပြန်ပြီဆိုတော့ သက်မွန် ချာချာလည်တော့သည်။ သက်မွန် ရပ်ကွက်ဆေးဆိုင်သို့ ကသောကမျော ပြေးသွားလိုက်၏။ အပူကျဆေးပေးပါ၊ အဖျားပြတ်ဆေးပေးပါဟုပြောပြီး ဆေးသွားဝယ်၏။ သမီးကို သောက်ခိုင်း၏။ ပြီးလျှင် အမေ့ဆီပြေးသွားပြီး ဆန်ပြုတ်တိုက်သည်။

"ဩော်...အမေရယ်၊ ခဏနော် ထမင်းအိုးပွက်နေပြီထင်တယ်၊ ထမင်းရည်သွားငှဲ့လိုက်အုံးမယ်"

သက်မွန် ဆန်ပြုတ်ခွက်ကလေးကို ခုံကလေးပေါ် ချထားလိုက်ပြီး အမေ့ကို အသာအယာလှဲသိပ်လိုက်၏။ ချက်ချင်းပဲ မီးဖိုခန်းထဲဝင်လာပြီး ထမင်းအိုးကို ဖိုခနောက်ပေါ်ကချယူပြီး ထမင်းရည် ငှဲ့လိုက်သည်။

"သက်မွန်ရေ ကွမ်းတစ်ထုပ်လောက်ဟေ့"

"ဩော် ဟုတ်ကဲ့ ဦးလေး လာပြီ လာပြီ"

သက်မွန်မှာ ထမင်းရည်မစစ်ခင်ဘဲ ဖျတ်ခနဲ ချထားခဲ့ပြီး ကွမ်းယာလာရောင်းလိုက်ရ၏။

" ဦးလေးထွန်းရယ် ကျွန်မမှာလဲ ဆိုင်တစ်ဖက်၊ အမေ့ပြုစုရတာတစ်ဖက်နဲ့ ဟိုပြေး၊ သည်ပြေးပါပဲ ခုတစ်ခါ သမီးက ဖျားနေပြန်ပြီ"

"ဖျားတာ ဘယ်နှရက်ရှိပြီလဲ"

"သုံးရက်ရှိပါပြီ အဖျားလဲမကျဘူး"

"ဟုတ်လား ခဏတက်ကြည့်မယ်နော်"

"ဟုတ်ကဲ့ ကြည့်ပေးပါအုံး ဦးလေးထွန်းရယ်"

ဦးလေးထွန်းအိမ်ပေါ်သို့တက်ပြီး သမီးရတနာကျော်လေးရဲ့ ကိုယ်ကိုစမ်းကြည့်လိုက်၏။ သမီးမှာ တစ်ကိုယ်လုံး ကိုယ်ပူတွေပြည့်နေ၏။ မျက်လုံးလေး မှိတ်ပြီး မေ့နေသည်။

"သက်မွန် ကလေးကို ဒီအတိုင်းထားလို့မရဘူး။ ကလေးက သွေးလွန်တုပ်ကွေးဖြစ်နေတာ ဆေးရုံ မြန်မြန်ပို့ရမယ်"

ဦးလေးထွန်းမှာ တစ်လမ်းတည်းနေကြသူချင်းမို့ သက်မွန်တို့နှင့် ခင်သည်။ သက်မွန်တို့ကို မမာမကျန်းကအစ ဂရုစိုက်သည်။

"ဟုတ်လား ဦးလေးရယ် ဒုက္ခပါပဲ၊ ကျွန်မကလဲ ရိုးရိုးပဲဖျားတယ်ထင်ပြီး ရပ်ကွက်ဆေးဆိုင်တွေက ဆေးတွေနဲ့ပဲ ကလေးကို တိုက်ခဲ့တာလေ"

သမီးရတနာကျော်လေးကို ဦးလေးထွန်းကပဲ ဦးဆောင်ပြီး ဆေးရုံပို့ပေးခဲ့သည်။ ဆေးရုံရောက်ပြီး သုံးရက်မြောက်နေ့ပင် သမီးကလေး အသက်ကုန်သွားခဲ့သည်။ ဆရာဝန်က ဆေးရုံရောက်တာ နောက်ကျသည်ဟု အပြစ်တင်သည်။

သက်မွန်မှာ သမီးဆုံးပြီး အိမ်သို့အပြန် အမေ့အိပ်ခန်းလေးသို့ ပြေးတက်လိုက်သည်။ သက်မွန် အမေကား အိပ်ရာပေါ်တွင် မလှုပ်မယှက်၊ သက်မွန် အမေ့ကိုယ်လုံးကလေးကို ကိုင်လှုပ်လိုက်၏။

"ဟင် အမေ အမေ အမေ"

"အမေ ဆုံးပြီ၊ ဟီး ဟီး ဟီး"

သက်မွန်အတွက် ရွှေရင်မီးတောက်ရပါပြီ။ သမီးလေးမှာ သုံးနှစ်အရွယ်လေးမို့ ဝေဒနာဆိုးက အစိမ်းခြွေကာ ခြွေသွားခဲ့သည်။ ယခုတစ်ခါ အမေအိုက မီးစာကုန် ဆီခန်းလို့ သံသရာလမ်းကို ဆက်လှမ်းသွားခဲ့ပြန်လေပြီ။

သက်မွန်မှာ လင်ယောကျ်ား အောင်ကျော် ဘယ်နေရာ ဘယ်စခန်းဟု မှန်းဆမရနိုင်သော အခြေအနေမို့ အိမ်က ထွက်သွားကတည်းက အဆက်အသွယ်ပြတ်ခဲ့သည်။ သမီးဆုံးတာတောင် စကားတစ်ခွန်း အမှာမပါးခဲ့နိုင်ရှာပါလား။

စာမျက်နှာ ၂၅ သို့ á

# ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၅၇၀၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ခင်ဦး စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၅၇၀၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၅၇၀၅ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါဖူးစားပြောင်းစိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ဖူးစားပြောင်း ၅၇၀၅ ဧက စိုက်ပျိုးဖို့အတွက်လျာထားပါတယ်။ ဖူးစားပြောင်းတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့နဲ့ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက် ပေးသွားပါမယ်။ ဖူးစားပြောင်း စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် မိုမိုတိုးတက်စိုက်ပျိုးလာကြပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ဖူးစားပြောင်းကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

á **စာမျက်နှာ ၂၄ မှအဆက်**

လင်ယောကျ်ား အောင်ကျော် ရောက်လာပြန်တော့ သမီးနှင့် အမေဆုံးပါးသွားသည့်ကိစ္စကြောင့် ယုံကြည်မှုကင်းပြီး နာကြည်းခြင်းပြင်းပြင်းနဲ့ သက်မွန်ကို ကျောခိုင်းထွက်သွားခဲ့သည်။

(၄)

မုတ်သုံစောင်းကြိုး တီးခတ်နှိုးပြီမို့ ပုလဲငွေရည်မိုးစက်များ သွန်းဖြိုးစွေရွာနေသော နေ့တစ်နေ့။ သက်မွန် ရပ်ကွက်ထဲ ဆွေမျိုးတစ်ယောက် နေမကောင်းဘူး သတင်းကြားလို့ သွားသတင်းမေးပြီး အိမ်သို့ပြန်လာခဲ့သည်။

"သက်မွန်ရေ ခဏ ခဏ"

ခေါ်သံကြား၍ စောင်းငဲ့ကြည့်လိုက်ရာ ခြံပေါက်ဝမှ လက်ယပ်ခေါ်နေသော ဒေါ်မြင့်ကို တွေ့လိုက်သည်။ သက်မွန် လှမ်းအဝင်တွင် ဒေါ်မြင့်က သက်မွန်ပခုံးလေးကို ဖက်ပြီး အိမ်ပေါ်သို့ ခေါ်သွား၏။

"ကဲ ဘာကိစ္စလဲ ဒေါ်မြင့်ရယ် ကျွန်မအိမ်မှာ ဆိုင်ပိတ်ထားခဲ့ရတယ်"

"ဩော်... ဒီလိုပါ သက်မွန်အဖြစ်ကိုတွေးပြီး ပြောရမှာတောင် အားနာနာပဲ"

"ပြောမှသာ ပြောစမ်းပါရှင်"

"ဒီလိုပါ သက်မွန်ရယ် တို့အိမ်ရောက်နေတဲ့ ဦးထင်ကျော်ကို သိတယ်မဟုတ်လား"

"သိတော့ ဘယ်သိမလဲ။ ဒီရှေ့နားကနေ သွားရင်းလာရင်းနဲ့ တွေ့နေတာပဲ"

"အဲဒီ ဦးထင်ကျော်က သမီးသက်မွန်ကို စိတ်ဝင်စားနေတယ် သူကပြည်ဘက်ကပဲ တောသူဌေးကွဲ့"

"သူ့အသက်အရွယ်နဲ့ ဘုရားရိပ်၊ တရားရိပ် ခိုသင့်ပြီ ဘာလို့ အိမ်ထောင်ပြုချင်ရတာလဲ"

"ဒါက ဒီလိုရှိတယ်သမီး။ သူ့မှာ သူ့မိန်းမဆုံးသွားလို့ လုပ်ငန်းတွေ ရပ်သွားတာလေ။ အောင်မြင်နေတဲ့ သူ့စီးပွားရေးလုပ်ငန်းကို ဆက်လုပ်ချင်နေတာ"

သက်မွန် ငြိမ်ငြိမ်ကလေး နားထောင်နေ၏။

"သက်မွန် ဘဝနဲ့အခြေအနေကို အန်တီပြောပြထားတယ်။ သူက သက်မွန်တို့အိမ်ကို ကုန်စုံဆိုင်ကြီးဖွင့်လိုက်ရင် အောင်မြင်နိုင်တယ်တဲ့။ သူက သက်မွန်ကို လုပ်ပေးချင်နေတာလေ"

"သူက အသက်ကြီးပိုင်းမို့လားမသိ ဝင်တာလေးက ယဉ်တယ်နော်"

"သက်မွန် ဘာကိုဆိုလိုတာလဲ"

"သက်မွန်ဆီ သူ့အရင်ချဉ်းကပ်ကြတဲ့လူတွေကျတော့ သက်မွန်ကိုမှမရရင် သေကြတော့မဲ့အတိုင်းပဲ ချစ်လှချည့်ရဲ့ ကြိုက်လှချည့်ရဲ့နဲ့လေ"

ဒေါ်မြင့်ထံမှ စကားသံ တိတ်သွားသည်။

"ကျွန်မလဲ အတွေ့အကြုံအရ အသိတွေရှိလာခဲ့ပြီ၊ ကျွန်မက အိမ်ထောင်တစ်ခုကို ခိုင်ခိုင်မြဲမြဲတည်ဆောက်ပြီး သစ္စာရှိတဲ့ အိမ်ထောင်ရေးဘဝကို ထူထောင်ချင်တာ"

"သူက တည်ကြည်ရိုးသားပါတယ် သက်မွန်ရယ်"

"ဒေါ်မြင့်ရယ် ကျွန်မဘဝမှာ ဒဏ်ရာအနာတရတွေ မဖြစ်ချင်တော့ဘူး။ သူ ရိုးသားတည်ကြည်သစ္စာရှိနိုင်မယ်ဆိုရင်တော့ ကျွန်မစဉ်းစားပါရစေ"

သက်မွန်နှင့် ဒေါ်မြင့်တို့မှာ တစ်ရပ်ကွက်ထဲအတူနေထိုင်ကြပြီး သက်မွန်အမေ ဒေါ်ခင်သက်နှင့်ဆို ညီအစ်မလို ချစ်ကြခင်ကြသူများပင်ဖြစ်သည်။

(၅)

"ဘယ်လိုဖြစ်တာလဲ အဖေရယ်၊ အဖေ့ကို ဘုရားဖူးရအောင် လွှတ်လိုက်တာလေ"

"အဖေ့လယ်တွေ၊ အဖေ့လုပ်ငန်းတွေ ဒီနေရာပြောင်းယူလာလို့ မရဘူးလေ အဖေရဲ့"

"အဖေယူထားတဲ့မိန်းမက တစ်လင်ကနေ တစ်လင်ပြောင်းပြီး အဖတ်ဆယ်မရဖြစ်နေတာ အဖေရဲ့"

"အဖေဒုက္ခတွင်းထဲ မဆင်းချင်ပါနဲ့ အဖေရယ်နော်၊ အဖေ့ကို အိမ်ဦးခန်းမှာထားပြီး သမီးတို့ ရှိခိုးဦးတင်လုပ်ကျွေးမှာပါ အဖေရယ် သမီးတို့နဲ့ ပြန်လိုက်ခဲ့ပါ"

သက်မွန်၏ ဒုတိယမြောက် အိမ်ထောင်ဆက် သတ္တမမြောက်နေ့မှာ သက်မွန်ဘဝကို ဖြိုခွဲနေကြသော တိုက်ပွဲခေါ်သံစကားသံများပင် ဖြစ်ပေသည်တကား။ သက်မွန် ငိုကြွေးနေလေပြီ။ လူဆိုတာအရှက်နှင့်နေတာလေ။ သက်မွန် စကားတစ်ခွန်းတော့ ပြောလိုက်သည်။

"ကိုယ့်အဖေကို အေးအေးဆေးဆေး ခေါ်သွားကြပါ"

မြန်မာ့လူဘောင်ထဲမှာ အထင်အမြင်သေးခံရသည့် မိန်းမဟု စွပ်စွဲလာ ကြလျှင်တော့–

"အရှင်ဘုရား တပည့်တော်သည် အိမ်ထောင်ရေးအပေါ် လော်လီဖောက်ပြားသောစိတ်ဖြင့် မိမိ၏ လင်ယောကျ်ားအပေါ်တွင် တစ်စုံတစ်ရာ ဖောက်ပြန်မှုမရှိခဲ့ပါ။ တပည့်တော်သည် မည်သည့်မိန်းမ၏ လင်ယောကျ်ားကိုမှ သွေးဆောင်ဖြားယောင်းပြီး သိမ်းသွင်းခဲ့ခြင်းလည်း မရှိခဲ့ပါ။ ဤမှန်သော သစ္စာစကားကြောင့် သံယောဇဉ်အနှောင်အဖွဲ့ကင်းသော ဝိမုတ္တိမဂ်ကိုရရှိအောင် ကျင့်ကြံနိုင်သော မြတ်ဗုဒ္ဓအမွေခံ သီလရှင်ဘဝဖြစ်ခွင့်ပေးပါ အရှင်ဘုရား"

ကြည်လင်ပြတ်သားလှသော အသံကလေးသည် အိမ်ဦးဘုရားခန်းလေးတွင် လွင့်ပျံ့ထွက်ပေါ်နေတော့သည်။

(၆)

လောဘ ဒေါသ မောဟတို့အတိပြီးသော ရာဂတဏှာကိလေသာတို့နှင့်ဝေးရာ ကမ္မဋ္ဌာန်းရိပ်သာသို့ ဆရာလေးသီလရှင် ဒေါ်သီရိမာလာတစ်ဖြစ်လဲ ဒေါ်သက်မွန်တစ်ယောက်ရောက်ရှိနေခဲ့သည်မှာ ၁၀ နှစ်တင်းတင်းပြည့်ခဲ့လေပြီ။ ငြိမ်းအေးရာအရပ်မို့ ပူလောင်မှုကင်းပြီး နှလုံးစိတ်ဝမ်း အေးချမ်းလှပါသည်။

"မြတ်ဗုဒ္ဓအမွေ ဓူရနှစ်ဖြာတွင် ငြိမ်းအေးရာဖြစ်သော ဝိပဿနာဓူရကိုရွေးပြီး ပဋိပတ်ကျင့်စဉ်ကို ဗုဒ္ဓမိန့်မှာခဲ့သည့်အတိုင်း ယောနိသောမနသိကာရ ကျင့်ကြံလာခဲ့ရာ ရုပ်နှင့်နာမ် အပြန်ပြန်အလှန်လှန် အမှီသဟဲပြုကာ မြင့်သထက်မြင့်အောင် ကြိုးစားနေခဲ့လေပြီတကား။

## မြန်မာတို့ရဲ့ မျိုးဂုဏ်ရည်

– တို့မြေတို့ရေ တို့မြန်ပြေ(ပြည်)သည်
ရွှေငွေကျောက်သံ ပေါပြည့်လျှံပြီး
ရေနံဓာတ်ငွေ့ များစွာတွေ့နေ
မြေပေါ်ရေအောက် အံ့ထူးလောက်သည့်
ထွန်းတောက်ပေါ်လာ ပြည်မြန်မာဟု
ခုခါသတ်မှတ် ခေါ်ဆိုအပ်၏။

– ပြည်ထောင်စုကြီး အေးချမ်းပြီးလျှင်
စီးပွားလူမှု ကောင်းအောင်ပြု၍
ယခုမှပင် နောင်အစဉ်သို့
မြင်သာထင်ရှား တည်တံ့သွားအောင်
ကြိုးစားမှုဖြင့် ပြည့်ဂုဏ်မြှင့်၏။

– ငြိမ်းချမ်းသာယာ ပြည့်သိက္ခာမို့
မြန်မာဆိုသည် စိတ်ထားညီ၍
ရှင်ကြည်နှလုံး အစဉ်ပြုံးကာ
အမုန်းကင်းဝေး ချစ်ခြင်းတေးဖြင့်
အရေးကြီးက သွေးနီးကြ၏။

– ဘိုးဘွားအမွေ တို့မြန်ပြေ(ပြည်)ကို
တို့တွေခေတ်မှ နောင်ကာလထိ
အေးမြသာယာ ငြိမ်းချမ်းစွာဖြင့်
ကာကွယ်တည်ဆောက် တိုးတက်ရောက်အောင်
ပြောင်မြောက်သတ္တိ ပညာရှိကာ
ပြည်၏ဝန်တာ ကျေပွန်ရာ၏။

– တို့ခေတ်သမိုင်း ဂုဏ်မရိုင်းအောင်
တိုင်းပြည်၏ဂုဏ် အလုံးစုံကို
ရှိန်ဟုန်ကြီးမား ဝင့်ဝင့်ကြွားဖို့
ကြိုးစားကြမည် တည်ဆောက်မည်
မြန်မာတို့ရဲ့ မျိုးဂုဏ်ရည်။ ။

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

á မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# အထိုင်များသူတို့တွင် ဖြစ်တတ်သောရောဂါများ

ဒေါက်တာလွင်သန့်

ယူကေအိမ်ထောင်စုလေ့လာမှုတစ်ခု(U.K.Household Longitudinal study-UKHLS)က အိမ်ထောင်စု ၄၀၀၀၀ ခန့်၏ ကျန်းမာရေးစစ်ဆေးမှုမှတ်တမ်းများကို လေ့လာခဲ့သည်။ လေ့လာမှုတွင် အလုပ်ခွင်ဝင်နေသည့်အမျိုးသားနှင့်အမျိုးသမီးဦးရေ ၂၃၀၀၀ ကျော်ကိုလေ့လာခဲ့သည်။ လေ့လာမှုစစ်တမ်းအရ တစ်ပတ်လျှင် ၅၅ နာရီနှင့်အထက် အလုပ်လုပ်နေသည့် အမျိုးသမီးများ၊ ပိတ်ရက်မကျန် အလုပ်လုပ်နေသည့် အမျိုးသမီးများသည် တစ်ပတ်လျှင် ၃၅ နာရီမှ နာရီ ၄၀ ကြာ အလုပ်လုပ်နေသော အမျိုးသမီးများထက် စိတ်ဖိစီးမှုပိုများပြီး စိတ်ဓာတ်ကျနိုင်ခြေက အခြားသူများထက် ပိုများသည်ကို တွေ့ရှိရသည်။

ကွန်ပျူတာ၊ အင်တာနက်များ သုံးစွဲနေရသည့် ဒီဘက်ခေတ်တွင် အလုပ်စားပွဲ၌ကြာကြာထိုင်ကာ အလုပ်များလုပ်လာကြသည်။ အလုပ်စားပွဲတွင် အချိန်ကြာကြာထိုင်သောကြောင့် မိမိကျန်းမာရေးကို ခြိမ်းခြောက်လာသည်မှာအမှန်ဖြစ်သည်။ ခါးနာခြင်း၊ ဇက်ကြောတက်ခြင်း၊ မျက်လုံးညောင်းခြင်း၊စိတ်ဖိစီးမှုများခြင်းကြောင့် မိမိ၏အိပ်စက်မှုပုံစံပြောင်းလဲလာသည့် ပြဿနာများဖြစ်လာနိုင် သည်။ အထိုင်များသည့် အလုပ်လုပ်သူများအနေဖြင့် ဖြစ်နိုင်ခြေများသည့် ရောဂါများကို သိရှိနိုင်ရန် ရေးသားလိုက်ပါသည်။

**ခါးနာခြင်း**

အလုပ်စားပွဲတွင် ပုံစံမမှန်ကန်ဘဲ အချိန်ကြာကြာထိုင်နေသောကြောင့် မိမိကျောရိုးကိုဒဏ်ဖြစ်စေသည်။ သုတေသနပြုချက်အရ အလုပ်မှ အများဆုံးခွင့်ယူရသည့်အကြောင်းရင်းကလဲ ခါးနာမှုကြောင့်ဆိုသည်ကို တွေ့ရသည်။ ကိုယ်ဟန်အနေအထားမှန်မှန်ကန်ကန်ထိုင်သည်ဆိုလျှင်ပင် ခန္ဓာကိုယ်အလေးချိန်၏တစ်ဝက်က ခါးအပေါ်သက်ရောက်နေသောကြောင့် ခါးကိုဒဏ်ပိစေသည်။

ကိုယ်ဟန်အနေအထား မှန်မှန်ကန်ကန်ထိုင်သင့်သည်။ ပုံမှန်လေ့ကျင့်ခန်းလုပ်သင့်သည်။ ဗိုက်ချပ်စေသည့်လေ့ကျင့်ခန်းများကလည်း ခါးနာခြင်းကို သက်သာစေသည်။

**အဆစ်အမျက်များနာခြင်း**

အချိန်ကြာကြာထိုင်နေသောကြောင့် မိမိ၏ အဆစ်အမျက်များကိုတောင့်တင်းနေစေသည်။

ထို့ကြောင့် မကြာခဏမတ်တတ်ရပ်ပေးခြင်း၊ လမ်းထလျှောက်ပေးခြင်း စသည်တို့ပြုလုပ်ပေးသင့်သည်။

**မျက်စိနားသင့်ခြင်း**

ကွန်ပျူတာကို အချိန်ကြာကြာကြည့်သောအခါ မျက်လုံးခြောက်သွေ့ခြင်း၊ မျက်ရည်ပူကျခြင်း၊ ခေါင်းကိုက်ခြင်း၊ လည်ပင်းနာခြင်းတို့အပြင် မိမိမျက်စိညောင်းခြင်းတို့က မျက်စိကို ထိခိုက်စေသည်။

မျက်စိကို ညောင်းခြင်းမဖြစ်ရန် ကွန်ပျူတာစာလုံးများကို အရွယ်အစားကြီးကြီးနှင့်မြင်သာရန် ပြုလုပ်သင့်သည်။ ကွန်ပျူတာတစ်ချိန်လုံးကြည့်မနေဘဲ အဝေးမှရှိသော စိမ်းစိုသည့် ရှုခင်းများကြည့်သင့်သည်။ လူတိုင်း ကွန်ပျူတာ မိနစ် ၂၀ ကြည့်ပြီးတိုင်း ပေ ၂၀ အကွာသို့ စက္ကန့် ၂၀ ကြာကြည့်ပေးသင့်သည်။

**ဘက်တီးရီးယား**

မိမိသည် သန့်ရှင်းသပ်ရပ်စွာ နေထိုင်တတ်သူတစ်ယောက်သာမဟုတ်ခဲ့လျှင် မိမိအလုပ်စားပွဲတွင် ဘက်တီးရီးယားပိုးပေါင်းများစွာကပ်ငြိနေနိုင်သည်။ စားပွဲတွင် အလုပ်လုပ်၊ ထမင်းစားလျှင်လည်း စားပွဲတွင်စား၊ စားစရာများ၊ ဆေးဖက်ဆိုင်ရာပစ္စည်းများ သိမ်းဆည်းရာအားလုံးကို မိမိအလုပ်စားပွဲတွင် ပြုလုပ်သောကြောင့် စားပွဲသည် ဘက်တီးရီးယားများ ခိုအောင်းရာနေရာတစ်ခုဖြစ်လာသည်ဟု အရီဇိုးနားတက္ကသိုလ်၏ အဏုဇီဝပညာရှင် ဒေါက်တာချာလီဂါဘာကဆိုသည်။

အလုပ်စားပွဲတွင် ဘက်တီးရီးယားပိုးများကပ်ငြိခြင်းရှောင်ရှားနိုင်ရန် အလုပ်စားပွဲကို နေ့စဉ်သန့်ရှင်းရေးပြုလုပ်ပေးသင့်သည်။ ပိုးသန့်စင်ဆေးရည်အသုံးပြုပြီး သန့်ရှင်းရေးလုပ်ပေးသင့်သည်။

**စိတ်ဖိစီးမှုများခြင်း**

အမေရိကန်နိုင်ငံ၌ အလုပ်လုပ်နေသည့်အလုပ်



သမားခြောက်ယောက်အနက် တစ်ယောက်တွင် စိတ်ဖိစီးမှုများကာ စိတ်တိုလွယ်ခြင်းကြောင့် နောက်ဆက်တွဲဆိုးကျိုးဖြစ်သည့် ကျန်းမာရေးကို ထိခိုက်မှုများဖြစ်ပေါ်နေသည်။

အလုပ်တွင် စိတ်ဖိစီးမှုများ၊ ဖိအားပေးခံရမှုများ၊ စိတ်ရှုပ်စရာများ ကြုံတွေ့ရသည့်အခါ သက်သာစေရန် အသက်ကို ဖြည်းဖြည်းရှူသွင်းရှူထုတ်လုပ်ပေးသင့်သည်။ မိမိအလုပ်စားပွဲ၌ပင် မိမိစိတ်ကို ဖြေဖျောက်နိုင်ရန် ကြိုးစားသင့်သည်။

**လက်ချောင်းများနာကျင်ခြင်း**

အလုပ်ဖိစီးမှုများခြင်း၊ ကွန်ပျူတာအသုံးပြုပြီး စာရိုက်များခြင်းတို့ကြောင့် မိမိလက်ချောင်းများ နာကျင်ခြင်း၊ တဆစ်ဆစ်ကိုက်ခြင်း၊ လက်ချောင်းများ ထိန်းချုပ်မရ လှုပ်နေခြင်းများ ဖြစ်ပေါ်နိုင်သည်။

ဖိစီးမှုများကိုလျှော့ချနိုင်ရန် ကြိုးစားသင့်သည်။ စာရိုက်ပြီးတိုင်း မိမိလက်ချောင်းများကို အနားပေးသင့်သည်။ မိမိအလုပ်အကိုင်ပျက်လောက်အောင် နာကျင်ခြင်း၊ တဆစ်ဆစ်ကိုက်ခြင်းများရှိလျှင် ဆရာဝန်ဖြင့် ပြသကိုင်ပင်သင့်သည်။

ပြောင်းလဲလာသည့်လူနေမှုပုံစံကြောင့် လူများစွာ လှုပ်ရှားမှုနည်းလာကြသည်။ နေအိမ်တွင်လည်း အထိုင်များပြားသကဲ့သို့ အလုပ်ခွင်တွင်လည်း တစ်နေကုန်ထိုင်ပြီး အလုပ်လုပ်နေရသူက ခပ်များများဖြစ်သည်။ အထိုင်များသူက ကျန်းမာရေးကို ထိခိုက်စေသည်မှာ အမှန်ပင်ဖြစ်သည်။ နှလုံးရောဂါနှင့် အထိုင်များခြင်းဆက်စပ်နေသည်။

နှလုံးကိုထိခိုက်စေနိုင်သည့်အချက်များမှာ-

( ၁ ) ကျန်းမာရေးနှင့် မညီညွတ်သောစားသောက်မှုပုံစံ၊

( ၂ ) အိပ်ရေးပျက်ခြင်း၊

( ၃ ) ဆေးလိပ်သောက်ခြင်း၊

( ၄ ) ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊

( ၅ ) ရောဂါအခံတစ်ခုခုရှိခြင်း၊

( ၆ ) စိတ်ဖိစီးခြင်း၊

( ၇ ) အဝလွန်ခြင်း၊

( ၈ ) သွေးတိုးရောဂါရှိခြင်း၊

( ၉ ) သွေးတွင်းအဆီများခြင်း၊

(၁၀ ) အထိုင်များခြင်းတို့ဖြစ်သည်။

သုတေသီများနှင့် ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများ၏ လေ့လာမှုအရ အထိုင်များသူများသည် နှလုံးကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း သိရသည်။ ယခုနောက်ပိုင်း လူလတ်ပိုင်းအများစုက အထိုင်များသည့် ဘဝနေထိုင်မှုပုံစံကို ပိုင်ဆိုင်လာကြသည်။

အကြောင်းကား နေအိမ်၌လည်း အချို့စိတ်ဖြေသည့်သဘောဖြင့်ထိုင်ကာ ရုပ်ရှင်နှင့် ဗီဒီယိုထိုင်ကြည့်ကြသည်။ အလုပ်ခွင်တွင် ထိုင်ပြီးအလုပ်လုပ်ကြရခြင်းကြောင့် အထိုင်များသည့်လူနေမှုပုံစံက အလိုလိုလုပ်မိလျက်သားဖြစ်နေသည်။ အသက် ၁၈ နှစ် အထက်လူလေးဦးတွင် တစ်ဦးမှာ တစ်နေ့ ၈ နာရီနှင့်အထက် ထိုင်ကြသည်။ အသက် ၁၈ နှစ်အထက် လူများထဲမှ သုံးရာခိုင်နှုန်းခန့်သည် တစ်နေ့လျှင် လှုပ်လှုပ်ရှားရှားနေသည့်အချိန်က ၄ နာရီမရှိဟု ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများ ကဆိုသည်။

အထိုင်များခြင်းသည် အမျိုးသမီးများ သွေးဆုံးပြီး အချိန်များတွင် အဝလွန်ခြင်းနှင့် ရှိသင့်သော ကိုယ်အလေးချိန်ထက်များခြင်းများ ခံစားရနိုင်ခြေများသည်။ ထိုပြဿနာကို အများဆုံး ကြုံတွေ့ရသည်က အသက် ၅၅ နှစ်အထက် အမျိုးသမီးများ ဖြစ်ကြသည်။

လေ့လာမှုအတွင်း အသက် ၅၀ နှစ်နှင့်အထက် အမျိုးသမီးများကို အုပ်စုနှစ်စုခွဲပြီး ကျန်းမာရေးစောင့်ကြည့်စစ်ဆေးမှုများ လုပ်ဆောင်ခဲ့သည်။ အဆိုပါ လေ့လာမှုတွင်ပါဝင်ခဲ့သည်များထဲမှ အထိုင်များသည့်အမျိုးသမီးများတွင် နှလုံးရောဂါခံစားရနိုင်ခြေများသည်ကို တွေ့ရသည်။

အမျိုးသမီးသုံးပုံတစ်ပုံ အသက်ဆုံးရှုံးစေသည့် အကြောင်းရင်းမှာ နှလုံးရောဂါဖြစ်သည်။ အမျိုးသမီးသုံးဦးတွင် တစ်ဦးကနှလုံးရောဂါကြောင့် သေဆုံးနေရသကဲ့သို့ အသက် ၅၀ အထက်ရောက်လာသည့်အခါ နှလုံးသွေးကြော ဆိုင်ရာရောဂါနှင့် အမျိုးအစား ၂ ဆီးချိုရောဂါများ အဖြစ်များလာသည်။

အမှန်တကယ်အထိုင်များသည်က နှလုံးရောဂါဖြစ်နိုင်ခြေကိုများစေနိုင်ခြင်းမဟုတ်ဘဲ သေဆုံးနိုင်ခြေကိုပါ များစေသည်။ အထူးသဖြင့် အသက်အရွယ်ကြီးရင့်သူများဖြစ်သည်။ တစ်နေ့လျှင် ၁၄ နာရီနှင့်အထက် ထိုင်နေသူများသည် အချိန်ကြာလာသည်နှင့်အမျှ အဝလွန်နိုင်ခြေများလာသကဲ့သို့ နှလုံးရောဂါခံစားရနိုင်ခြေအလွန်များသည်။ အထိုင်များခြင်းက သွေးတွင်းသကြားဓာတ်ကို မြင့်တက်စေသကဲ့သို့ အမျိုးအစား ၂ ဆီးချိုသွေးချိုရောဂါခံစားရနိုင်ခြေကိုလည်း မြင့်တက်စေနိုင်သည်။ ထို့ပြင် အထိုင်များခြင်းသည် သွေးတွင်းအဆီဓာတ်ကို ထိုးစေသည်။ အထိုင်များခြင်းက လေဖြတ်နိုင်ခြေကိုလည်း မြင့်တက်စေနိုင်သောကြောင့် အထိုင်များသည့် ဘဝနေထိုင်မှုပုံစံမဖြစ်မနေ ပြောင်းလဲသင့်သည်။

အထိုင်များလေ အသင့်စားအစားအစာစားသောက်မှုများလေ ကျန်းမာရေးထိခိုက်စေလေဖြစ်သည်။ ထို့ကြောင့် ကျန်းမာသည့်နှလုံးနှင့် ပျော်ရွှင်သည့်ဘဝကို ပိုင်ဆိုင်စေရန် တော်ရုံဝေးသည့်နေရာများသို့ လမ်းလျှောက်သွားခြင်း၊ အမြဲထိုင်နေခြင်းမလုပ်ဘဲ ၃ နာရီခြားတစ်ကြိမ် ရုံးအတွင်းလမ်းလျှောက်ခြင်းမျိုး လုပ်ပေးသင့်သည်။

နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုရှိစေခြင်းက စိတ်ရောဂါကိုယ်ပါ ကျန်းမာစေပြီး အသက်ရှည်ကျန်းမာစေရန်၊ နှလုံးကျန်းမာစေရန် အကောင်းဆုံးအထောက်အပံ့ပေးနိုင်သည်။ လှုပ်ရှားမှု ၁၅ မိနစ်မျှ လုပ်ပေးခြင်းက နှလုံးထိခိုက်နိုင်ခြေ တစ်ရာခိုင်နှုန်းလျှော့ချပေးနိုင်သောကြောင့် မဖြစ်မနေအထိုင်များသည့် ဘဝနေထိုင်မှုကို ပိုင်ဆိုင်ထားသော် လှုပ်ရှားမှုပုံမှန်ရှိရန် လိုအပ်သည်။

လူတို့၏ကျန်းမာရေးကို စောင့်ရှောက်ရန်တာဝန်ရှိသူမှာ မိမိကိုယ်တိုင်ဖြစ်သည်။ တစ်နေ့တာတွင် အနည်းဆုံး ၁၅ မိနစ်မျှ လှုပ်ရှားမှုပုံမှန်လုပ်ရင်း နှလုံးကျန်းမာရေးကို စောင့်ရှောက်ကြရန်လိုအပ်သည်။ အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲလာသောခေတ်ကြီးတွင် လူအများစုက လှုပ်ရှားသွားလာပြီး ရှန်းကန်နေရသည်ထက် ငြိမ်သက်စွာထိုင်နေရသည့်အချိန်က ပိုများလာသည်။ ကောင်းသည့်ဘက်ကကြည့်သော် သက်သောင့်သက်သာပိုရှိလာသည်။ အချိန်ကုန် လူပန်းမဖြစ်ပေ။ အထိုင်များသည့်အခါ ကျန်းမာရေးတွင် ပြဿနာဆိုးကျိုးများဖြစ်လာနိုင်သည်ကို လူသားတို့သတိမထားမိခဲ့ပေ။ လဲလျောင်းနေစဉ်မှ အလုပ်ဝင်သည်ထိတိုင် အလုပ်ကများနေသည်။

အထိုင်များသောသူများတွင်-

( ၁ ) အဝလွန်ရောဂါ၊

( ၂ ) နောက်ဆက်တွဲအမျိုးအစား ၂ ဆီးချိုသွေးချိုရောဂါ၊

( ၃ ) နှလုံးနှင့်ဆက်စပ်နေသောရောဂါများ၊

( ၄ ) ကင်ဆာရောဂါတချို့၊

( ၅ ) စောစီးစွာသေဆုံးသည်အထိ ဆိုးကျိုးများဖြစ်စေသည်။

လူက လှုပ်ရှားမှုမရှိသောအခါ ခန္ဓာကိုယ်က သွေးတွင်းသကြားဓာတ်ကို မထိန်းချုပ်နိုင်တော့ပေ။ သွေးဖိအားကိုလည်း ပုံမှန်မလည်ပတ်နိုင်တော့ပေ။ အဆီနှင့် ကိုလက်စထရောကိုလည်း ကောင်းစွာ မချေဖျက်နိုင်တော့ပေ။ ထိုအခါ အထိုင်များသည်နှင့်အမျှ ကျန်းမာရေးပြဿနာဖြစ်လာနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

– Health Update News–2026

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၈၀၈၇ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ထီးချိုင့် စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၈၀၈၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၈၀၈၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ နှမ်းဧက ၈၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားမယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံ စိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပန်းခရုပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ စက်တင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပန်းခရုပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပန်းခရုပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ပန်းခရု ပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေးဒရဲမြို့နယ်က ထွက်ရှိတဲ့ ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ဒေးဒရဲမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပန်းခရု ပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ရန်ကုန်ဈေးကွက်က ဒီဘက်က ရေထွက်ကုန်



တွေကို အဝယ်လိုက်နေပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ပန်းခရုတွေရဲ့ လတ်ဆတ်မှုအပေါ်မူတည်ပြီး ဈေးအပြောင်းအလဲ ရှိပါတယ်။ ပန်းခရုတွေကို လတ်တလော ပင်လယ်စာ အရောင်းဆိုင်တွေက အဝယ်လိုက်နေတာကြောင့် အခုလို တင်ပို့အားတက်လာတာပါ"ဟု ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပန်းခရု တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ မှ ၃၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# အုတ်တွင်းမြို့နယ် အင်းဇောင်းကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**အုတ်တွင်း စက်တင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဘန့်ဘွေးကုန်းကျေးရွာအုပ်စု အင်းဇောင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဝင် ၁၁ ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အင်းဇောင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်ထံမှ သိရသည်။

**ကိုညို**

# မချမ်းဘော့မြို့နယ် ကောင်းမှုလုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မချမ်းဘော့ စက်တင်ဘာ ၃**

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘော့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့်ငွေကြေးအရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ ကောင်းမှုလုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မချမ်းဘော့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးကျော်နိုင်မင်းနှင့် တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကောင်းမှုလုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၁၇ ဒသမ ၁၄ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခေတ္တမြို့နယ်ဦးစီးမှူး ဦးကျော်နိုင်မင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကောင်းမှုလုံကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၅ ဒသမ ၁၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၃ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၅ ဒသမ ၂ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် သုံးသန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၉ ဦးကို ရန်ပုံငွေကျပ် ၁၇ ဒသမ ၁၄ သန်း ထုတ်ချေးပေးထားကြောင်း မချမ်းဘော့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

# မင်းဘူးမြို့နယ် ဖလံရုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဖလံရုံကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၄၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဖလံရုံကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၃ ဦးကို ငွေကျပ် ၂၆၂ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၄၆ သိန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၃၆ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၄၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဇင်မာ**

စာပေမြင့်မှ လူမျိုးတင့်မည်

# အိန္ဒိယနိုင်ငံ ဥတ္တရပရာဒေ့ရှ်ပြည်နယ်ရှိ ခရိုင်များတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားနေ



**နယူးဒေလီ စက်တင်ဘာ ၃**

အိန္ဒိယနိုင်ငံ ဥတ္တရပရာဒေ့ရှ်ပြည်နယ်ရှိ ခရိုင်များတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားနေကြောင်း အိန္ဒိယအရေးပေါ် စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေဘေးအန္တရာယ်ကြောင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ အမြောက်အမြားရှိနေပြီး ရေဘေးအန္တရာယ်ဖြင့် အဆိုးရွားဆုံး ရင်ဆိုင်နေရသည့် ခရိုင်မှာ ချီထရာကော့ ခရိုင်ဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ချီထရာကော့ခရိုင်တွင် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ ၁၄၀၀၀ ကျော်ထိရှိနေပြီး ကျေးလက်ဒေသ ၁၉ ခုထိ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ဆိုးရွားစွာ ရင်ဆိုင်နေရသည့် အခြားခရိုင်များမှာ ကာဝီခရိုင်၊ မန်နစ်ပူရ်ခရိုင်၊ ရာဂျာပူရ်ခရိုင်တို့ဖြစ်ကြောင်း သိရသည်။

"ဥတ္တရပရာဒေ့ရှ်ပြည်နယ်မှာ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ ရေကြီးရေလျှံမှုကြောင့် ဒေသခံတွေ ဘေးလွတ်ရာရွှေ့ပြောင်းနေရပါတယ်။ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့ ခရိုင် ၃၁ ခရိုင်ထိရှိနေပါတယ်။ ရေဘေးအန္တရာယ်နဲ့ အဆိုးရွားဆုံး ရင်ဆိုင်နေရတဲ့ ခရိုင်ကတော့ ချီထရာကော့ခရိုင်ဖြစ်ပါတယ်" ဟု အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# တရုတ်နိုင်ငံ အရှေ့ပိုင်းကမ်းရိုးတန်းသို့ တိုင်ဖွန်းမုန်တိုင်းဆော်ဒဲ ထပ်မံဝင်ရောက်တိုက်ခတ်

**ပေကျင်း စက်တင်ဘာ ၃**

တရုတ်နိုင်ငံ အရှေ့ပိုင်းကမ်းရိုးတန်းသို့ တိုင်ဖွန်းမုန်တိုင်းဆော်ဒဲ ထပ်မံဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

တိုင်ဖွန်းမုန်တိုင်းဆော်ဒဲသည် ယခုနှစ်၏ ၁၈ ခုမြောက် တိုင်ဖွန်းမုန်တိုင်းဖြစ်ပြီး ယနေ့နံနက်ပိုင်းတွင် တရုတ်နိုင်ငံအရှေ့ပိုင်း ဖူကျန်းပြည်နယ် ကမ်းရိုးတန်းသို့ ဒုတိယအကြိမ်မြောက်ဝင်ရောက်တိုက်ခတ်ခဲ့ပြီး တိုင်ဖွန်းမုန်တိုင်း၏ဗဟိုအနီးတွင် အမြင့်ဆုံးလေတိုက်နှုန်းသည် တစ်စက္ကန့်လျှင် ၂၃ မီတာထိရှိခဲ့ကြောင်း ပြည်နယ်မိုးလေဝသ စောင့်ကြည့်ရေးဌာနက ထုတ်ပြန်ခဲ့သည်။

တိုင်ဖွန်းမုန်တိုင်းဆော်ဒဲသည် ယနေ့နံနက် ၆ နာရီ မိနစ် ၃၀ ခန့်တွင် ဖူကျန်းပြည်နယ် ကျန်းကျိုးမြို့ရှိ ကျန်းဖူခရိုင်ကမ်းရိုးတန်းတစ်လျှောက်သို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်နိုင်သဖြင့် ဒေသခံများကို သတိထားနေထိုင်ရန် သက်ဆိုင်ရာ အာဏာပိုင်များက သတိပေးထားကြောင်း သိရသည်။

အဆိုပါတိုင်ဖွန်းမုန်တိုင်းသည် ဩဂုတ် ၂၈ ရက် နံနက် ၈ နာရီခန့်က တရုတ်နိုင်ငံအရှေ့ပိုင်း ကွဲ့ကျန်းပြည်နယ် ကမ်းရိုးတန်းသို့ ပထမအကြိမ်နှင့် ထိုနေ့နံနက် ၉ နာရီခန့်တွင် ကွဲ့ကျန်းပြည်နယ်သို့ ဒုတိယအကြိမ်ဝင်ရောက်ခဲ့သဖြင့် ဒေသခံရာနှင့်ချီ၍ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း၊ ထိုစဉ်က မုန်တိုင်းအရှိန်ကြောင့် ရထား၊ သင်္ဘောနှင့် အခြားသယ်ယူပို့ဆောင်ရေး လုပ်ငန်းများလည်း ယာယီ ရပ်ဆိုင်းခဲ့ရကြောင်း သိရသည်။

လက်ရှိတွင်လည်း တိုင်ဖွန်းမုန်တိုင်းဆော်ဒဲကြောင့် ဖူကျန်းပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းနိုင်ပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နိုင်သဖြင့် ဒေသအာဏာပိုင်များက အန္တရာယ်ရှိသည့်ဒေသများမှ ပြည်သူများကို ဘေးလွတ်ရာသို့ ကြိုတင်ရွှေ့ပြောင်းပေးနေပြီး အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များ အသင့်ပြင်ဆင်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# အင်ဒိုနီးရှားနိုင်ငံတွင် လေထုညစ်ညမ်းမှုဖြစ်ပေါ်နေသဖြင့် ကျောင်းများပိတ်ထားပြီး ကျောင်းသား၊ ကျောင်းသူ ၁ ဒသမ ၄၃ သန်းကို အွန်လိုင်းမှစာသင်ကြားပေးနေ

**ဂျကာတာ စက်တင်ဘာ ၃**

အင်ဒိုနီးရှားနိုင်ငံ ပြည်နယ်ခြောက်ခုတွင် တောမီးနှင့် မီးခိုးမြူများကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်နေသဖြင့် ကျောင်းသား၊ ကျောင်းသူ ၁ ဒသမ ၄၃ သန်းကို အွန်လိုင်းမှ စာသင်ကြားပေးနေကြောင်း ယနေ့သတင်းများအရ သိရသည်။

လေထုညစ်ညမ်းနေသည့် ပြည်နယ်ခြောက်ခုမှာ ရီအော၊ ဂျမ်ဘီ၊ တောင်ဆူမတြား၊ အနောက်ကာလီမန်တန်၊ အလယ်ပိုင်းကာလီမန်တန်၊ တောင်ကာလီမန်တန် ပြည်နယ်တို့ဖြစ်ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ၏ လေထုအရည်အသွေး ခွဲခြားမှုစနစ်အရ လေထုအညွှန်းကိန်း ၃၀၀ ကျော်လွန်ပါက အန္တရာယ်ရှိသောအဆင့်အဖြစ် သတ်မှတ်ထားသဖြင့် ပြည်နယ်ခြောက်ခုသည် ထိုအညွှန်းကိန်းကို ကျော်လွန်နေကြောင်း၊ ထို့ကြောင့် အဆိုပါ ပြည်နယ်ခြောက်ခုရှိ ကျောင်းပေါင်း ၁၂၈၇၄ ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၁ ဒသမ ၄၃



သန်းကို အွန်လိုင်းမှ စာသင်ကြားပေးနေကြောင်း၊ ကျောင်းသား၊ ကျောင်းသူ ၁ ဒသမ ၄၃ သန်းအနက် ၁ ဒသမ ၁ သန်းခန့်သည် အနောက်ကာလီမန်တန်ပြည်နယ်မှဖြစ်ကြောင်း သိရသည်။

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံသည် ယခုနှစ်အတွင်း တောမီးများကြောင့် သစ်တောမြေဟက်တာ ၂၀၀၀၀၀ ခန့် မီးလောင်ကျွမ်းခဲ့သည့်အနက် ပြည်နယ်ခြောက်ခုတွင် သစ်တောမြေဟက်တာ ၇၃၃၁၀ ခန့်ရှိကြောင်း၊ ထိုတောမီးများက လေထုညစ်ညမ်းမှုကို အဓိကဖြစ်ပေါ်စေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# အိုင်ယာလန်နိုင်ငံ ကိုကာလိုဒေသတွင် မိုးခေါင်မှုဖြင့် နှစ်လကျော်ကြာရင်ဆိုင်ခဲ့ရပြီး စက်တင်ဘာလတွင် မိုးရွာသွန်းခဲ့သဖြင့် မိုးခေါင်မှုအဆုံးသတ်ခဲ့

**ဒပ်ဘ်လင် စက်တင်ဘာ ၃**

အိုင်ယာလန်နိုင်ငံ ကိုကာလိုဒေသတွင် မိုးခေါင်မှုပြဿနာဖြင့် နှစ်လကျော်ကြာ ရင်ဆိုင်ခဲ့ရပြီး စက်တင်ဘာလတွင် မိုးရွာသွန်းခဲ့သဖြင့် မိုးခေါင်မှုအဆုံးသတ်ခဲ့ကြောင်း အိုင်ယာလန်မိုးလေဝသဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင်ဖော်ပြထားသည်။

ရာသီဥတု ဖောက်ပြန်မှုများကြောင့် မိုးခေါင်မှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး မိုးခေါင်မှုကြောင့် ကဏ္ဍအသီးသီးတွင် ကြီးမားသည့်ရိုက်ခတ်မှုများဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ မိုးခေါင်မှုသည် ဇွန် ၂၂ ရက်က စတင်ခဲ့ခြင်းဖြစ်ပြီး မိုးခေါင်မှုဖြစ်ပွားသည့်ကာလအတွင်း သောက်သုံးရေ အခက်အခဲများဖြင့်လည်း ရင်ဆိုင်ခဲ့ရကြောင်း၊ အလားတူဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရေးအတွက် ရာသီဥတုဖောက်ပြန်မှု တိုက်ဖျက်ရေးကို အရှိန်မြှင့်တင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အိုင်ယာလန် မိုးလေဝသဌာနက ထုတ်ပြန်ခဲ့သည်။

"ကိုကာလိုဒေသမှာ ဇွန် ၂၂ ရက်ကနေစတင်ပြီးတော့ မိုးခေါင်မှုဖြစ်ပွားခဲ့ပါတယ်။ မိုးခေါင်မှုကြောင့် ကဏ္ဍအသီးသီးမှာ ကြီးမားတဲ့ရိုက်ခတ်မှုတွေဖြစ်ပေါ်ခဲ့ပါတယ်။ အထူးသဖြင့်တော့ သောက်သုံးရေ မလုံလောက်တဲ့ပြဿနာနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ မိုးခေါင်မှုဟာ စံချိန်တင်မိုးခေါင်မှုဖြစ်ပြီး ကာလအရှည်ကြာဆုံးသော မိုးခေါင်မှုဖြစ်ပါတယ်။ မိုးခေါင်မှုဟာ ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်ခဲ့တာဖြစ်ပါတယ်။ အလားတူဖြစ်စဉ်မျိုး ထပ်မံမဖြစ်ဖို့အတွက် ရာသီဥတုဖောက်ပြန်မှု တိုက်ဖျက်ရေး လုပ်ငန်းတွေကို အရှိန်အဟုန်နဲ့ ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်" ဟု အိုင်ယာလန်မိုးလေဝသဌာနမှ သုတေသီတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# အမေရိကန်နိုင်ငံ မင်နီဆိုတာပြည်နယ်တွင် လောင်ကျွမ်းနေသည့်တောမီးကို အရေးပေါ်အခြေအနေအဖြစ်သတ်မှတ်ကြောင်း မင်နီဆိုတာဝန်ကြီးချုပ်ရုံးက ထုတ်ပြန်

**ဝါရှင်တန် စက်တင်ဘာ ၃**

အမေရိကန်နိုင်ငံ မင်နီဆိုတာပြည်နယ် မြောက်ဘက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး တောမီးမှာ ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေသဖြင့် အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်ကြောင်း မင်နီဆိုတာပြည်နယ်ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသည်မှာ နှစ်လနီးပါးကြာမြင့်နေပြီဖြစ်ပြီး တောမီးမှာ ထိန်းချုပ်ရခက်သည့် အဆင့်သို့ ရောက်ရှိလာခဲ့သဖြင့် လေကြောင်းအကူအညီကို မဖြစ်မနေတောင်းခံသွားရတော့မည် ဖြစ်ကြောင်း၊ ဘီးယားထရပ်ဒေသအနီး လောင်ကျွမ်းနေသည့် တောမီးကြောင့် သစ်တောမြေ ဧက ၃၉၃၀၀ ထိ ပျက်စီးသွားခဲ့ပြီး တမ်ဘ်ဒေသအနီး လောင်ကျွမ်းနေသည့် တောမီးကြောင့် သစ်တောမြေ ဧက ၂၅၅၀၀ ထိ ပျက်စီးသွားခဲ့ကြောင်း၊ အခြေခံအဆောက်အအုံတချို့ကို တောမီးကူးစက်လောင်ကျွမ်းနိုင်သည့်အတွက် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"မင်နီဆိုတာပြည်နယ် မြောက်ဘက်ပိုင်းမှာ လောင်ကျွမ်းနေတဲ့ တောမီးကိုမြေပြင်ကနေ ငြိမ်းသတ်ဖို့က အကန့်အသတ်တွေရှိနေတယ်။ ဒါကြောင့် ကာလရှည်ကြာသွားတာဖြစ်ပါတယ်။ တောမီးဟာ အခြေခံအဆောက်အအုံတွေဆီကို ကူးစက်လောင်ကျွမ်းနိုင်တဲ့ အခြေအနေမျိုး ရောက်နေပါတယ်"ဟု မင်နီဆိုတာပြည်နယ်ဝန်ကြီးချုပ်ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# စနေနေ့ညကစားမဲ့ အမှတ်ပေးပွဲစဉ်တွေထဲက နိုင်ပွဲရှာဖို့လိုအပ်နေတဲ့ အေဗီလာအသင်း၊ ဗယ်လ်ကာနိုအသင်း၊ ရိုးမားအသင်းတို့ကိုရွေးရမှာပါ

M
L



လက်ရှိဥရောပအမှတ်ပေးဘောလုံးပြိုင်ပွဲတွေ ကစားခဲ့တာဆိုရင် ပွဲစဉ် (၃) ထိရောက်ရှိလာခဲ့ပြီး အဲဒီထဲက စပိန်လာလီဂါပွဲစဉ်တစ်ခုတည်းသာ ပွဲစဉ် (၄) ကိုရောက်ရှိနေတာဖြစ်ပါတယ်။ တချို့အသင်းတွေဟာဆိုရင် နိုင်ပွဲပျောက်ဆုံးနေတဲ့အပြင် ကစားသမားသစ်တွေနဲ့ အထိုင်ကျဖို့ကြိုးပမ်းနေရတာဖြစ်လို့ သတိထားချဉ်းကပ်နေရတာဖြစ်ပါတယ်။ အခုချိန်မှာတော့ ဥရောပထိပ်သီးလိဂ်ငါးခုရဲ့ အပြောင်းအရွှေ့ကာလပိတ်သိမ်းသွားတာကြောင့် ကလပ်အသင်းအများစုအနေနဲ့ ကစားသမားစုဖွဲ့မှုနဲ့ကစားကွက်ပိုင်းမှာ တည်ငြိမ်သွားပြီလို့ဆိုရမှာပါ။ ဒါကြောင့် လာမဲ့စနေနေ့ညမှာတော့ ရာသီအစပွဲစဉ်တွေမှာ နိုင်ပွဲပျောက်ဆုံးခဲ့ပြီး နိုင်ပွဲရှာဖို့လိုအပ်နေတဲ့အသင်းတွေကိုသာ အဓိကရွေးချယ်သွားမှာဖြစ်ပါတယ်။

## အေဗီလာအသင်းနဲ့ လက်တွဲရမှာပါ

ပရီးမီးယားလိဂ်ပွဲစဉ် (၃) မှာ အကြိုက်တွေ့မိတာကတော့ ဟူးလ်စီးတီးအသင်းနဲ့ အေဗီလာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဟူးလ်စီးတီးအသင်းဟာ အခုနှစ်မှ ပရီးမီးယားလိဂ်ကို ပြန်လည်တန်းတက်လာတဲ့အသင်းဖြစ်ပေမဲ့ နှစ်ပွဲကစားနှစ်ပွဲအနိုင်ရထားတာကြောင့် ရမှတ်ခြောက်မှတ်နဲ့ အမှတ်ပေးဇယား အဆင့် (၃) မှာရောက်ရှိနေတာဖြစ်ပါတယ်။ အဖွင့်ပွဲစဉ်မှာ မန်ယူအသင်းကိုတန်ပြန်တိုက်စစ်နဲ့ ဖိအားပေးကစားနိုင်ခဲ့ပြီး နှစ်ဂိုးပြတ်နဲ့နိုင်ပွဲရခဲ့ပါတယ်။ ဒုတိယပွဲစဉ်မှာတော့ ကိုဗင်ထရီအသင်းလို ခြေရည်တူအသင်းနဲ့ကစားခဲ့ပြီး တစ်ဂိုးဂိုးမရှိနဲ့နိုင်ပွဲရခဲ့တာကိုတွေ့ရမှာပါ။ အေဗီလာအသင်းကတော့ ထိပ်တန်းအဆင့်ကစားသမားတွေနဲ့စုဖွဲ့ထားတာဖြစ်လို့ ဟူးလ်စီးတီးအသင်း ထိန်းချုပ်ရခက်မှာသေချာပါတယ်။

နည်းပြအမ်မရီရဲ့အေဗီလာအသင်းကတော့ ပြီးခဲ့တဲ့ရာသီမှာ ယူရိုပါလိဂ်ချန်ပီယံဆုရခဲ့လို့ ချန်ပီယံလိဂ်ကစားခွင့်ရထားပေမဲ့ အဓိကကစားသမားတွေကိုထွက်ခွာခွင့်ပြုခဲ့တာကြောင့် အဖွင့်ပွဲစဉ်မှာ ရလဒ်ဆိုးတွေနဲ့ရင်ဆိုင်ခဲ့ရတာဖြစ်ပါတယ်။ နည်းပြအမ်မရီကတော့ ဂိုရက်ဇ်ကာ၊ ဂျက်ဆန်၊ အီဗရာဟမ်၊ ဝမ်ဘစ်ဆာကာ၊ ရှူဂါရီ၊ ဂါနာချိုတို့လို ကစားသမားတွေပြန်လည်ဖြည့်တင်းခဲ့ပေမဲ့ နည်းပြအမ်မရီရဲ့ ကစားကွက်မှာ ကစားသမားသစ်တွေ အထိုင်ကျဖို့ ရုန်းကန်နေရတာကိုတွေ့ရမှာပါ။ ဒါကြောင့် အဖွင့်ပွဲစဉ်မှာ ဘရိုက်တန်အသင်းကို လေးဂိုးဂိုးမရှိနဲ့ ရှုံးခဲ့သလို ဒုတိယပွဲမှာတော့ အာဆင်နယ်အသင်းကို တစ်ဂိုးဂိုးမရှိနဲ့ ရှုံးခဲ့တာဖြစ်ပါတယ်။ အခုပွဲမှာတော့ အမ်မရီအနေနဲ့ တိုက်စစ်ပိုင်းပြင်ဆင်လာနိုင်ရင်တော့ တန်ပြန်တိုက်စစ်နဲ့ကစားနေတဲ့ ဟူးလ်စီးတီးအသင်းကိုဂိုးရဖို့သေချာနေပြီး ဖိအားအောက်ကရုန်းထွက်ရမဲ့ အေဗီလာအသင်းနဲ့ပဲလက်တွဲရမှာပါ။

**ဟူးလ်စီးတီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖရန့်ဖတ် | ၂ | - | ၀ | ဟူးလ်စီးတီး |
| ဟူးလ်စီးတီး | ၀ | - | ၀ | နိုက် |
| ဟူးလ်စီးတီး | ၂ | - | ၀ | မန်ယူ |
| စတုတ် | ၁ | - | ၁ | ဟူးလ်စီးတီး |
| ကိုဗင်ထရီ | ၀ | - | ၁ | ဟူးလ်စီးတီး |

**အေဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘိုင်ယန်မြူးနစ် | ၂ | - | ၁ | အေဗီလာ |
| ပီအက်စ်ဂျီ | ၂ | - | ၁ | အေဗီလာ |
| ဂလာဘတ် | ၂ | - | ၁ | အေဗီလာ |
| ဘရိုက်တန် | ၄ | - | ၀ | အေဗီလာ |
| အေဗီလာ | ၀ | - | ၁ | အာဆင်နယ် |

## ဗယ်လ်ကာနိုအသင်းကို ရွေးရမှာပါ

စပိန်လာလီဂါပွဲစဉ် (၄) မှာအကြိုက်တွေ့တာကတော့ ဗယ်လ်ကာနိုအသင်းနဲ့ ရေဆင်းအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဗယ်လ်ကာနိုအသင်းဟာ ၂၀၂၁-၂၀၂၂ ခုနှစ်ဘောလုံးရာသီမှာ လာလီဂါကိုတန်းတက်ပြီးနောက်ပိုင်း တန်းမဆင်းရတော့တာကိုတွေ့ရမှာပါ။ အခုနှစ်မှာတော့ ရာသီအစမှာ ဆီဗီလာအသင်းနဲ့တွေ့ဆုံခဲ့ပြီး ကစားပုံကြမ်းတမ်းခဲ့တာကြောင့် ပင်နယ်တီနှစ်ကြိမ်ကနေဂိုးပေးရပြီးရှုံးခဲ့တာဖြစ်ပါတယ်။ ပွဲစဉ် (၂) မှာတော့ အလာဗက်အသင်းနဲ့ကစားခဲ့ကာ ဦးဆောင်ဂိုးသွင်းပြီး ခံစစ်အသားပေးကစားခဲ့တာကြောင့် နောက်ကျချေပဂိုးပေးလိုက်ရလို့ ရမှတ်ခွဲပေးလိုက်ရတာဖြစ်ပါတယ်။ ပွဲစဉ် (၃) မှာတော့ ချန်ပီယံ ဘာစီလိုနာအသင်းနဲ့တွေ့ဆုံခဲ့တာကြောင့် ငါးဂိုးနှစ်ဂိုးနဲ့ ရှုံးပွဲဆက်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင် သူတို့အသင်းနည်းပြဟာ အခုအိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲရဖို့ပြင်ဆင်နေပြီး ရေဆင်းအသင်းလို တန်းတက်အသင်းကို အိမ်ကွင်းအားသာချက်နဲ့ ပွဲချိန်ပြည့်ထိန်းချုပ်နိုင်မှာသေချာပါတယ်။

ရေဆင်းအသင်းဟာ အခုနှစ်မှ လာလီဂါကိုတန်းတက်လာခဲ့ပေမဲ့ အိမ်ကွင်းကစားပုံကတော့ တည်ငြိမ်နေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အဖွင့်ပွဲစဉ်မှာ ဗီလာရီးရဲလ်အသင်းနဲ့ တွေ့ဆုံခဲ့ပေမဲ့ အိမ်ကွင်းအားသာချက်နဲ့ ဗီလာရီးရဲလ်အသင်းကိုဖိအားပေးနိုင်ခဲ့ပြီး နှစ်ဂိုးစီသရေရလဒ်ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ ရေဆင်းအသင်းဟာ အိမ်ကွင်းတိုက်စစ်ကစားပုံကောင်းနေပေမဲ့ ခံစစ်ပိုင်းကတော့ ပွဲတိုင်းပေးဂိုးရှိနေတာကတော့ ဗယ်လ်ကာနိုအသင်းလို အတွေ့အကြုံကောင်းတွေရှိတဲ့အသင်းကို ရင်ဆိုင်ဖို့တော့မလွယ်ပါဘူး။ ဗယ်လ်ကာနိုအသင်းလို ခံစစ်ကစားပုံတည်ငြိမ်ပြီး အိမ်ကွင်းကစားပုံကောင်းတဲ့အသင်းကိုတော့ ပွဲချိန်ပြည့်ထိန်းချုပ်ဖို့မလွယ်ပါဘူး။ ဒ့ါပြင် ဗယ်လ်ကာနိုအသင်းဟာပြီးခဲ့တဲ့ရာသီမှာလဲ အိမ်ကွင်းနှစ်ပွဲသာ ရှုံးခဲ့တဲ့ခြေစွမ်းပိုင်းက ရေဆင်းအသင်းကို ဖိအားပေးနိုင်ဖို့မခက်တာကြောင့် နိုင်ပွဲရှာရမဲ့ ဗယ်လ်ကာနိုအသင်းကိုပဲရွေးရမှာပါ။

**ဗယ်လ်ကာနိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ချာလီရို့စ် | ၂ | - | ၃ | ဗယ်လ်ကာနို |
| အစ်ဝှစ် | ၃ | - | ၀ | ဗယ်လ်ကာနို |
| ဆီဗီလာ | ၂ | - | ၁ | ဗယ်လ်ကာနို |
| ဗယ်လ်ကာနို | ၁ | - | ၁ | အလာဗက် |
| ဘာစီလိုနာ | ၅ | - | ၂ | ဗယ်လ်ကာနို |

**ရေဆင်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဝုဗ် | ၃ | - | ၀ | ရေဆင်း |
| ရေဆင်း | ၄ | - | ၁ | ဂီဂျွန် |
| ရေဆင်း | ၂ | - | ၂ | ဗီလာရီးရဲလ် |
| ဂီတာဖေး | ၁ | - | ၀ | ရေဆင်း |
| ရေဆင်း | ၃ | - | ၂ | အယ်ချီ |

## ရိုးမားအသင်း ရလဒ်ကောင်းမှာပါ

အီတလီစီးရီးအေပွဲစဉ် (၃) မှာအကြိုက်တွေ့တာကတော့ ရိုးမားအသင်းနဲ့ အတ္တလန်တာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ရိုးမားအသင်းဟာ ရာသီအစနှစ်ပွဲဆက်နိုင်ပွဲရထားခဲ့ပြီး တိုက်စစ်ပိုင်းက သွင်းဂိုးရှစ်ဂိုးနဲ့ ခံစစ်ကပေးဂိုးမရှိခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ နည်းပြသစ်ဂတ်စပါရီနီလက်ထက်မှာ ကစားပုံတိုးတက်လာခဲ့သလို ကစားသမားကောင်းတွေလဲ ပေါ်ထွက်လာတာဖြစ်ပါတယ်။ လက်ရှိအပြောင်းအရွှေ့မှာလဲ အဓိကကစားသမားတွေ ဆက်ထိန်းခဲ့တာကြောင့် တိုက်စစ်ကစားပုံကလဲ ပိုမိုထက်မြက်လာတာကို သတိပြုရမှာပါ။ အထူးသဖြင့် တိုက်စစ်မှူးမာလန်းကလဲ ပထမပွဲမှာ သုံးဂိုး၊ ဒုတိယပွဲမှာ နှစ်ဂိုး စုစုပေါင်းသွင်းဂိုးငါးဂိုးထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ရိုးမားရဲ့ မာလန်း၊ ဒိုင်ဘာလာ၊ မိုရာတို့တိုက်စစ်အတွဲဟာ ဒီနှစ်စီးရီးအေပြိုင်ပွဲမှာ ပြိုင်ဘက်တွေသတိထားရတဲ့ တိုက်စစ်အတွဲဖြစ်လာနိုင်ပါတယ်။ ဒါကြောင့်အခုပွဲမှာလဲ အိမ်ရှင်အားသာချက်နဲ့ အတ္တလန်တာအသင်းလို တိုက်စစ်ကစားပုံကျဆင်းနေတဲ့အသင်းကို ဖိအားပေးနိုင်မှာဖြစ်ပါတယ်။

အတ္တလန်တာအသင်းကတော့ အခုရာသီမှာ နည်းပြဆာရီကို ခန့်အပ်ခဲ့တာကြောင့် ကစားကွက်ပိုင်းပြောင်းလဲသွားတာကို တွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ ကစားသမားသစ်ခေါ်ယူခြင်းမရှိဘဲ အဓိကကစားသမားတွေကို ဆက်ထိန်းခဲ့တာဖြစ်ပါတယ်။ ရာသီအစ ပွဲစဉ် (၁) မှာတော့ ဆက်ဆူအိုလိုအသင်းနဲ့တွေ့ခဲ့ပေမဲ့ ဘောလုံးပိုင်ဆိုင်မှုအသာထိရောက်တဲ့ဂိုးပေါက်ခြိမ်းခြောက်မှုအသာနဲ့ ကစားနိုင်ခဲ့ပြီး နှစ်ဂိုးတစ်ဂိုးနဲ့နိုင်ပွဲရခဲ့တာကိုတွေ့ရမှာပါ။ ဒုတိယပွဲမှာတော့ ကစားကွက်ပိုင်းပြောင်းသွားခဲ့ပြီး ဘိုလော့နာအသင်းလို ကစားပုံမာကျောတဲ့အသင်းကိုထိန်းချုပ်ကစားနိုင်ခဲ့တာကြောင့် တစ်ဂိုးဂိုးမရှိနဲ့ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲတွေမှာတော့ နည်းပြဆာရီရဲ့အတ္တလန်တာအသင်းဟာ တိုက်စစ်ထက်ခံစစ်ကစားပုံပိုကောင်းခဲ့တာကို သတိပြုရမှာပါ။ ဒါကြောင့် ရှုံးပွဲမရှိတဲ့နှစ်သင်းတွေ့ချိန်မှာ ရိုးမားအသင်းက တိုက်စစ်နဲ့ခံစစ်အကောင်းဆုံးပုံစံမှာရှိနေတာကြောင့် တိုက်စစ်ပိုင်းအားနည်းချက်ရှိနေတဲ့ နည်းပြဆာရီရဲ့အတ္တလန်တာအသင်း ခံစစ်အားပြုကစားရင်တော့ ရိုးမားအသင်းကိုဂိုးပေးရမှာဖြစ်လို့ ရိုးမားအသင်းပဲရလဒ်ကောင်းမှာပါ။

**ရိုးမားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နယူးပို့ | ၁ | - | ၄ | ရိုးမား |
| ဘရိုက်တန် | ၃ | - | ၀ | ရိုးမား |
| ဒေါ့မွန် | ၂ | - | ၂ | ရိုးမား |
| ရိုးမား | ၄ | - | ၀ | ဖီအိုရင်တီးနား |
| လက်ချီ | ၀ | - | ၄ | ရိုးမား |

**အတ္တလန်တာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အတ္တလန်တာ | ၁ | - | ၀ | ဘီလ်ဘာအို |
| အတ္တလန်တာ | ၀ | - | ၀ | ဟာပိုးတဲအဗစ် |
| အတ္တလန်တာ | ၂ | - | ၁ | ဆက်ဆူအိုလို |
| ဟာပိုးတဲအဗစ် | ၀ | - | ၁ | အတ္တလန်တာ |
| အတ္တလန်တာ | ၁ | - | ၀ | ဘိုလော့နာ |

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၁၃၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ကြက်သွန်နီစိုက်ခင်းကို တွေ့ရစဉ်။

**ပွင့်ဖြူ စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၁၃၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၁၃၅ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါကြက်သွန်နီစိုက်ပျိုးခြင်းကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ကြက်သွန်နီ ၁၁၃၅ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ကြက်သွန်နီစိုက်ပျိုးတာနဲ့ ပတ်သက်ပြီး စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ ဒေသနဲ့ကိုက်ညီတဲ့ အထွက်နှုန်းကောင်းသော မျိုးများ ရွေးချယ်စိုက်ပျိုးနိုင်ဖို့၊ စိုက်နည်းစနစ်များ မှန်ကန်စေဖို့၊ပိုးမွှား ရောဂါ ကင်းရှင်းဖို့တို့အတွက် အသိပညာပေး လုပ်ငန်းတွေကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ကြက်သွန်နီစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက အထွက်နှုန်းများ တိုးတက်ကောင်းမွန်ရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော သီးနှံများ ထွက်ရှိရေး၊ အထွက်နှုန်းကောင်းသောမျိုးများ စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားကင်းစင်စေရေး၊ ဓာတ်မြေဩဇာနှင့်သွင်းအားစုများ စနစ်တကျ သုံးစွဲတတ်စေရေး စသည့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများကို တောင်သူများနှင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကြက်သွန်နီကို အရည်အသွေးနှင့် အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါ ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေမည် ဖြစ်သောကြောင့် ကြက်သွန်နီကို ပိုမိုစိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)


# မော်လမြိုင်ကျွန်းမြို့နယ် မရဲ့အုန်းပင်စုကျေးရွာ၌ အဆင့်မြင့် စက်ချုပ်သင်တန်းဖွင့်

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်း မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက် ရေးဦးစီးဌာနက ၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် မရဲ့အုန်းပင်စု ကျေးရွာအုပ်စု မရဲ့အုန်းပင်စု ကျေးရွာ၌ အမျိုးသမီးများ အိမ်တွင်းမှုလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း အထောက် အကူပြုနိုင်ရန်အတွက် အဆင့်မြင့် စက်ချုပ်သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂ ရက်က အဆိုပါကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့ ကြောင်း သိရသည်။

ရှေးဦးစွာ မော်လမြိုင်ကျွန်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးကျော်ကျော်နိုင်က ကျေးလက်နေပြည်သူများ တစ်ဖက် တစ်လမ်းမှ မိသားစုဝင်ငွေတိုး စေပြီး အလုပ်အကိုင်ရရှိစေရန် အတွက်ရည်ရွယ်၍ အသက်မွေး ဝမ်းကျောင်း အထောက်အကူပြု အဆင့်မြင့် စက်ချုပ်သင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ သင်တန်းသားများ အနေဖြင့် သင်တန်းမှရရှိသော အတတ်ပညာများကို စဉ်ဆက်မပြတ်လေ့လာ သင်ယူပြီး မိမိတို့ဘဝတိုးတက်ရာ တိုးတက်ကြောင်းအတွက် လက်တွေ့ နယ်ပယ်တွင် အကောင် အထည်ဖော်ဆောင်ရွက်ပြီး မိသားစု စီးပွားရေးကို အထောက်အပံ့ပေး နိုင်အောင် ကြိုးစားသင်ယူသွားကြရန် ပြောကြားသည်။

အဆိုပါသင်တန်းကို မော်လမြိုင်ကျွန်းမြို့နယ်တွင်းရှိ မရဲ့အုန်းပင်စုကျေးရွာ၊ စီးပွားချောင်ကျေးရွာ၊ မစိုးရိမ်ကျေးရွာနှင့် လှော်ချောင်းကျေးရွာ စုစုပေါင်း ကျေးရွာလေးရွာတို့မှ သင်တန်းသူ ဦးရေ၂၀ တက်ရောက်ပြီးသင်တန်း ကာလမှာ စက်တင်ဘာ ၂ ရက်မှ အောက်တိုဘာ ၁၆ ရက်ထိ ၄၅ ရက်ကြာ ကျွမ်းကျင်သင်တန်း နည်းပြများက စာတွေ့လက်တွေ့ သင်ကြားပို့ချ ပေးသွားမည်ဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှသိရသည်။ **တေဇာလင်း**



# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပေါင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပေါင်ငွေရင်း အသက်အာမခံ

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!

We
Protect
The Family




နေပြည်တော် -အမှတ်(၃) ကျိုင်းတုံလမ်း နှင့် ပဲခူးလမ်းထောင့်
ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇


## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၂၄၄/က)၊ ဦးပိုင်အမှတ်(၃၀၄)၊ ဦးခင်မောင်ထွေး အမည်ပေါက် (အလျား ၃၃'-၀"x အနံ ၆၅'-၀") အတိုင်းအတာရှိသော ဝိုင်းမြေပေါ်တွင် ဒေါ်လှိုင်လှိုင်မော်(၉/မခန(နိုင်)၁၆၁၉၀၉) ကိုင်ဆောင်သူမှ (အလျား ၂၄'-၀"x အနံ ၄၂'-၀")၊ Iron Frame တစ်ထပ်အဆောက်အအုံ ဆောက်လုပ်ခွင့်နှင့် (၁၆၃') ခြံစည်းရိုးကာရံခွင့်လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံဆောက်လုပ်ခွင့် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်းခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင် တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊အမှတ်(၆)ရပ်ကွက်၊အကွက်အမှတ်(၂၄၄/ခ)၊ ဦးပိုင်အမှတ်(၇၉)၊ ဦးသန်းထွန်း အမည်ပေါက် (အလျား ၄၅'-၀" x အနံ ၂၇'-၀")အတိုင်းအတာရှိသော ဝိုင်းမြေပေါ်တွင် ဦးသန်းထွန်း (သမီး) ဒေါ်အေးအေးမြင့်(၉/မခန(နိုင်) ၀၅၀၄၂၄)ကိုင်ဆောင်သူမှ (အလျား ၃၀'-၀" x အနံ ၂၅'-၀")၊ Iron Frame တစ်ထပ်အဆောက်အအုံဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၂၃၈/က)၊ ပြောင်းပြာအနောက်၊ ဦးပိုင်အမှတ်(၁၅၄)၊ ဦးသောင်းအမည်ပေါက် (အလျား ၄၃'-၀"x အနံ ၃၃'-၀") အတိုင်းအတာရှိသော ဝိုင်းမြေပေါ်တွင် ဦးနိုင်လင်းထွန်း(၈/ရစက(နိုင်)၁၃၄၇၀၃) ကိုင်ဆောင်သူမှ (အလျား ၂၁'-၀"x အနံ ၁၆'-၀")၊ အိမ်နှစ်ထပ်အဆောက်အအုံဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ယင်းအဆောက်အအုံဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်းခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၂၄၄/က)၊ ဦးပိုင်အမှတ်(၃၀၈)၊ ဦးစန်းမြင့် အမည်ပေါက် (အလျား ၁၈'-၁၁" x အနံ ၂၈'-၃")အတိုင်းအတာရှိသော ဝိုင်းမြေပေါ်တွင် ဦးကောင်းလွင်(၉/မခန(နိုင်)၁၂၄၆၈၄)ကိုင်ဆောင်သူမှ (အလျား ၁၆'-၀" x အနံ ၂၆'-၀")၊ အိမ် တစ်ထပ်ပြင်ဆင်ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံဆောက်လုပ်ခွင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

ရတနာပုံသတင်းစာ ၃၁-၈-၂၀၂၆ရက်စာမျက်နှာ (၃၁)မှ "Dong Tian " ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်းအား ပြင်ဆင်ဖတ်ရှုပါရန်

DONGTIAN MOTORCYCLE
MYANMAR YUXING CO.,LTD
TAKE HONESTLY AS HONOUR SCIENCE AND TECHNOLOGY TO WIN

"DONG TIAN"

စာချုပ်အမှတ် - (၂၂၅၈/၂၀၂၄)

ကျွန်တော်တို့၏ "MYANMAR YUXING COMPANY LIMITED " သည် အထက်ဖော်ပြပါ "DONG TIAN" အမည်အမှတ်တံဆိပ်ကို တစ်ဦးတည်းမူရင်းပိုင် အမည်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော် စာချုပ် စာတမ်း မှတ်ပုံတင်ဌာနမှူး၏ မှတ်ပုံတင်စာချုပ်အမှတ် - ၂၂၅၈ / ၂၀၂၄ အရ တရားဝင်မှတ်ပုံ တင်သွင်းထားရှိခဲ့ပြီးဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးထူးဇော်နိုင်
Managing Director
MYANMAR YUXING COMPANY LIMITED
Office-အမှတ်လ၁၀/၁၀၉ ၊ ၆၄လမ်းနှင့်၁၁၅လမ်းကြား ၊ မန္တလေးမြို့။
ဖုန်း 09-402070213 , 09-2266685728 , 09-9755572293

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ချမ်းမြသာစည်မြို့နယ်၊အမှတ်(၁)စလေပရဟိတဘုန်းတော်ကြီးသင်ပညာရေး(တွဲဖက်) အထက်တန်းကျောင်း၊ Grade-12 မှ စိုင်းဖုန်းနုမ် (ဘ) ဦးဆန်ကျော်၏ အမည်မှန်မှာ **စိုင်းဖုန်းနွံ** ဖြစ်ပါကြောင်း။

**စိုင်းဖုန်းနွံ**

## ပျောက်ဆုံးကြောင်း

ကွတ်ခိုင်မြို့နယ်၊ ၁၂ မိုင်စုစည်းရွာနေ မရန်ဆွေရ (ဘ) ဦးရန်တာရ (၁၃/ကခန(နိုင်)၁၂၀၅၁၂)၏ နိုင်ငံကူးလက်မှတ်အမှတ်- ME-607232 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-256023064.

## ဖခင်အမည်မှန်

သီပေါမြို့နယ်၊ နမ့်လန်မြို့၊ Star Crest Alpha SCA ကိုယ်ပိုင်မူလတန်းကျောင်း တတိယတန်းတွင် ပညာသင်ကြားနေသော မောင်နေယံလင်း၏ ဖခင်အမည်မှန်မှာ **ဦးချစ်လှိုင်ထွန်း** ဖြစ်ပါကြောင်း။

**ဦးချစ်လှိုင်ထွန်း**
(၈/ပခက(နိုင်)၂၁၅၃၄၆)

- ❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
- ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။


# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲများတွင် ထူးချွန်စွာအောင်မြင်ခဲ့သော တပ်မတော်(ကြည်း၊ရေ၊လေ)မှ ကျောင်းသား၊ ကျောင်းသူများ၊ အုပ်ထိန်းသူမိဘများ နေပြည်တော်ရှိ အထင်ကရနေရာများကို သွားရောက်လေ့လာ

နေပြည်တော် စက်တင်ဘာ ၃

၂၀၂၅ – ၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့သော

စာမျက်နှာ ၁၉ ကော်လံ ၁ ❖



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲများတွင် ထူးချွန်စွာအောင်မြင်ခဲ့သော တပ်မတော်(ကြည်း၊ရေ၊လေ)မှ ကျောင်းသား၊ ကျောင်းသူများ၊ အုပ်ထိန်းသူမိဘများ ဖူးမြော်ကြည်ညိုကြစဉ်။

## ရတနာပုံ ယနေ့ဖတ်စရာ

ဝဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရေဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့်ကျေးရွာအချို့ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့်တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ စာမျက်နှာ - ၁၇

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၃

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ နေ့လယ်ပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်ရှိ

စာမျက်နှာ ၂၁ ကော်လံ ၁ ☆

ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။



# 2027 AFC U 20 Asian Cup အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(K)ခြေစစ်ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၃

2027 AFC U 20 Asian Cup အမျိုးသားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်များ၏ အုပ်စု(K) ပွဲစဉ်များကို ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၆ ရက်ထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိပြီး ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ စက်တင်ဘာ ၆ ရက် ညနေ ၄ နာရီတွင် မြန်မာအမျိုးသားအသင်းနှင့် မော်လ်ဒိုက်အမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားကြပုံများကို ယင်းနေ့ ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်ပြီး MRTV HD Channel၊ MRTV Sports Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အာရှယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုဒုတိယပွဲစဉ်တွင် မြန်မာအသင်းက ဘရူနိုင်းအသင်းကို ခုနစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ

ရန်ကုန် စက်တင်ဘာ ၃

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် အာရှယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုဒုတိယပွဲစဉ်အဖြစ် ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ မြန်မာအသင်းနှင့် ဘရူနိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းက ခုနစ်ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၂၁ ကော်လံ ၁ ●



အာရှယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုဒုတိယပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ဘရူနိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

# ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသား သုံးယောက်တွဲပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ စတင်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၃

အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနကကြီးမှူး၍ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့နှင့် ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ကျင်းပသည်။

ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသား သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက

စာမျက်နှာ ၂၁ ကော်လံ ၁ ◆



၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသား သုံးယောက်တွဲပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

## ရတနာပုံ ယနေ့ဖတ်စရာ

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ “ကိုကိုနှင့်ညီညီ” လျှပ်စစ်ပစ္စည်းဆိုင်ကို သေနတ်ပြခြိမ်းခြောက်၍ လုယက်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသား ငါးဦး၊ အမျိုးသမီး တစ်ဦးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ စာမျက်နှာ - ၂၃